မြန်မာ့အလင်း
အတွဲ (၅၄)
အမှတ် (၉၀)
၁၂၇၅ ခုနှစ်က တည်ထောင်သည်။
Established in 1914
Myanma Alinn Daily
၁၃၇၆ ခုနှစ်၊ ပြာသိုလဆန်း ၉ ရက်
၂၀၁၄ ခုနှစ်၊ ဒီဇင်ဘာ ၂၉ ရက်၊ တနင်္လာနေ့။

**မိတ်ဆွေစစ် လေးမျိုး**

* မိမိအား ကျေးဇူးပြုသူ မိတ်ဆွေစစ်၊
* ချမ်းသာဆင်းရဲ အတူဖြစ်သူ မိတ်ဆွေစစ်၊
* အကျိုးစီးပွားကို ညွှန်ပြတတ်သော ဆရာနှင့်တူသူ မိတ်ဆွေစစ်၊
* ညှာညှာတာတာ စောင့်ရှောက်တတ်သူ မိတ်ဆွေစစ်။

# တောင်သူလယ်သမားများ၏ အခွင့်အရေးများ အပြည့်အဝရရှိရေး ဘက်ပေါင်းစုံမှ ဖြည့်ဆည်းဆောင်ရွက်

**မကွေး ဒီဇင်ဘာ ၂၈**

မကွေးတိုင်းဒေသကြီး မကွေး၊ မင်းဘူး၊ သရက်၊ ပခုက္ကူနှင့် ဂန့်ဂေါခရိုင်တို့အတွင်းရှိ မြို့နယ်များမှ တောင်သူလယ်သမားကြီးများ စုစုပေါင်း ၆၀၀၀ ကျော်တက်ရောက်ကြသည့် တောင်သူလယ်သမားရေးရာလူထုတွေ့ဆုံပွဲ အခမ်းအနားကို ယနေ့နံနက် ၈ နာရီခွဲတွင် မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့ စန္ဒကူးနံ့သာကျောင်းတော်ရာ စေတီတော်မြတ်ကြီးအနီးရှိ ကျောင်းတော်ရာကွင်း၌ ကျင်းပရာ ပြည်ထောင်စုလွှတ်တော်နာယက ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း တက်ရောက်အမှာစကားပြောကြားသည်။

အခမ်းအနားတွင် သဘာပတိ မကွေးတိုင်းဒေသကြီးလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးစောဝင်းမောင်က အဖွင့်အမှာစကား ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုလွှတ်တော်နာယက ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းကိုယ်စား ပြည်သူ့လွှတ်တော်နိုင်ငံသားများ၏ မူလအခွင့်အရေး၊ ဒီမိုကရေစီအရေးနှင့် လူ့အခွင့်အရေးဆိုင်ရာကော်မတီဥက္ကဋ္ဌ ဦးဌေးဦးက နှုတ်ခွန်းဆက်အမှာစကားပြောကြားရာတွင် တောင်သူလယ်သမားများသည် အရေအတွက်အရလည်းကောင်း၊ နိုင်ငံအတွင်းပျံ့နှံ့နေထိုင်မှုများအရ လည်းကောင်း၊ နိုင်ငံအတွက်အရေးပါသည့်စိုက်ပျိုးထုတ်လုပ်မှုများအရ လည်းကောင်း၊ ကြီးမားကျယ်ပြန့်သည့် အခြေခံလူတန်း စားတစ်ရပ်အဖြစ် တည်ရှိနေခြင်းဖြစ်ပါကြောင်း၊

*စာမျက်နှာ ၈ ကော်လံ ၁*

# မြန်မာနိုင်ငံ၌ ဉာဏ်တော်အမြင့်ဆုံး ဆင်းတုတော်ကြီးထုလုပ်ရန် ကျောက်တော်ကြီးသယ်ဆောင်မည်

အေးမြ(မန္တလေး)



မန္တလေး ဒီဇင်ဘာ ၂၈

**နေပြည်တော် မောင့်ပလဲဆင့်ဟိုတယ်အနီး အောင်မောင်ဦးတောင်ညွန့်၌ တည်ထားကိုးကွယ်မည့် မဟာသကျရုံသီ ရုပ်ရှင်တော်မြတ်ကြီးထုလုပ်ရန် စကျင်ကျောက်တော်ကြီးကို ၂၀၁၅ ခုနှစ် ဇန်နဝါရီ ၁ ရက် နံနက် ၈ နာရီ ၁၀ မိနစ်တွင် စကျင်ကျေးရွာမှ နေပြည်တော်သို့ စတင်သယ်ယူမည်ဖြစ်သည်။**

မဟာသကျရုံသီရုပ်ရှင်တော်မြတ်ကြီးကို ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေ အာနန္ဒာဘုရားတောင်ဘက်မုခ်ရှိရုပ်တော်မူဘုရားပုံတော်အတိုင်း ပုံစံတူ၊ အရွယ်တူ ထုလုပ်သွားမည် ဖြစ်ကြောင်းသိရသည်။ ကျောက်တော်ကြီးကို စကျင်ကျေးရွာ၌ အကြမ်းထုလုပ်ပြီး အချောသတ်လုပ်ငန်းများကို နေပြည်တော်၌ ကျောက်ဆစ်ပညာရှင်များနှင့် ကွန်ပျူတာနည်းပညာရှင်များအတူပူးပေါင်းကာ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။ ဆင်းတုတော်ကြီး ထုလုပ်မည့် ကျောက်တော်ကြီးသည် အလျား ၄၅ ပေ၊ အနံ ၁၃ ပေခွဲနှင့် အမြင့် ၈ ပေရှိကာ အလေးချိန် တန် ၁၃၀ ခန့်ရှိကြောင်း ကျွမ်းကျင်သူများက ခန့်မှန်းထားသည်။ ဘုရားကြီး တည်ထားပြီးပါက မြန်မာနိုင်ငံတွင် ဉာဏ်တော်အမြင့်ဆုံး စကျင်ကျောက်ဆင်းတုတော်ကြီး ဖြစ်လာမည်ဖြစ်သည်။

ဆင်းတုတော်ကြီး ထုဆစ်ခြင်းလုပ်ငန်းကို မန္တလေးမြို့ ပန်းတော်မူ ကျောက်ဆစ်လုပ်ငန်းမှ ကျောက်ဆစ်ပညာရှင် ဦးခင်ဇော်နှင့်အဖွဲ့က တာဝန်ယူဆောင်ရွက်မည်ဖြစ်သည်။ ကျောက်တော်ကြီးကို စကျင်ကျေးရွာမှ နေပြည်တော်အချောထည်ဆောင်ရွက်ရမည့်နေရာအထိ ပို့ဆောင်ခြင်း၊ အချောထည်ပြီးချိန်တွင် ဘုရားတည်မည့် တောင်ညွန့်ပေါ်အထိပို့ဆောင်ခြင်း၊ ဆင်းတုတော်ကြီး ထောင်မတ်ပေးခြင်းလုပ်ငန်းများကို ဆင်နှစ်ကောင်မိသားစုကုမ္ပဏီက ဆောင်ရွက်ပေးမည်ဖြစ်သည်။

အဆိုပါ လုပ်ငန်းများအတွက် ကျပ်သိန်းသုံးထောင်ခန့် ကုန်ကျမည်ဖြစ်ပြီး ကုန်ကျစရိတ်အားလုံးကို ဆင်နှစ်ကောင်မိသားစုက လှူဒါန်းခြင်းဖြစ်ကြောင်းသိရသည်။ ကျောက်တော်ကြီးကို ဦးအောင်ခိုင်သန်း-ဒေါ်တိုးတိုးနွယ် (ခတ်သတ္တုတူးဖော်ရေးလုပ်ငန်း)တို့က လှူဒါန်းခြင်း ဖြစ်ကြောင်း သိရသည်။

*စာမျက်နှာ ၇ ကော်လံ ၅*



စကျင်ကျောက် ဆင်းတုတော်ကြီး အကြမ်းထုလုပ်ပြီးစီးမှုကို တွေ့ရစဉ်။

ဆင်းတုတော်ကြီး တင်ဆောင်မည့် ဘီး ၁၂၂ လုံးပါ **Heavy Modular Trailer** ယာဉ်ကြီးကို တွေ့ရစဉ်။

**ကြော်ငြာအချပ်ပိုပါရှိ**

ယနေ့ထုတ် မြန်မာ့အလင်းသတင်းစာတွင် ရောင်စုံကြော်ငြာအချပ်ပို လေးမျက်နှာနှင့် အဖြူအမည်းရှစ်မျက်နှာ ပါရှိပါသည်။




မြန်မာ့အလင်း အယ်ဒီတာ့အာဘော်

# မူးယစ်ဆေးဝါးထိန်းချုပ်ရေးအရှိန်မြှင့်တင်

ကိုလိုနီတို့အနေဖြင့် တစ်မျိုးသားလုံးအား လူညွှန့်တုံးစေသည့် ဘိန်းစိုက်ပျိုးထုတ်လုပ်မှုကို မြန်မာနိုင်ငံ၌ အသက်သွင်းပေးခဲ့ရာမှ လူသူအရောက်အပေါက်နည်းသော နယ်စပ်ဒေသရှိ တိုင်းရင်းသားအချို့သည် ဘိန်းစိုက်ပျိုးမှုသံသရာအတွင်း နှစ်ပေါင်းများစွာ ကျင်လည်ခဲ့ရပေသည်။ ယခုအခါ ကမ္ဘာ့လူသား တစ်ရပ်လုံးကို ဆိုးကျိုးဒုက္ခပေးနေသည့် မူးယစ်ဆေးဝါးအန္တရာယ်ကို ကမ္ဘာမှာရော မြန်မာမှာပါ ပပျောက်ရေးလုပ်ငန်း အရှိန်အဟုန်မြှင့်တင် တိုက်ဖျက်လျက်ရှိပေသည်။

မြန်မာနိုင်ငံ၌ မူးယစ်ဆေးဝါးပပျောက်ရေး ကြိုးပမ်းမှု၏ သမိုင်းမှတ်တိုင်တစ်ခုအဖြစ် ၂၀၀၆ ခုနှစ်မှစပြီး ခုနစ်နှစ်ဆက်တိုက် မြှင့်တင်လာခဲ့ရာ အစိုးရသက်တမ်းကာလ ၂၀၁၄ ခုနှစ်တွင် ဘိန်းစိုက်ပျိုးမှုကို စတင်ထိန်းချုပ်နိုင်ခဲ့ပြီဖြစ်သည်။ ၂၀၁၃ ခုနှစ်က ဘိန်းစိုက်ပျိုးဧရိယာ ၅၇၈၀၀ ဟက်တာရှိခဲ့ရာမှ ယခုနှစ်တွင် ၅၇၆၀၀ ဟက်တာထိ ဟက်တာ ၂၀၀ လျော့ချနိုင်ခဲ့ပြီဖြစ်သည်။ ထို့အတူ ထုတ်လုပ်မှုအနေဖြင့်လည်း ယခင်နှစ်က တန် ၈၇၀ ထုတ်လုပ်ခဲ့ရာမှ ယခုနှစ်တွင် တန် ၆၇၀ သို့ လျော့ချပြီး ၂၃ ရာခိုင်နှုန်းခန့် လျော့ချနိုင်ခဲ့သဖြင့် မူးယစ်ဆေးဝါးပပျောက်ရေး အစီအစဉ်သည် သိသိသာသာ တိုးတက်မှုများရှိခဲ့ပါသည်။ တစ်နည်းအားဖြင့် စိုက်ပျိုးမှုနှင့် ထုတ်လုပ်မှုကို တစ်ပြိုင်တည်း လျော့ကျအောင် ဆောင်ရွက်နိုင်ခဲ့ခြင်းဖြစ်ပါသည်။

ဘိန်းစိုက်ပျိုးထုတ်လုပ်မှု လျော့ကျအောင် အဓိကစွမ်းဆောင်နိုင်မှုတစ်ရပ်မှာ ဘိန်းအစားထိုးသီးနှံများ စိုက်ပျိုးနိုင်အောင် စီစဉ်ဆောင်ရွက်ပေးခြင်းပင်ဖြစ်ပါသည်။ ဘိန်းအစားထိုးဖွံ့ဖြိုးရေး စီမံကိန်းများ ပူးပေါင်းဆောင်ရွက်မှုအနေဖြင့် UNODC နှင့် ပူးပေါင်းပြီး ရှမ်းပြည်နယ်(တောင်ပိုင်း) လွိုင်လင်၊ ဟိုပုံး၊ ပင်လုံမြို့နယ်များရှိ စီမံကိန်းသုံးခုကို ဆောင်ရွက်လျက်ရှိပြီး မကြာမီက လက်မှတ်ရေးထိုးခဲ့သည့် ၂၀၁၄-၂၀၁၇ ခုနှစ် မြန်မာနိုင်ငံ Country Programme အရလည်း အစားထိုးဖွံ့ဖြိုးရေး လုပ်ငန်းများကို တိုးမြှင့်ဆောင်ရွက်သွားရန် အစီအစဉ်များရေးဆွဲလျက်ရှိပါသည်။

ထို့အပြင် တာချီလိတ်၊ မိုင်းဆတ်ဒေသတွင် အစားထိုးဖွံ့ဖြိုးရေးစီမံကိန်းတစ်ခုကို ထိုင်းနိုင်ငံနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိပါသည်။ အစားထိုးစီမံကိန်းဧရိယာများ တိုးချဲ့ဆောင်ရွက်သွားရေးကို နှစ်နိုင်ငံသဘောတူညီချက် ရရှိထားပြီဖြစ်ပါသည်။ တာမိုးညဲ၊ ကောင်းခါးဒေသတွင် စီမံကိန်းများစတင်ရန် တရုတ်နိုင်ငံနှင့်လည်း ညှိနှိုင်းမှုများ ပြုလုပ်နေပြီဖြစ်ပါသည်။ ဤသို့ဘိန်းစိုက်ပျိုးထုတ်လုပ်မှုကိုလျော့ကျအောင် အဘက်ဘက်မှ ဆောင်ရွက်နေသကဲ့သို့ မူးယစ်ဆေးဝါးရောင်းဝယ်ဖောက်ကားမှုနှင့် သုံးစွဲမှုတို့ကိုလည်း ထိန်းချုပ်နိုင်အောင် ဥပဒေအရအရေးယူဆောင်ရွက်မှုများလည်း နိုင်ငံတစ်ဝန်းမြှင့်တင်ကြိုးပမ်းလျက်ရှိပါသည်။ သို့ပါ၍ ဘိန်းစိုက်ပျိုးထုတ်လုပ်မှု တဖြည်းဖြည်းထိန်းချုပ်နိုင်အောင် ကြိုးပမ်းလျက်ရှိရာမှ ပြည်သူတစ်ရပ်လုံးပူးပေါင်းပါဝင်မှုဖြင့် လုံးဝချုပ်ငြိမ်းပပျောက်သွားအောင် အရှိန်အဟုန်မြှင့်တင်လျက် ဝိုင်းဝန်းကြိုးပမ်းအားထုတ်ကြရမည်ဖြစ်ပါကြောင်း။ ။

ပြည်တွင်းသတင်း



## နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်သွားနိုင်မည့် အလားအလာများကို ရင်းရင်းနှီးနှီးဆွေးနွေး

**နေပြည်တော် ဒီဇင်ဘာ ၂၈**

ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းထွန်းအား ဂျပန်နိုင်ငံ Sapporo မြို့ ဒုတိယမြို့တော်ဝန် Mr. Noriaka Ikushima ဦးဆောင်သောအဖွဲ့သည်။ ဒီဇင်ဘာ ၂၆ ရက် နံနက်ပိုင်းက အဆိုပါဝန်ကြီးရုံး၌ လာရောက်တွေ့ဆုံဆွေးနွေးသည်။

ဆွေးနွေးပွဲသို့ ဒုတိယဝန်ကြီး ဦးအေးမြင့်မောင်၊ ဒေါက်တာ သက်သက်ဇင်နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

တွေ့ဆုံဆွေးနွေးရာတွင် မြန်မာနိုင်ငံနှင့် ဂျပန်နိုင်ငံတို့၏ နှစ်နိုင်ငံ သံတမန်ဆက်ဆံခြင်း နှစ်(၆၀)ပြည့် အထိမ်းအမှတ်အဖြစ် ရန်ကုန်တိရစ္ဆာန်ဥယျာဉ်နှင့် ဂျပန်နိုင်ငံ Sapporo Maruyama တိရစ္ဆာန်ဥယျာဉ် အကြား တိရစ္ဆာန်များ အပြန်အလှန် လဲလှယ်ရေး အစီအစဉ်နှင့်ပတ်သက်၍ ဆောင်ရွက်သွားမည့်ကိစ္စရပ်များ၊ Sapporo Maruyama တိရစ္ဆာန်ဥယျာဉ်အနေဖြင့် ရန်ကုန်တိရစ္ဆာန်ဥယျာဉ်တွင် တိရစ္ဆာန်များကို အများပြည်သူအား ပြသခြင်း၊ ပညာပေးခြင်း၊ တိရစ္ဆာန်များ သိပ္ပံနည်းကျထိန်းသိမ်းခြင်း၊ မျိုးရိုးဗီဇထိန်းသိမ်းပြီး မျိုးဆက်စေခြင်းဆိုင်ရာ နည်းပညာများ အကူအညီပေးမည့် အစီအစဉ်၊ မြန်မာနိုင်ငံအနေနှင့် အခြားနိုင်ငံများအကြား တိရစ္ဆာန်လဲလှယ်ပြီး အများပြည်သူအား ပြသနိုင်မှုအခြေအနေ၊ မြန်မာနိုင်ငံရှိ တောဆင်ရိုင်းများ ကျက်စားမှုနှင့် ဆင်ဘေးမဲ့တောများ တည်ထောင်၍ ထိန်းသိမ်းစောင့်ရှောက်ထားရှိမှု၊ ယဉ်ပါးပြီး ဆင်များ (Domesticated Elephants) မွေးမြူစောင့်ရှောက်ထားမှု အခြေအနေ အစဉ်အလာအရ ဆင်များအပေါ် အလေးအမြတ်ထားမှု၊ မြန်မာနိုင်ငံ ဆင်ထိန်းသိမ်းရေး စီမံချက် (Elephant Conservation Action Plan) ရေးဆွဲဆောင်ရွက်သွားမည့် အစီအစဉ်၊ နောင်အနာဂတ်ကာလတွင် နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်သွားနိုင်မည့် အလားအလာများကို ရင်းရင်းနှီးနှီး ဆွေးနွေးညှိနှိုင်းကြသည်။

ရန်ကုန်တိရစ္ဆာန်ဥယျာဉ်နှင့် Sapporo Maruyama တိရစ္ဆာန်ဥယျာဉ်အကြား မြန်မာနိုင်ငံမှ ဆင်နှင့် ဂျပန်နိုင်ငံဘက်မှ သစ်ကုလားအုပ်၊ မြင်းကျား၊ ဖလင်းမင်းဂိုငှက် (Flamingo) အပါအဝင် အခြားရှားပါးတိရစ္ဆာန်များကို အပြန်အလှန် လဲလှယ်သွားနိုင်ရန် စီစဉ်လျက်ရှိကြောင်း သိရသည်။

**(မြန်မာ့အလင်း)**

## သင်ကြားမှုဆိုင်ရာ စာချွန်လွှာလက်မှတ်ရေးထိုး

**မိတ္ထီလာ ဒီဇင်ဘာ ၂၈**

ဂျပန်နိုင်ငံ ဂီဖုတက္ကသိုလ် (GiFu University ) အပါအဝင် နိုင်ငံပေါင်း ၁၃ နိုင်ငံရှိ တက္ကသိုလ်များနှင့် မိတ္ထီလာတက္ကသိုလ်တို့အကြား အပြန်အလှန် ပညာရေး လေ့လာသင်ကြားရေးဆိုင်ရာ နားလည်မှုစာချွန်လွှာကို လက်မှတ်ရေးထိုးပြီးစီးကြောင်း မိတ္ထီလာတက္ကသိုလ်တာဝန်ခံပါမောက္ခချုပ် ဒေါက်တာ ကိုကိုကျော်စိုးထံက သိရသည်။

"ပြီးခဲ့တဲ့ ဒီဇင်ဘာ ၁၇ ရက်နဲ့ ၁၈ ရက်က ဂျပန်နိုင်ငံ ဂီဖုတက္ကသိုလ်မှာ နိုင်ငံတကာတက္ကသိုလ်များအကြား အပြန်အလှန် ပညာရေးလေ့လာ သင်ကြားရေးဆိုင်ရာ နားလည်မှုစာချွန်လွှာကို လက်မှတ်ရေးထိုးခဲ့တာပါ။ ဂျပန်၊ အမေရိကန်၊ တရုတ်၊ အိန္ဒိယ၊ သြစတြေးလျ၊ မလေးရှား၊ အင်ဒိုနီးရှား၊ ဗီယက်နမ်၊ အရှေ့တီမော၊ ဘရူနိုင်း၊ ကိုရီးယား၊ ဟန်ဂေရီ၊ ဘရာဇီးလ်နိုင်ငံပေါင်း ၁၃ နိုင်ငံက တက္ကသိုလ်တွေအကြား နားလည်မှုစာချွန်လွှာရေးထိုးကြတာပါ။ မြန်မာနိုင်ငံအပါအဝင်ဆိုရင်တော့ ၁၄ နိုင်ငံပေါ့။ မြန်မာနိုင်ငံက မိတ္ထီလာတက္ကသိုလ်နဲ့ ရတနာပုံတက္ကသိုလ်တို့ ပါဝင်လက်မှတ်ရေးထိုးခဲ့ပါတယ်" ဟု ၄င်းက ပြောသည်။

ယင်းနားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးမှု၌ နိုင်ငံအလိုက် တက္ကသိုလ်များ ပါဝင်လက်မှတ်ရေးထိုးမှုမှာ ဂျပန် ၁၊ အမေရိကန် ၁၊ တရုတ် ၁၊ အိန္ဒိယ ၁၊ သြစတြေးလျ ၂၊ မလေးရှား ၃၊ အင်ဒိုနီးရှား ၆၊ ဗီယက်နမ် ၁၊ အရှေ့တီမော ၁၊ ဘရူနိုင်း ၁၊ ကိုရီးယား ၂၊ ဟန်ဂေရီ ၁၊ ဘရာဇီးလ် ၁၊ မြန်မာ ၂ ဖြစ်ပြီး နိုင်ငံပေါင်း ၁၄ နိုင်ငံမှ တက္ကသိုလ် ၂၄ ခုပါဝင်သည်။

အဆိုပါ နိုင်ငံတကာတက္ကသိုလ်များအကြား အပြန်အလှန် ပညာလေ့လာသင်ကြားရေး အစီအစဉ်များတွင် ပညာရပ်ဆိုင်ရာ သဘောတရားနားလည်မှုနှင့် တက္ကသိုလ်အချင်းချင်း ပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်ဆောင်ရွက်သွားရန်၊ ကျောင်းသားများ နိုင်ငံခြားပညာသင်ယူရေး အစီအစဉ်များ၊ ဆရာဆရာမများ အပြန်အလှန်ဖလှယ်ခြင်းနှင့် သုတေသနလုပ်ငန်းများ ပူးပေါင်းဆောင်ရွက်သွားရန်၊ ပညာရေးဆိုင်ရာ သုတေသနကွန်ရက်တစ်ခု တည်ထောင်သွားရန် စသည့် ကဏ္ဍလေးခုပါဝင်ကြောင်း သိရသည်။

**ချမ်းသာ (မိတ္ထီလာ)**



အရိုးအကြော၊ အဆစ်နှင့်ထိခိုက်ရှနာ ခွဲစိတ်ကုသမှုအစီအစဉ်
PUN HLAING HOSPITAL
ထိုင်ဝမ်မှ အရိုးအကြောအဆစ်ဆိုင်ရာခွဲစိတ်ဆရာဝန်ကြီးကိုယ်တိုင်
ပန်းလှိုင်ဆေးရုံတွင်
ဒီဇင်ဘာလ ၂၆ ရက်မှ
ဇန်နဝါရီလ ၁၂ ရက်နေ့အထိ
တနင်္လာ၊ ဗုဒ္ဓဟူး၊ သောကြာ နေ့များတွင်
နံနက် ၉ နာရီမှ နေ့လယ် ၁၂ နာရီအထိ
FMI Centre
marketing-phh@spa-mm.com
punhlainghospital.yangon

ပြည်တွင်းသတင်း

# ခေတ်မီတပ်မတော်တည်ဆောက်ရေး စစ်သည်တိုင်းကိုယ်စီအသိစိတ်ဓာတ်ဖြင့် ဝိုင်းဝန်းကြိုးစားလုပ်ဆောင်



**နေပြည်တော် ဒီဇင်ဘာ ၂၈**

ကြီးမားသော တာဝန်တစ်ရပ်ဖြစ်သည့် နိုင်ငံတော်ကာကွယ်ရေးတာဝန်ကိုထမ်းဆောင်နေရသည့် တပ်မတော်သည် ထူးခြားသောဝိသေသများရှိသည့် အဖွဲ့အစည်းဖြစ်ကြောင်း၊ မိမိသဘောဆန္ဒအလျောက် တပ်မတော်တွင် ဝင်ရောက်အမှုထမ်းခြင်း၊ လုပ်ငန်းတာဝန်ထမ်းဆောင်ရာတွင် ပင်ပန်းဆင်းရဲမှု၊ ဒုက္ခများစွာ ရင်ဆိုင်ရမည့်အပြင် လိုအပ်ပါက အသက်ပင်ပေးရမည်ကို သိရှိသော်လည်း မွန်မြတ်သည့်စိတ်ဓာတ်ဖြင့် ကြည်ဖြူစွာ တာဝန်ထမ်းဆောင်ကြခြင်း၊ နယ်စပ်ဒေသ အစွန်အဖျားမကျန် နိုင်ငံအနှံ့အပြား၌ ကျရာတာဝန်ကို သွားရောက်ထမ်းဆောင်ရခြင်း၊ လွတ်လပ်ရေးကြိုးပမ်းမှုမှသည် ယနေ့တိုင်အောင် တပ်မတော်၏သမိုင်းနှင့် နိုင်ငံတော်သမိုင်း တစ်ဆက်တစ်စပ်တည်းရှိနေခြင်းစသည့် ထူးခြားသောဝိသေသများရှိသည့် သမိုင်းကြောင်းအစဉ်အလာနှင့် ဂုဏ်သိက္ခာကို ဆက်လက်ထိန်းသိမ်းရန်လည်း တာဝန်ရှိကြောင်းဖြင့် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က ယနေ့နံနက်ပိုင်းတွင် မြိတ်တပ်နယ်နှင့် မွန်းလွဲပိုင်းတွင် ဘုတ်ပြင်းမြို့နယ် ကရသူရိမြို့နယ်ခွဲရှိ ကျောက်ထနောင်း တပ်နယ်တို့မှ အရာရှိ၊ စစ်သည်၊ မိသားစုများအား သက်ဆိုင်ရာ တပ်နယ်ခန်းမများ၌ တွေ့ဆုံ၍ အမှာစကားပြောကြားရာတွင် ထည့်သွင်းပြောကြားခဲ့သည်။

အဆိုပါတွေ့ဆုံပွဲသို့ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ကြီး သူရသက်ဆွေ၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဗိုလ်ချုပ်ကြီး ခင်အောင်မြင့်၊ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)မှ တပ်မတော်အရာရှိကြီးများ၊ ကမ်းရိုးတန်းဒေသ တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ခင်မောင်ဌေး၊ တပ်နယ်အသီးသီးမှ အရာရှိ၊ စစ်သည်၊ မိသားစုများ တက်ရောက်ကြသည်။

တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က အမှာစကားပြောကြားရာတွင် စစ်ရေး၊ စည်းရုံးရေး၊ အုပ်ချုပ်ရေးဆိုသည့် စွမ်းရည်သုံးရပ်ပြည့်ဝထက်မြက်မှုသည် နိုင်ငံတော်ကာကွယ်ရေးတာဝန် ထမ်းဆောင်နေသည့် တပ်မတော်အတွက် လွန်စွာအရေးကြီးကြောင်း၊ လူတိုင်းသည် စွမ်းရည်ရှိရန်လိုကြောင်း၊ ယင်းကဲ့သို့ တစ်ဦးချင်းစွမ်းရည်များကို ပေါင်းစည်းခြင်းဖြင့် စွမ်းရည်ထက်မြက်သည့် တပ်မတော်တည်ဆောက်ရမည် ဖြစ်ကြောင်း၊ အမှတ်တမဲ့ နေထိုင်ခြင်းသည် တပ်မတော်၏ စွမ်းရည်သုံးရပ်ကို ထိခိုက်နိုင်၍ စစ်သည်အဆင့်အတန်းအားလုံးသည် အသိတရားရှိရှိဖြင့် ပြုမူကျင့်ကြံနေထိုင် လုပ်ကိုင်ကြရန်လိုကြောင်း၊ နယ်စပ်ဒေသလုံခြုံရေးနှင့်ပတ်သက်၍ ထိရောက်စွာကာကွယ်စောင့်ရှောက်ရမည် ဖြစ်ကြောင်း၊ ဘာသာရေးအစွန်းရောက်များ၏အန္တရာယ်နှင့် တရားမဝင်လူဝင်မှုကိစ္စရပ်များအား အမျိုးသားရေးအမြင်ဖြင့် ထိန်းသိမ်းစောင့်ရှောက်ရေး၊ မြေသယံဇာတ၊ ရေသယံဇာတများ တရားမဝင်ခိုးထုတ်ရောင်းဝယ်မှုမရှိစေရေး ထိရောက်စွာကာကွယ်ပေးရေး အလေးထားဆောင်ရွက်ကြရန်လိုကြောင်း၊ အစဉ်အလာသမိုင်းကြောင်းအရ တပ်မတော်၏အသက်သည် စည်းကမ်းဖြစ်၍ တပ်မတော်သားများသည် အခြားသူများထက်ပို၍ ထုတ်ပြန်ထားသည့် ဥပဒေ၊ စည်းမျဉ်း၊ စည်းကမ်းများနှင့် ညီညွတ်စွာ လိုက်နာဆောင်ရွက်ရမည် ဖြစ်ကြောင်း၊ နိုင်ငံတော်ကာကွယ်ရေးအတွက် ခေတ်မီတပ်မတော်တစ်ရပ် တည်ဆောက်ရေးလမ်းကြောင်း ရေစီးကြောင်းတွင် စစ်သည်တိုင်းကိုယ်စီအသိစိတ်ဓာတ်ဖြင့် ဝိုင်းဝန်းကြိုးစားအားထုတ်လုပ်ဆောင်ရန် တိုက်တွန်းလိုကြောင်း၊ စည်းရုံးရေးဆိုသည်မှာ အင်အား တည်ဆောက်ခြင်းပင်ဖြစ်ကြောင်း၊ တပ်မတော်၏ထူးခြားသည့် ဝိသေသလက္ခဏာတစ်ရပ်မှာ အရာရှိစစ်သည်များတာဝန်ကျရာ တပ်ရင်း/တပ်ဖွဲ့များတွင် ရဲမေမိသားစုများပါ အတူ လိုက်ပါနေထိုင်ကြခြင်းပင်ဖြစ်ကြောင်း၊ တပ်မတော်အနေဖြင့် စစ်သည်မိသားစုအားလုံး၏ စားသောက်နေထိုင်မှု၊ သွားလာမှု၊ ကျန်းမာရေး၊ ပညာရေး၊ လူမှုရေးကိစ္စအဝဝကို ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိကြောင်း၊ တပ်မတော်သားများသည် မြန်မာနိုင်ငံတစ်နံတစ်လျားမှ ဝင်ရောက်အမှုထမ်းကြသူများဖြစ်သကဲ့သို့ ရဲမေများသည်လည်း အလားတူပင်ဖြစ်၍ ညီအစ်ကိုမောင်နှမသဖွယ် မိသားစုစိတ်ဓာတ်ဖြင့် စည်းလုံးညီညွတ်စွာ နေထိုင်ကြရန်လိုကြောင်း၊ တပ်မတော်စည်းရုံးရေးကော်မတီ အဆင့်ဆင့်သည် လုပ်ငန်းစဉ်များလက်အောက်သို့ အမိန့်ပေးစေခိုင်းခြင်းမျိုးမဟုတ်ဘဲ စည်းရုံးရေးနည်းလမ်းဖြင့် ကိုယ်တိုင်အသိစိတ်ဓာတ်နှင့် လိုက်ပါလုပ်ဆောင်စေရန်သာဖြစ်ကြောင်း၊ မိသားစုစည်းရုံးရေးနှင့် စည်းကမ်းထိန်းသိမ်းရေးကော်မတီအနေဖြင့် မိသားစုရေးရာကိစ္စများတွင် စည်းရုံးရေးလုပ်ငန်းသက်သက်ဖြင့်သာ ပါဝင်ဆောင်ရွက်ရမည်ဖြစ်ကြောင်းဖြင့် မှာကြားခဲ့သည်။

အမှာစကားပြောကြားအပြီးတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က မြိတ်တပ်နယ် တပ်မတော်အထက်တန်းကျောင်းအတွက် ကွန်ပျူတာနှင့် ဆက်စပ်ပစ္စည်းများပေးအပ်ရာ တိုင်းမှူး ဗိုလ်ချုပ်ခင်မောင်ဌေးက လည်းကောင်း၊ ကျောက်ထနောင်းတပ်နယ်အတွက် လက်ဆောင်ပစ္စည်းများနှင့် စားသောက်ဖွယ်ရာများပေးအပ်ရာ ဒုတိယဗိုလ်မှူးကြီး ကျော်ကျော်သန်းက လည်းကောင်း လက်ခံရယူသည်။

ထို့နောက် ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများက အားကစားပစ္စည်းများ၊ စာအုပ်စာစောင်များနှင့် လက်ဆောင်ပစ္စည်းများအားပေးအပ်ရာ တပ်နယ်အလိုက် ဒုတိယတိုင်းမှူးနှင့်တပ်ရင်း၊ တပ်ဖွဲ့မှူးများက လက်ခံရယူကြသည်။

ယင်းနောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် အခမ်းအနားသို့ တက်ရောက်လာသော အရာရှိ ၊စစ်သည်၊ မိသားစုများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ကြပြီး ကျောက်ထနောင်းတပ်နယ်ရှိ တပ်ရင်းများအား လှည့်လည်ကြည့်ရှုကြသည်။

ထို့အပြင် ယနေ့နံနက်ပိုင်းတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် မြိတ်တပ်နယ် တပ်မတော်ဆေးရုံသို့ သွားရောက်ကာ ဆေးရုံတက်ရောက်ကုသနေသော အရာရှိစစ်သည်များအားတွေ့ဆုံ၍ တစ်ဦးချင်း၏ရောဂါအခြေအနေများမေးမြန်းပြီး ရင်းရင်းနှီးနှီး နှုတ်ဆက်အားပေးစကားပြောကြားကာ စားသောက်ဖွယ်ရာနှင့် လက်ဆောင်ပစ္စည်းများ ပေးအပ်သည်။ **(အပေါ်ပုံ)**

ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ကုသရေးဆိုင်ရာနှင့် အုပ်ချုပ်မှုဆိုင်ရာ လိုအပ်ချက်များအပေါ် ပေါင်းစပ်ညှိနှိုင်း ဖြည့်ဆည်းပေးခဲ့ကြောင်း သတင်းရရှိသည်။

**(မြဝတီ)**

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ နေပြည်တော်သို့ ၂၀၁၅ ခုနှစ် ဇန်နဝါရီလ ၁၈ ရက် အရောက်သတင်းပို့ကြရန်

**နေပြည်တော် ဒီဇင်ဘာ ၂၈**

ပထမအကြိမ် ပြည်သူ့လွှတ်တော်(၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေးကို နေပြည်တော်ရှိ ပြည်သူ့လွှတ်တော်အစည်းအဝေးခန်းမ၌ ၂၀၁၅ခုနှစ်၊ ဇန်နဝါရီလ ၁၉ ရက် (တနင်္လာနေ့) နံနက် ၁၀ နာရီတွင်စတင်ကျင်းပရန် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကခေါ်ယူထားရာ အဆိုပါအစည်းအဝေးသို့တက်ရောက်ရန် ဖိတ်စာများကို ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များထံသို့ ပေးပို့ထားပါသည်။

ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအနေဖြင့် အစည်းအဝေးအတွက်လိုအပ်သည့် ပြင်ဆင်မှုများပြုလုပ်နိုင်ရန် ဖိတ်စာလက်ခံရရှိသည်ဖြစ်စေ၊ မရရှိသည်ဖြစ်စေ နေပြည်တော်ရုံးအမှတ်(၂၀)၊ လွှတ်တော်ရုံးသို့ ၂၀၁၅ခုနှစ်၊ ဇန်နဝါရီလ ၁၇ ရက် (စနေနေ့) ထက်မစော၊ ဇန်နဝါရီလ ၁၈ ရက် (တနင်္ဂနွေနေ့)ထက်နောက်မကျစေဘဲ သတင်းပို့ကြရန်ဖြစ်ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

## နေပြည်တော် အမျိုးသားလွှတ်တော်ရုံးသို့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ သတင်းပို့ကြရန်

**နေပြည်တော် ဒီဇင်ဘာ ၂၈**

ပထမအကြိမ် အမျိုးသားလွှတ်တော်(၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေးကို နေပြည်တော်ရှိ အမျိုးသားလွှတ်တော်အစည်းအဝေးခန်းမ၌ ၂၀၁၅ ခုနှစ်၊ ဇန်နဝါရီလ ၁၉ ရက် တနင်္လာနေ့ နံနက် ၁၀နာရီတွင်စတင်ကျင်းပရန် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကခေါ်ယူထားရာ အဆိုပါအစည်းအဝေးသို့တက်ရောက်ရန် ဖိတ်စာများကို အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များထံသို့ ပေးပို့ထားပါသည်။

အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များအနေဖြင့် အစည်းအဝေးဖိတ်စာ လက်ခံရရှိသည်ဖြစ်စေ၊ မရရှိသည်ဖြစ်စေ နေပြည်တော်ရှိ အမျိုးသားလွှတ်တော်ရေးရာဆောင် (I-19)သို့ ၂၀၁၅ ခုနှစ်ဇန်နဝါရီ ၁၇ ရက်ထက်မစော ၁၈ ရက်ထက်နောက်မကျစေဘဲ သတင်းပို့ကြရန်နှင့် ကိုယ်စားလှယ်အသိအမှတ်ပြုလွှာနှင့်ကိုယ်စားလှယ်စိစစ်ရေးကတ်ပြားတို့ကို ယူဆောင်လာကြရန် ပန်ကြားထားကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

## မိုးလေဝသ အခြေအနေ

**နေပြည်တော်နှင့် မန္တလေးမြို့တို့အနီးတစ်ဝိုက်တွင် ယနေ့ အများအားဖြင့် သာယာမည်။**

**ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။**

**နောက်နှစ်ရက်အတွက် ခန့်မှန်းချက်မှာ မြန်မာနိုင်ငံတောင်ပိုင်းဒေသများတွင် နေရာကွက်ကျား မိုးအနည်းငယ်ဆက်လက်ရွာနိုင်သည်။**

## ပြန်ကြားရေးဝန်ကြီးဌာန သတင်းထုတ်ပြန်ချက် ပုံနှိပ်ခြင်းနှင့်ထုတ်ဝေခြင်းလုပ်ငန်း အသစ်လျှောက်ထားခြင်းများနှင့် သက်တမ်းတိုးခြင်းများအား ခွင့်ပြုပေးနေမှုအခြေအနေ

ပြန်ကြားရေးဝန်ကြီးဌာနသည် ပြည်ထောင်စုအစိုးရ၏သဘောတူညီချက်ဖြင့် ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်းနည်းဥပဒေများကို အမိန့်ကြော်ငြာစာအမှတ် (၄၈/၂၀၁၄) ဖြင့် ၂၀၁၄ ခုနှစ်၊ အောက်တိုဘာလ ၁၀ ရက်နေ့တွင် ထုတ်ပြန်ခဲ့ပါသည်။ ပြန်ကြားရေးဝန်ကြီးဌာန စီမံခန့်ခွဲရေးကော်မတီက ပုံနှိပ်ခြင်းနှင့်ထုတ်ဝေခြင်းလုပ်ငန်း အသိအမှတ်ပြုလက်မှတ် အသစ်လျှောက်ထားခြင်း၊ ၁၉၆၂ ခုနှစ် ပုံနှိပ်သူများနှင့် ထုတ်ဝေသူများ မှတ်ပုံတင်ဥပဒေအရ ထုတ်ပေးထားသည့် မှတ်ပုံတင်သက်သေခံလက်မှတ်ရရှိထားသူများ၏ သက်တမ်းတိုးလျှောက်ထားခြင်း၊ လုပ်ငန်းအမည်ပြောင်းခြင်းနှင့် ပုံနှိပ်သူ/ထုတ်ဝေသူ အမည်ပြောင်းလျှောက်ထားခြင်းတို့ကို စီမံခန့်ခွဲရေးကော်မတီအစည်းအဝေးများဖြင့်စိစစ်၍ ခွင့်ပြုပေးလျက်ရှိပါသည်။

ထိုသို့ဆောင်ရွက်ပေးခဲ့ရာ ၂၆-၁၂-၂၀၁၄ ရက်နေ့က ပြုလုပ်သော ပြန်ကြားရေးဝန်ကြီးဌာန စီမံခန့်ခွဲရေးကော်မတီအစည်းအဝေးတွင် ပုံနှိပ်လုပ်ငန်းသက်တမ်းတိုး ၆၀ ဦးနှင့် ထုတ်ဝေသူသက်တမ်းတိုး ၆၆ ဦး၊ ပေါင်း သက်တမ်းတိုး ၁၂၆ ဦးအား လည်းကောင်း၊ ပုံနှိပ်လုပ်ငန်းအသစ်၏ လျှောက်ထားသူနှစ်ဦး၊ ထုတ်ဝေခွင့်အတွက် အသစ်လျှောက်ထားသူ မဂ္ဂဇင်းထုတ်ဝေခွင့် ခြောက်ဦး၊ အထွေထွေထုတ်ဝေခွင့် ၁၀ ဦး၊ ပေါင်းပုံနှိပ်လုပ်ငန်းနှင့်ထုတ်ဝေခွင့် ၁၄၄ ဦးတို့အား အသိအမှတ်ပြုလက်မှတ်များထုတ်ပေးရန် ခွင့်ပြုပေးခဲ့ပါသည်။ အသိအမှတ်ပြုလက်မှတ်အသစ် လျှောက်ထားသူများအနက် ဂျာနယ်ထုတ်ဝေခွင့် လျှောက်ထားသူနှစ်ဦး တင်ပြလျှောက်ထားသော ဂျာနယ်များ၏ထုတ်ဝေခွင့်အမည်နှင့်ပတ်သက်၍ စိစစ်ဆဲဖြစ်ပါသည်။

ပုံနှိပ်ခြင်းနှင့်ထုတ်ဝေခြင်းလုပ်ငန်းနည်းဥပဒေများပြဋ္ဌာန်းသည့် ၁၀-၁၀-၂၀၁၄ ရက်မှစ၍ ယနေ့အထိ ပုံနှိပ်လုပ်ငန်းအတွက် သက်တမ်းတိုး ၂၂၃ ဦးနှင့် အသစ်လျှောက်ထားသူ ၄၇ ဦးအားလည်းကောင်း၊ ထုတ်ဝေခြင်းလုပ်ငန်းအတွက် သက်တမ်းတိုး ၂၄၅ ဦး နှင့် အသစ်လျှောက်ထားသူ ၁၈၆ ဦးအားလည်းကောင်း စုစုပေါင်းပုံနှိပ်ခြင်း၊ ထုတ်ဝေခြင်း အသိအမှတ်ပြုလက်မှတ် ၇၀၁ စောင်အား စိစစ်ခွင့်ပြုပေးခဲ့ပြီးဖြစ်ပါသည်။

ဂျာနယ်ထုတ်ဝေခွင့် အသစ်လျှောက်ထားသူ ခြောက်ဦး၊ မဂ္ဂဇင်းထုတ်ဝေခွင့်အသစ်လျှောက်ထားသူတစ်ဦး၊ အထွေထွေထုတ်ဝေခွင့် အသစ်လျှောက်ထားသူတစ်ဦးနှင့် သက်တမ်းတိုးလျှောက်ထားသူတစ်ဦး၊ ပုံနှိပ်လုပ်ငန်းအသစ်လျှောက်ထားသူတစ်ဦးတို့ကို အချက်အလက်များစိစစ်ဆောင်ရွက်ဆဲဖြစ်ကြောင်း သတင်းထုတ်ပြန်အပ်ပါသည်။

**ပြန်ကြားရေးဝန်ကြီးဌာန**

နိုင်ငံတကာသတင်း

# အင်ဒိုနီးရှားမှ စင်ကာပူသို့ ပျံသန်းလာသော အဲအာရှလေယာဉ် တစ်စင်းပျောက်ဆုံးနေ

**ဂျကာတာ ဒီဇင်ဘာ ၂၈**

အဲအာရှ လေကြောင်းလိုင်းပိုင် Airbus A 320-200 အမျိုးအစား လေယာဉ်အမှတ် QZ 8501 သည် အင်ဒိုနီးရှားနိုင်ငံ ဆူရာဘာရာမှ စင်ကာပူသို့ ဒီဇင်ဘာ ၂၈ ရက် ဒေသစံတော်ချိန် နံနက် ၅ နာရီ မိနစ် ၂၀ တွင် ထွက်ခွာပျံသန်းခဲ့ရာ နံနက် ၇ နာရီ ၂၄ မိနစ်မှစ၍ အဆက်အသွယ် ပြတ်တောက်သွားကြောင်း လေကြောင်းလိုင်းမှ အတည်ပြု ပြောကြားသည်။







အဆိုပါ လေယာဉ်ပေါ်တွင် ခရီးသည် ၁၅၅ ဦးနှင့် လေယာဉ် အမှုထမ်း ခုနစ်ဦး စုစုပေါင်း ၁၆၂ ဦး လိုက်ပါလာသည်။ ၎င်းခရီးသည်များအနက် အင်ဒိုနီးရှားနိုင်ငံသား ၁၅၅ ဦး၊ တောင်ကိုရီးယား နိုင်ငံသားသုံးဦး၊ စင်ကာပူနိုင်ငံသားတစ်ဦး၊ မလေးရှားနိုင်ငံသားတစ်ဦး၊ ဗြိတိန်နိုင်ငံသားတစ်ဦး၊ ပြင်သစ်တစ်ဦးစသည်ဖြင့် အသီးသီးပါဝင်ကြကြောင်း အင်ဒိုနီးရှား ပို့ဆောင်ရေးဝန်ကြီးဌာနမှ လေကြောင်းပို့ဆောင်ရေးညွှန်ကြားရေးမှူး ဂျိုကိုမာယို အက်မိုဂျိုက ပြောကြားသည်။



အဲအာရှလေယာဉ်သည် သတ်မှတ်ထားသည့် လမ်းကြောင်းအတိုင်း ပျံသန်းနေခဲ့ပြီး ရာသီဥတုအခြေအနေကြောင့် လမ်းကြောင်းပြောင်းလဲရန် လေယာဉ်ထိန်းချုပ်ရေးစခန်းသို့ အကြောင်းကြား တောင်းဆိုခဲ့ပြီးနောက် ယခုကဲ့သို့ အဆက်အသွယ်ပြတ်တောက်ခဲ့ခြင်း ဖြစ်သည်။ ယခုအခါ ပျောက်ဆုံး အဲအာရှလေယာဉ်အတွက် ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းကို ဆောင်ရွက်နေပြီဖြစ်သည်။ အဆက်အသွယ် ပြတ်တောက်သွားစဉ်က လေယာဉ်သည် ဘော်နီယိုကျွန်းပေါ်ရှိ အနောက်ကာလီမန်တန်ပြည်နယ်ပွန်တီယာနပ်မြို့နှင့် အင်ဒိုနီးရှားတန်ကျွန်းပန်တန်ဆိပ်ကမ်းအကြား ဂျာဗားပင်လယ်အော်အပေါ်တွင် ရှိနေခဲ့သည်ဟု အင်ဒိုနီးရှားလေကြောင်းပို့ဆောင်ရေးဌာန အရာရှိတစ်ဦးက ပြောကြားသည်။ အဆိုပါ နေရာတွင် တိမ်ထူထပ်နေသည်ဟုလည်း ၎င်းက ဆိုသည်။

"ကျွန်တော်တို့အနေနဲ့ ကုန်းမြေပေါ်မှာရော ပင်လယ်ပြင်မှာပါ စွမ်းအားကိုအပြည့်အသုံးချပြီး ရှာဖွေနေပါတယ်။ လေယာဉ်တည်ရှိရာနေရာကို မကြာမီတွေ့ရှိရလိမ့်မည်ဟု မျှော်လင့်ကြောင်း" အင်ဒိုနီးရှား အမျိုးသား ပို့ဆောင်ရေးလုံခြုံမှုကော်မတီအကြီးအကဲ တာတန်ကူရာနီက ပြောကြားသည်။

စင်ကာပူ၊ မလေးရှား၊ ဩစတြေးလျနိုင်ငံများက အဆိုပါ လေယာဉ်ရှာဖွေရေးလုပ်ငန်းအတွက် ကူညီရန် ကမ်းလှမ်းခဲ့ကြပြီး မလေးရှားက သင်္ဘောများနှင့် C-၁၃၀ လေယာဉ်တစ်စင်း စေလွှတ်မည်ဟု ပြောကာ စင်ကာပူက C-၁၃၀ လေယာဉ်တစ်စင်း ပို့ဆောင်ပေးမည်ဟု ပြောကြားကြောင်း တာဝန်ရှိသူများက ဆိုသည်။

အဲအာရှလေယာဉ် QZ8501 ပျောက်ဆုံးနေသည်မှာ အချိန်အတော်ကြာနေပြီဖြစ်ပြီး လေယာဉ်တွင် လေးနာရီခွဲစာ ပျံသန်းရန်သာ လောင်စာဆီပါရှိသည်ဟု သိရသည်။

အဆိုပါ လေယာဉ်ရှာဖွေရေးလုပ်ငန်းအတွက် အဲအာရှ အင်ဒိုနီးရှားမှ ရဟတ်ယာဉ်တစ်စင်း အင်ဒိုနီးရှား အမျိုးသားရှာဖွေရေးနှင့် ကယ်ဆယ်ရေးအေဂျင်စီမှ သင်္ဘောခြောက်စင်းနှင့်အတူ အင်ဒိုနီးရှားရေတပ်မှ စောင့်ကြည့်ရေးလေယာဉ်တစ်စင်းတို့ကို ပို့ဆောင်ပေးခဲ့သည်ဟု ဒေသဆိုင်ရာ မီဒီယာများက ဖော်ပြသည်။

ရှာဖွေကယ်ဆယ်ရေးလုပ်ငန်း ဆောင်ရွက်နေသော လေယာဉ်များနှင့် ရဟတ်ယာဉ်များသည် ညပိုင်းအချိန်ရောက်ရှိလာသဖြင့် ရှာဖွေရေးလုပ်ငန်းများကို ခေတ္တရပ်ဆိုင်းပြီး ၎င်းတို့၏ စခန်းသို့ ပြန်သွားကြသည်ဟု အင်ဒိုနီးရှား အမျိုးသားရှာဖွေရေးနှင့် ကယ်ဆယ်ရေးမှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။ **(ဆင်ဟွာ/ရိုက်တာ)**

## ဒိန်းမတ်နိုင်ငံတွင် မီးတောင်ပေါက်တစ်ခုတွေ့ရှိ

**ဟန္နိုင်း ဒီဇင်ဘာ ၂၈**

ဒိန်းမတ်နိုင်ငံနှင့် ဂျပန်နိုင်ငံမှ သိပ္ပံပညာရှင်များက ဒိန်းမတ်နိုင်ငံအလယ်ပိုင်း တောင်တန်းဒေသဖြစ်သည့် ဒက်ခ်နွန်းပြည်နယ်တွင် အရှေ့တောင်အာရှ၌ အကြီးမားဆုံး မီးတောင်ပေါက်များအနက် တစ်ခုအပါအဝင်ဖြစ်ဖွယ်ရှိသည့် မီးတောင်ပေါက်တစ်ခုကို ရှာဖွေတွေ့ရှိခဲ့သည်ဟု ဆင်ဟွာသတင်းတွင် ဖော်ပြသည်။

သိပ္ပံပညာရှင်အဖွဲ့သည် ဒက်ခ်နွန်းပြည်နယ် ခရောင်းနိုးခရိုင်ရှိ ဂူပေါက်များကို ခုနစ်နှစ်ကြာ စစ်ဆေးပြီးနောက် အဆိုပါ ၁၀၆၆ ဒသမ ၅ မီတာ ရှည်လျားသည့် မီးတောင်ပေါက်တစ်ခုကို တွေ့ရှိခဲ့ခြင်းဖြစ်သည်ဟု ဘူမိဗေဒနှင့် တွင်းထွက်ပစ္စည်းများ အထွေထွေဦးစီးဌာန ညွှန်ကြားရေးမှူးက ဒိန်းမတ်နိုင်ငံမြို့တော်ဟန္နိုင်းတွင် ကျင်းပသည့် ကွန်ဖရင့်တစ်ခု၌ ပြောကြားသည်။

အဆိုပါ မီးတောင်ပေါက်အတွင်းပိုင်းတွင် ချော်ရည်စီးဆင်းမှုပုံစံများနှင့် လွန်ခဲ့သည့် နှစ်သန်းပေါင်းများစွာကတည်းကရှိခဲ့သည့် သစ်ပင်များ၏ သက်သေ အထောက်အထားများကိုလည်းတွေ့ရှိခဲ့ရာ ယင်းတွေ့ရှိချက်များသည် ဒက်ခ်နွန်းရှိ မီးတောင်ပေါက်ဝများကို ကမ္ဘာ့ဘူမိဗေဒဆိုင်ရာ ရှေးဟောင်းအမွေအနှစ်များ စာရင်းတွင် ထည့်သွင်းဖော်ပြရန် အထောက်အပံ့များ ဖြစ်လာမည်ဖြစ်သည်။

ဒိန်းမတ်နိုင်ငံ ဟားဂျီးယန်းပြည်နယ်ရှိ ဒေါင်းဗန်းကာ့စ်ပလေတွန်ကို ၂၀၁၀ ပြည့်နှစ်တွင် ကမ္ဘာ့ဘူမိဗေဒဆိုင်ရာ ရှေးဟောင်းအမွေအနှစ်များစာရင်းတွင် ထည့်သွင်းဖော်ပြခဲ့သည်။ **(ဆင်ဟွာ)**

## အီရန်စစ်ရေးလေ့ကျင့်နေသည့် ရေပိုင်နက်မှ အမေရိကန်စစ်သင်္ဘော ထွက်ခွာပေးရ

**တီဟီရန် ဒီဇင်ဘာ ၂၈**

အီရန်ကင်းလှည့်လေယာဉ်တစ်စင်း၏ သတိပေးချက်အရအမေရိကန်စစ်သင်္ဘောတစ်စင်းသည် အီရန်တို့အဓိက စစ်ရေးလေ့ကျင့်နေသော ရေပိုင်နက်မှ ထွက်ခွာပေးခဲ့ရသည်။ အီရန်ရေတပ်ပိုင် အဆိုပါကင်းလှည့်လေယာဉ်သည် ရန်သူကို ရှာဖွေ၍ မဟာဗျူဟာကို သတ်မှတ်ရန်နယ်မြေကို ကင်းထောက်နေစဉ်အတွင်း အခြားနိုင်ငံများမှ စစ်သင်္ဘောများနှင့် အမေရိကန်စစ်သင်္ဘောတို့ကို အီရန်ရေပိုင်နက်မှထွက်ခွာပေးရန်တနင်္ဂနွေနေ့က သတိပေးခဲ့သည်။

စစ်သင်္ဘောများသည်သတိပေးချက်ကို လက်ခံခဲ့ပြီးနောက် အဆိုပါနေရာမှ ချက်ချင်းထွက်ခွာခဲ့ကြသည်။

အီရန်တပ်မတော်သည် လက်ရှိတွင် ဘုရားသခင်တမန်တော်ဟု အမည်ပေးထားသည့်စစ်ရေးလေ့ကျင့်မှုကြီးများကို နိုင်ငံတောင်ပိုင်းတွင် ပြုလုပ်နေသည်။

စတုတ္ထအဆင့် စစ်ရေးလေ့ကျင့်မှုကို တနင်္ဂနွေနေ့တွင် စတင်ပြုလုပ်မည်ဖြစ်သည်။

အဆိုပါဒေသကို စစ်ရေးလေ့ကျင့်နေစဉ်အတွင်း ဒုံးလက်နက်များနှင့် တော်ပီဒိုများပစ်လွှတ်ရန် သတ်မှတ်ထားခြင်းဖြစ်ကြောင်း၊ ထို့ကြောင့် နိုင်ငံခြားတပ်ဖွဲ့များကို ၎င်းဒေသမှ ထွက်ခွာပေးရန် သတိပေးခြင်းဖြစ်ကြောင်း ဆိုသည်။

နိုင်ငံတကာနည်းဥပဒေများအရ ၎င်းနေရာမှ ထွက်ခွာပေးရန် ငြင်းဆိုသော သူများသည် ဖြစ်ပေါ်လာမည့် အကျိုးဆက်များတွင် တာဝန်ရှိကြောင်း အဆိုပါ အီရန်ရေတပ်အကြီးအကဲက ဆိုသည်။

စတုတ္ထအဆင့် စစ်ရေးလေ့ကျင့်မှုတွင် အီရန်ရေတပ် တပ်ဖွဲ့ဝင်များသည် ကမ်းရိုးတန်းဒေသသို့ ဝင်ရောက်လာမည့် ရန်သူစစ်သင်္ဘောများကို ကာကွယ်ရန် မိုင်းများ ထောင်ထားလိမ့်မည်ဖြစ်သည်။ ထို့အပြင် တပ်ဖွဲ့ဝင်များကြား ပြန်လည်ဆက်သွယ်မှုများ ပြုလုပ်သည့်အခါတွင်အဆိုပါထောင်ထားသော ရေမြှုပ်မိုင်းများကို ချက်ချင်းရှင်းထုတ်ရမည်ဖြစ်သည်။

၎င်းလေ့ကျင့်မှု ပြုလုပ်နေစဉ်အတွင်း အီရန်တပ်မတော် F-4 ဂျက်လေယာဉ်သည် ရေတပ်ဖွဲ့ဝင်များကို ကူညီမည်ဖြစ်သည်။ **(ပရက်စ်တီဗွီ)**



## အာဖဂန်၌ ဗုံးပေါက်ကွဲမှုနှင့် ဒုံးကျည်တိုက်ခိုက်မှု သုံးဦးသေ၊ ကိုးဦးဒဏ်ရာရ

**ကဘူးလ် ဒီဇင်ဘာ ၂၈**

အာဖဂန်၌ ဒုံးကျည်ဖြင့်တိုက်ခိုက်မှုနှင့် ဗုံးပေါက်ကွဲမှုများသည် စနေနေ့ညနေကတည်းက ဖြစ်ပွားလျက်ရှိရာ သုံးဦးသေဆုံးခဲ့ပြီး ကိုးဦးဒဏ်ရာရရှိခဲ့ကြောင်း သက်ဆိုင်ရာမှ တနင်္ဂနွေနေ့က အတည်ပြုပြောကြားသည်။

တနင်္ဂနွေနေ့က ကဘူးလ်မြို့၌ ဖြစ်ပွားခဲ့သည့် နောက်ဆုံးအကြမ်းဖက်မှု၌ သုံးဦးဒဏ်ရာရရှိခဲ့သည်။ ဝါးဒတ်ပြည်နယ် ဘာသာရေးခေါင်းဆောင် အာဇစ်ရာမင်ဆေဒီကွီ၏ ကား၌ အဆိုပါဗုံးတပ်ဆင်ထားခဲ့ရာ အာဇစ်နှင့်အတူ ၎င်း၏သားနှင့် ယာဉ်မောင်းတို့ ဒဏ်ရာရရှိခဲ့ခြင်းဖြစ်ကြောင်း ဒေသတွင်း ရုပ်သံလိုင်းတစ်ခုက ထုတ်လွှင့်ခဲ့သည်။

အလားတူ အကြမ်းဖက်တိုက်ခိုက်မှုတစ်ခုမှာ မြောက်ပိုင်းဘတ်ခ်ပြည်နယ်အတွင်း ရဲကားတစ်စီးအနီး၌ မော်တော်ဆိုင်ကယ်ဗုံးပေါက်ကွဲမှုကြောင့် အရပ်သားတစ်ဦး ဒဏ်ရာရရှိခဲ့သည်။ **(ဆင်ဟွာ)**

## ဆိုမာလီထိပ်တန်းခေါင်းဆောင် အလင်းဝင်ရောက်

**ဆိုမာလီ ဒီဇင်ဘာ ၂၈**

အယ်လ်ရှာဘတ်စစ်သွေးကြွ ထိပ်တန်းခေါင်းဆောင် ဇာကာရီယာအာမက် အစ္စမေးလ်ဟာစီသည် ၎င်းကိုယ်တိုင်လာရောက် လက်နက်ချခဲ့ကြောင်း ဆိုမာလီတာဝန်ရှိသူများက ပြောသည်။

မစ္စတာဟာစီသည် စစ်သွေးကြွအဖွဲ့၏ ထောက်လှမ်းရေးအကြီးတစ်ဦးဖြစ်ပြီး ဂီဒိုဒေသရဲတပ်ဖွဲ့ထံ လာရောက်လက်နက်ချခဲ့ကြောင်း ၎င်းတို့က ထပ်လောင်းပြောကြားသည်။

အဆိုပါ စစ်သွေးကြွခေါင်းဆောင်သည် ၂၀၁၂ ခုနှစ် ဇွန်လတွင် အမေရိကန်နိုင်ငံက ၎င်းအားဖမ်းဆီးရန် ဆုကြေးငွေ အမေရိကန်ဒေါ်လာသုံးသန်း ထုတ်ထားခံရသူဖြစ်သည်။

အဆိုပါလက်နက်ချ အလင်းဝင်ရောက်မှုသည် အမေရိကန်လေကြောင်းတိုက်ခိုက်မှုအတွင်း အယ်လ်ရှာဘတ် ခေါင်းဆောင်အာမက် အက်ဒီဂေါ့ဒန်းသေဆုံးပြီး သုံးလအကြာတွင် ဖြစ်သည်။

မစ္စတာဟာစီသည် ယခင်ခေါင်းဆောင်ဟောင်း၏ သစ္စာတော်ခံ အယ်လ်ရှာဘတ်အဖွဲ့ဝင်များနှင့် အငြင်းပွားမှုကြောင့် လက်နက်ချအဖမ်းခံလိုက်ခြင်း ဖြစ်နိုင်ဖွယ်ရှိကြောင်း ဆိုမာလီထောက်လှမ်းရေးအရာရှိ တစ်ဦး၏ ပြောကြားချက်ကို ကိုးကားလျက် အေပီသတင်း၌ဖော်ပြသည်။ (ဘီဘီစီ)

## ယူကရိန်းတပ်ဖွဲ့ဝင်များနှင့် သောင်းကျန်းသူများအကျဉ်းသားများလဲလှယ်

**ကီယက်ဗ် ဒီဇင်ဘာ ၂၈**

ယူကရိန်းတပ်ဖွဲ့ဝင်များနှင့် လွတ်မြောက်ရေးသူပုန်များသည် မင့်စ်ခ် အပစ်အခတ်ရပ်စဲရေးစာချုပ်အရ စစ်အကျဉ်းသားလဲလှယ်ရေးကို ပြုလုပ်ခဲ့ကြောင်းဒေသတွင်း မီဒီယာများက သောကြာနေ့တွင် ဖော်ပြခဲ့သည်။

အင်တာဖက်စ် သတင်းဌာနအဆိုအရ ကြားခံနယ်မြေတွင် ပြုလုပ်ခဲ့သော အကျဉ်းသားလဲလှယ်ရေးအစီအစဉ်အတွင်း ယူကရိန်းတပ်သား ၁၅၀ နှင့် လဲလှယ်ရန် သောင်းကျန်းသူ ၂၂၂ ဦးကို လွှတ်ပေးခဲ့သည်။

ယူကရိန်းလုံခြုံရေးတပ်ဖွဲ့ အကြီးအကဲ၏ လက်ထောက်တစ်ဦးဖြစ်သူ ဗာဆီလီဗျူဒစ်က သောင်းကျန်းသူများနှင့် အကျဉ်းသားလဲလှယ်ရေး အစီအစဉ်ကို စနေနေ့တွင် စတင်ပြုလုပ်မည်ဟု အစောပိုင်းရက်များက ပြောကြားခဲ့သည်။

စစ်ပွဲဖြစ်ပွားနေသော လများအတွင်း နှစ်ဖက်စလုံးမှ အကျဉ်းသားရာပေါင်းများစွာ ဖမ်းဆီးထားသည်။ သို့သော် အကျဉ်းသားအရေအတွက်ကိုမူ အတိအကျ မသိရပေ။

အကျဉ်းသားလဲလှယ်မှုသည် သွေးထွက်သံယို ပဋိပက္ခများ အဆုံးသတ်စေရန် ကြိုးစားမှုတစ်ခုအဖြစ် စက်တင်ဘာ ၅ ရက်က စစ်မက်ဖက်ပြိုင်နေသူနှစ်ဖက်စလုံးက သဘောတူ လက်မှတ်ရေးထိုးထားသော မင့်စ် အပစ်အခတ်ရပ်စဲရေးစာချုပ်၏ အစိတ်အပိုင်းတစ်ခုဖြစ်သည်။ သို့သော် သဘောတူညီချက်ကို အပြည့်အဝအကောင်အထည်ဖော်နိုင်ခြင်း မရှိခဲ့ပေ။

တိုက်ပွဲဝင်စစ်သည်နှင့် အရပ်သား ၁၃၀၀ ကျော်တို့သည် ယူကရိန်းနိုင်ငံအရှေ့ပိုင်းတွင် အသတ်ခံရပြီး ရှစ်လကြာ ပဋိပက္ခများအတွင်း လူပေါင်း ၄၇၀၀ အသက်ဆုံးရှုံးခဲ့သည်။ **(ဆင်ဟွာ)**

# ဓမ္မစကူးလ်သင်တန်းအတွက် အလှူငွေပေးအပ်

**နေပြည်တော် ဒီဇင်ဘာ ၂၈**

(၆၇)နှစ်မြောက် လွပ်လပ်ရေးနေ့ ဗိုလ်ရှုခံအခမ်းအနားအတွက် နယ်မြေလုံခြုံရေးတာဝန်ယူထားသည့် အမှတ်(၉၉)ခြေမြန်တပ်မတော်ဌာနချုပ်မှ နည်းဗျူဟာမှူးနှင့် အရာရှိ၊ အရာခံ အကြပ်စစ်သည်များ၊ ရွှေကြာပင်ရပ်ကွက် လူငယ်အဖွဲ့ဝင်များစုပေါင်း၍ ယနေ့နံနက်က နေပြည်တော်ကောင်စီနယ်မြေ ဇမ္ဗူသီရိမြို့နယ် နန်းဦးကျောင်းတိုက်အတွင်း သန့်ရှင်းရေးအဖြစ် ပေါင်းမြက်များရှင်းလင်းရာသို့ နေပြည်တော်ကောင်စီဝင် ဦးမျိုးညွှန့်နှင့် တာဝန်ရှိသူများ လာရောက်ကြည့်ရှုပြီးအားပေးစကားများ ပြောကြားခဲ့သည်။

ထို့နောက် နန်းဦးကျောင်းတိုက်တွင် အပတ်စဉ် တနင်္ဂနွေနေ့တိုင်း ဖွင့်လှစ်သင်ကြားပေးလျက်ရှိသည့် ဓမ္မစကူးလ် သင်တန်းအတွက် အလှူရှင် ဦးသန်းဝင်းက အာဟာရ ကျွေးမွေးရန်အတွက် အလှူငွေများကိုလည်းကောင်း၊ ဦးသော်သော် (သမာဓိ) ကားပစ္စည်းဆိုင်မိသားစုက ဗလာစာအုပ်များကိုလည်းကောင်း၊ ဦးအောင်မြင့်မိသားစုနှင့် ဦးကျော်ဇင်ထိုက်မိသားစုတို့က အလှူငွေများကိုလည်းကောင်း ကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တဥဇ္ဇောတထံ ပေးအပ်လှူဒါန်းသည်။ ယင်းနောက် နေပြည်တော်ကောင်စီဝင်နှင့် တာဝန်ရှိသူများသည် ဓမ္မစကူးလ် သင်တန်းများ ပို့ချသင်ကြားပေးနေမှုအခြေအနေများကို လှည့်လည်ကြည့်ရှုအားပေးခဲ့ကြသည်။

**(ခရိုင်ပြန်/ဆက်)**

ပြည်တွင်းသတင်းနှင့်ဆောင်းပါး

## ကျေးလက်လူငယ်စွမ်းဆောင်ရည်မြှင့်တင်ရေး ဆင့်ပွား(နည်းပြ) သင်တန်းဖွင့်လှစ်

**သထုံ ဒီဇင်ဘာ ၂၈**

သထုံခရိုင် ကျေးလက်ဒေသဖွံ့ဖြိုး တိုးတက်ရေးဦးစီးဌာနက ဖွင့်လှစ်သည့် ကျေးလက်လူငယ်စွမ်းဆောင်ရည်မြှင့်တင်ရေးဆင့်ပွား(နည်းပြ)သင်တန်းဖွင့်ပွဲကို ဒီဇင်ဘာ ၂၄ ရက်က သထုံခရိုင် ငါးလုပ်ငန်းဌာန ငါးသားဖောက်စခန်း ခန်းမ၌ကျင်းပရာ ခရိုင်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှူး ဒေါက်တာမြင့်အောင်၊ ခရိုင်ငါးလုပ်ငန်းဌာနမှူး ဦးမြင့်သိန်းနှင့် ခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဌာနမှူး ဦးလှမျိုးဝင်းတို့က အမှာစကားပြော ကြားပြီး အဆိုပါသင်တန်းသို့ ဦးစီးဌာနသုံးခုမှ သင်တန်းသား ၄၁ ဦး တက်ရောက်ခဲ့ကြောင်း သိရသည်။

**(မြန်မာ့အလင်း)**

## ကောလင်းမြို့နယ်တွင် ဘိန်းဖြူ ၃၁ ဒသမ ၀၁ ဂရမ် ဖမ်းဆီးရမိ

**နေပြည်တော် ဒီဇင်ဘာ ၂၈**

ကောလင်းမြို့နယ် ခံသာရဲကင်းစခန်းမှ တပ်ဖွဲ့ဝင်များသည် ဒီဇင်ဘာ ၂၅ ရက်က ကောလင်းမြို့နယ် စွယ်ရာကျေးရွာအုပ်စု မုတ်ဝကျေးရွာနေ စံလင်း၏နေအိမ်ကို သတင်းအရ ရှာဖွေရာ ၎င်းနှင့်အတူ ညက်ဝင်းနှင့် ဖိုးမွှေးတို့ကိုတွေ့ရှိပြီး ညက်ဝင်း လွယ်ထားသည့် ဘေးလွယ်အိတ်အတွင်းမှ ဘိန်းဖြူဆပ်ပြာခွက်သုံးခွက်၊ ဘိန်းဖြူ အလေးချိန် ၃၁ ဂရမ်နှင့် ပလတ်စတစ်ပိုက်နှစ်ချောင်းဖြင့် ထည့်လျက် ဘိန်းဖြူ ၀ ဒသမ ၀၁ ဂရမ် စုစုပေါင်းဘိန်းဖြူ အလေးချိန် ၃၁ ဒသမ ၀၁ ဂရမ်သိမ်း ဆည်းရမိသဖြင့် စံလင်း (၄၇ နှစ်)၊ ညက်ဝင်း(၄၅ နှစ်)၊ ဖိုးမွှေး(၂၆ နှစ်)တို့ သုံးဦးအပေါ် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

## ဘားအံမြို့နယ်တွင် စိတ်ကြွရူးသွပ်ဆေးပြား ၉၅၀ နှင့်လက်နက်ခဲယမ်းများ ဖမ်းဆီးရမိ

**နေပြည်တော် ဒီဇင်ဘာ ၂၈**

မူးယစ်တပ်ဖွဲ့စု ၃၀ ဘားအံမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဒီဇင်ဘာ ၂၅ ရက်က ဘားအံမြို့နယ် ကော့မူးတာကျေးရွာနေ ဘိုသိန်း(ခ) ဘိုတင်၏ နေအိမ်ကို သတင်းအရ ရှာဖွေရာဘိုသိန်း(ခ) ဘိုတင်မှာ ထွက်ပြေးသွားသဖြင့် လိုက်လံဖမ်းဆီးရာ လုပ်သေနတ်(ကိုးလုံးကျည်)ဖြင့် ပစ်ခတ်ရန်ကြိုးစားစဉ် ဝင်ရောက်လုံးထွေးဖမ်းဆီးရမိပြီး ၎င်း၏ လက်ဆွဲအိတ်အတွင်းမှ စိတ်ကြွရူးသွပ်ဆေးပြား ၉၅၀၊ ၀ ဒသမ ၄၅ ကျည်ဖြင့် ပစ်ခတ်၍ရသော လုပ်သေနတ်အတိုတစ်လက်၊ ကိုးလုံးကျည်ဖြင့် ပစ်၍ရသော လုပ်သေနတ်အတိုတစ်လက်၊ အမေရိကန်နိုင်ငံလုပ် ၉၁ လက်ပစ်ဗုံးတစ်လုံး၊ No(36) N စာတန်းပါ လက်ပစ်ဗုံးတစ်လုံး၊



ကိုးလုံးကျည်သုံးတောင့်နှင့် ယမ်းမှုန့်များပါကော်ဘူးတစ်ဘူးတို့ကို သိမ်းဆည်းရမိသည်။

ဆက်လက်ရှာဖွေရာ ၎င်း၏ ဇနီးဒေါ်လှရီအား တွေ့ရှိရပြီး အိပ်ရာအနီးမှ တူမီးသေနတ်တစ်လက်ကို ထပ်မံသိမ်းဆည်းရမိသဖြင့် ဘိုသိန်း (ခ) ဘိုတင် (၆၀နှစ်)နှင့် ဒေါ်လှရီ (၅၆နှစ်)တို့ နှစ်ဦးအပေါ် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

နိုင်ငံတကာသတင်း

## ဂရိပင်လယ်ပြင်၌ သင်္ဘောမီးလောင်၊ ခရီးသည်ရာပေါင်းများစွာ ပိတ်မိ

**ဘာသာပြန်-စိုးသူရ**

အေသင် ဒီဇင်ဘာ ၂၈

**ဂရိနိုင်ငံတွင် ဒီဇင်ဘာ ၂၈ ရက်က ကူးတို့သင်္ဘော မီးလောင်မှုဖြစ်ပွားရာ အဆိုပါသင်္ဘောအတွင်း၌ ခရီးသည်ရာပေါင်းများစွာ ပိတ်မိနေပြီး အနီးအနားရှိ သင်္ဘောများမှာလည်း အဆိုပါသင်္ဘောအား ကယ်တင်နိုင်ရန် ကြိုးစားစဉ် ပြင်းထန်သောမုန်တိုင်းနှင့်ကြုံတွေ့နေရသည်။**

ဂရိကမ်းခြေစောင့်တပ်ဖွဲ့က ပြောကြားရာတွင် နော်မန်အတ္တလန္တိတ်အမည်ရှိ အဆိုပါသင်္ဘောတွင် ခရီးသည် ၅၀၀ ခန့် လိုက်ပါလာပြီး ၎င်းတို့အနက်မှ ခရီးသည် ၁၅၀ ကို ကယ်တင်နိုင်ခဲ့သည်ဟု ဆိုသည်။ သင်္ဘော၏ကုန်းပတ်၌ မီးလောင်မှုဖြစ်ပွားချိန်တွင်၎င်းသင်္ဘောက အချက်ပြခဲ့သည်ဟု ပြောသည်။

ပြင်းထန်သော လေတိုက်ခတ်မှုနှင့် ကြမ်းတမ်းသော ပင်လယ်ပြင်တို့ကြောင့် အခြားသင်္ဘောများ၏ ကယ်ဆယ်ရေးလုပ်ငန်းများ အချည်းအနှီးဖြစ်ခဲ့ရသည်။ မည်မျှထိခိုက်ပျက်စီးမှုရှိကြောင်းနှင့် ခရီးသည်များကို ထိခိုက်မှုရှိ မရှိ ရှင်းရှင်းလင်းလင်း မသိရသေးချေ။

သင်္ဘောစီးခရီးသည် တစ်ဦးဂျော့ရှ်စာတိုင်လာရစ်က ဂရိတီဗွီသို့ ပြောကြားရာတွင် သင်္ဘောမှာ မီးလောင်နေဆဲဖြစ်ကြောင်း၊ သင်္ဘော၏ခေါင်မိုးကို မီးလောင်ကျွမ်းပြီး မီးခိုးများကြောင့် ခရီးသည်များ အသက်ရှူရန် ခက်ခဲကြောင်း၊ ၎င်းအခြေအနေ မည်မျှကြာမြင့်မည်ကို မသိနိုင်ကြောင်း ပြောကြားသည်။

သင်္ဘောဝန်ကြီး မာတီဒတ်ဗာဗီ အီအိုတစ်က ပြောကြားရာတွင် ဆိုးရွားသော ရာသီဥတုအခြေအနေနှင့် လေတိုက်နှုန်းတစ်နာရီလျှင် ၅၅ မိုင် ရှိသောကြောင့် အဆိုပါမီးလောင်မှုအား ကယ်ဆယ်ရေးလုပ်ငန်းဆောင်ရွက်ရာတွင် ရှုပ်ထွေးမှုများရှိသည်ဟု ပြောကြားခဲ့သည်။

"ကျွန်တော်တို့အနေနဲ့ကတော့ သင်္ဘောပေါ်ရှိ လူအားလုံး တစ်ယောက်မကျန် ကယ်တင်မှာဖြစ်ပြီး ဘယ်သူ့ကိုမှ အကူအညီမဲ့တဲ့ အနေအထားမျိုး မရောက်အောင် လုပ်ဆောင်မှာပါ"ဟု ၎င်းက သတင်းထောက်များကို ပြောကြားခဲ့သည်။

**(ရိုက်တာ)**



## ရှေ့မှမောင်းနှင်နေသည့်ယာဉ်အား ဝင်ရောက်တိုက်မိ၍ဒဏ်ရာရ

**နေပြည်တော် ဒီဇင်ဘာ ၂၈**

ပဲခူးတိုင်းဒေသကြီး အုတ်တွင်းမြို့နယ် ရန်ကုန်-မန္တလေးအမြန်လမ်း မိုင်တိုင် အမှတ်(၁၂၈/၂-၃)ကြားတွင် ယာဉ်တိုက်မှုဖြစ်ပွားကြောင်း သတင်းအရ ဒီဇင်ဘာ ၂၃ ရက် ညနေ ၄ နာရီက ဗောဓိကုန်းအမြန်လမ်းရဲစခန်းမှတပ်ဖွဲ့ဝင်များ သွားရောက်စစ်ဆေးခဲ့သည်။

နေပြည်တော်ဘက်မှ ရန်ကုန်ဘက်သို့ ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ် မြို့လှမြို့နေ တရုတ်နိုင်ငံသား Mr. ZHT XIANG (ခ)အားရှောင် (၂၃ နှစ်) မောင်းနှင်ပြီး မန္တလေးတိုင်းဒေသကြီး မိုးကုတ်မြို့နေ ရန်ခ (၃၀ နှစ်) လိုက်ပါလာသော 8L/. . . TOWNACE အဖြူရောင်ယာဉ်သည် ယာဉ်မောင်းအိပ်ငိုက်ကာ အရှိန်မထိန်းနိုင်ဘဲ ရှေ့မှ ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့(၈)ရပ်ကွက်နေ သန်းနိုင် (၄၂ နှစ်) မောင်းနှင်နေသည့် 1F/. . . . ဖူဆို ၁၂ ဘီးကျောက်သယ်ယာဉ်၏နောက်ပိုင်းကို ဝင်ရောက်တိုက်မိခဲ့ကြောင်း သိရသည်။

ထိုသို့တိုက်မိမှုကြောင့် Mr.ZHT XIANG (ခ)အားရှောင်တွင် ဒဏ်ရာများ ရရှိခဲ့သဖြင့် ဖြူးဆေးရုံသို့တင်ပို့ကုသခဲ့ပြီး ၎င်းအားဗောဓိကုန်းအမြန်လမ်းရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**ကိုရဲ**




# အထူးဂုဏ်ယူ ဝမ်းမြောက်ခြင်း

၂၀၁၃ ခုနှစ်အတွက် မြန်မာ့ရုပ်ရှင် ထူးချွန်ဆု (အကယ်ဒမီ) ချီးမြှင့်ပွဲကြီး၌ "စေတနံရဲ့ကချေသည်" ရုပ်ရှင်ဇာတ်ကားရိုက်ကူးသူ **ဒါရိုက်တာဝိုင်း** သည် အကောင်းဆုံးရုပ်ရှင်ဒါရိုက်တာဆုကိုလည်းကောင်း၊ "နှင်းစေရင်" ရုပ်ရှင်ဇာတ်ကားဖြင့် **သရုပ်ဆောင်ပြေတီဦး** သည် အကောင်းဆုံး အမျိုးသားဇာတ်ဆောင်ဆုကိုလည်းကောင်း၊ "နှင်းစေရင်" ရုပ်ရှင်ဇာတ်ကားဖြင့် **သရုပ်ဆောင် ဝတ်မှုန်ရွှေရည်** သည် အကောင်းဆုံး အမျိုးသမီးဇာတ်ဆောင်ဆုကိုလည်းကောင်း၊ "စုန်းပြူး" ရုပ်ရှင်ဇာတ်ကားဖြင့် **သရုပ်ဆောင် နိုင်သင်းကြည်** သည် အကောင်းဆုံး အမျိုးသမီး ဇာတ်ပို့ဆုကိုလည်းကောင်း ထိုက်ထိုက်တန်တန် ဆွတ်ခူးရရှိခဲ့ကြသည့်အတွက် အထူးပင် ဝမ်းမြောက်ဝမ်းသာဖြစ်ရပါကြောင်းနှင့် အနာဂတ် အနုပညာလမ်းတစ်လျှောက်၌လည်း အောင်မြင်မှုများစွာ ထပ်ဆင့်ဆွတ်ခူးရရှိနိုင်ကြပြီး ပြည်သူချစ်သော အနုပညာရှင် ကြယ်ပွင့်များအဖြစ် လင်းလက်တောက်ပနိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

ဒေါက်တာအောင်ကျော်ဝင်း + ဒေါက်တာသက်သက်နိုင်
ရွှေနန်းတော် စိန်ရွှေရတနာဆိုင် ၊ Forever Gems by ရွှေနန်းတော်

ဥပဒေရေးရာ

*ပြည်သူများအနေဖြင့် ဥပဒေရေးရာများကို ပိုမိုသိရှိနားလည်စေရန်အတွက် သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း၏ အများပြည်သူ့ဝန်ဆောင်မှုစံနှုန်းနှင့်ကိုက်ညီသည့် ဥပဒေဆိုင်ရာ ဆောင်းပါးများကို အခါအားလျော်စွာ ဖော်ပြသွားမည်ဖြစ်ပါသည်။ ဆောင်းပါးတွင် ဖော်ပြထားသည့် သုံးသပ်ချက်များသည် ဆောင်းပါးရှင်၏ ကိုယ်ပိုင်ရှုမြင်သုံးသပ်ချက်များသာဖြစ်ပြီး သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း၏ အယူအဆမဟုတ်ပါ။ ဥပဒေရေးရာ စိတ်ဝင်စားသူများအနေဖြင့်လည်း ဆောင်းပါးများ ရေးသားပေးပို့နိုင်ပြီး သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း၏ မူဝါဒနှင့်ကိုက်ညီပါက ဖော်ပြပေးသွားမည်ဖြစ်ပါသည်။*

# ဗဟိုချုပ်ကိုင်မှုလျှော့ချရေးနှင့် ပညာရေးကဏ္ဍ

ဒေါက်တာရင်ရင်နွယ်

***ယမန်နေ့မှအဆက်***

ဗဟိုချုပ်ကိုင်မှုလျှော့ချလိုက်သဖြင့် အင်ဒိုနီးရှား၏ အရှေ့ဘက်ကျွန်းများတွင် ကူးစက်ရောဂါများ၏ အခြေအနေကို သိရှိကိုင်တွယ်နိုင်ရန် ယခင်ကထက် အဆပေါင်းများစွာ ကြာမြင့်သွားသည်ဟုလည်း သိရှိခဲ့ရပါသည်။ အင်ဒိုနီးရှား၏ ဗဟိုချုပ်ကိုင်မှုလျှော့ချခြင်းကို သုံးသပ်ရမည်ဆိုပါက ကဏ္ဍအများအပြားတွင် ဗဟိုချုပ်ကိုင်မှုလျှော့ချခြင်း အောင်မြင်သော်လည်း အချို့သော အစိတ်အပိုင်းများ ကဏ္ဍများအတွက်မူ ဗဟိုမှ ဆက်လက်ချုပ်ကိုင်နိုင်ရန် လိုအပ်သည်ဟုဆိုရမည်ဖြစ်ပါသည်။

**ဗဟိုချုပ်ကိုင်မှုလျှော့ချခြင်းနှင့် တိုင်းပြည်၏ အခြေအနေ**

နိုင်ငံတစ်နိုင်ငံတွင် ဗဟိုချုပ်ကိုင်မှု လျှော့ချရာတွင် အရေးကြီးသည့်အချက်မှာ ထိုတိုင်းပြည်၏ အခြေအနေအရပ်ရပ်ကို ထည့်သွင်းစဉ်းစားပြီး လိုက်လျောညီထွေဖြစ်ရပါမည်။ တစ်နိုင်ငံတွင် ကျင့်သုံးသော ဗဟိုချုပ်ကိုင်မှုပုံစံကို အခြေအနေမတူသည့် အခြားတစ်နိုင်ငံတွင် ပုံတူကူးကျင့်သုံး၍ မဖြစ်နိုင်ပါ။ မြန်မာနိုင်ငံသည် ဝင်ငွေနည်းတိုင်းပြည် ( Low Income Country ) ဖြစ်သည့်အပြင် ကမ္ဘာ့ကုလသမဂ္ဂက သတ်မှတ်ထားသော ဖွံ့ဖြိုးတိုးတက်မှုအနည်းဆုံးသော နိုင်ငံများ (Least Developed Countries) စာရင်းဝင် နိုင်ငံဖြစ်ပါသည်။ စွမ်းဆောင်ရည် (Capacity) အရလည်း အားနည်းသော နိုင်ငံအဖြစ် နိုင်ငံတကာ အဖွဲ့အစည်းများက ဝေဖန်ထားကြပါသည်။ ထို့ကြောင့် မြန်မာနိုင်ငံအနေနှင့် ဗဟိုချုပ်ကိုင်မှုကို လျှော့ချရာ၌ အမေရိကန်၊ ဗြိတိန်နှင့် ဩစတြေးလျကဲ့သို့သော ဖွံ့ဖြိုးပြီး နိုင်ငံများ၏ ဗဟိုချုပ်ကိုင်မှုလျှော့ချသည့် ပုံသဏ္ဌာန်ကို တိုက်ရိုက်ကူးယူ၍ မဖြစ်သည်ကို တွေ့ရပါမည်။

**မြန်မာနိုင်ငံ၏ ပညာရေးနှင့်ဗဟိုချုပ်ကိုင်မှုလျှော့ချခြင်း**

၂၀၁၄ ခုနှစ် စက်တင်ဘာလ ၃၀ ရက်နေ့တွင် ပြည်ထောင်စုလွှတ်တော်က အတည်ပြုခဲ့သည့် အမျိုးသားပညာရေးဥပဒေတွင် လက်ရှိပညာရေးစနစ်ကို အချို့သော အစိတ်အပိုင်းများအား ဗဟိုမှ ဆက်လက်ချုပ်ကိုင်ထားပြီး အချို့သော အစိတ်အပိုင်းများကို ဗဟိုချုပ်ကိုင်မှု လျှော့ချလိုက်သည်ကို တွေ့ရသည်။ အထူးကြိုဆိုရသည့်ကိစ္စမှာ ဒေါက်တာကျော်ရင်လှိုင်နှင့် ကျွန်မတို့ စ၍ ဥပဒေတွင် ထည့်သွင်းရန် အကြံပြုခဲ့သော တိုင်းရင်းသား ဘာသာစကားများနှင့် ယဉ်ကျေးမှုများ သင်ကြားခွင့်ရရေး ဆိုသည့် ကိစ္စပါဝင်လာခြင်းဖြစ်ပါသည်။ မြန်မာနိုင်ငံ၏ သမိုင်းတွင် မရှိဖူးခဲ့သော ကိစ္စဖြစ်၍ တိုင်းရင်းသားအားလုံးလည်း ဝမ်းမြောက်ဝမ်းသာ ကြိုဆိုကြသည်ဟု သိရပါသည်။ ထို့အပြင် တိုင်းရင်းသားဘာသာစကား သင်ကြားရေးကို မည်သည့်မြို့နယ် မည်သည့်ကျောင်း၌ မည်သည့် ဘာသာစကားကို သင်ကြားရမည်ဟု ဗဟိုက ညွှန်ကြားခြင်းမျိုးမဟုတ်ဘဲ တိုင်းဒေသကြီးနှင့် ပြည်နယ်အဆင့်သို့ လွှဲအပ်လိုက်သည်ဟုလည်း ဖော်ပြထားပါသည်။ တစ်ချိန်တည်းတွင် မြန်မာစာကို ရုံးသုံးဘာသာစကား မဏ္ဍိုင်အဖြစ် သတ်မှတ်ပြီး အင်္ဂလိပ်စာကို မူလတန်းမှစ၍ နိုင်ငံခြားဘာသာစကားအနေနှင့် သင်ကြားမည်ဟု သတ်မှတ်ထားသည်ကို တွေ့ရပါသည်။ လက်တွေ့အကောင်အထည်ဖော်သည့်ကိစ္စနှင့် ပတ်သက်၍ ကျွန်မ၏ဇာတိဖြစ်သည့် ရှမ်းပြည်နယ် တောင်ကြီးမြို့အကြောင်းကိုသွား၍ တွေးမိပါသည်။ ကျွန်မသည် ငယ်စဉ်ကတည်းကပင် တိုင်းရင်းသားပေါင်းစုံ၊ ဘာသာပေါင်းစုံ သူငယ်ချင်းများနှင့် ချစ်ခင်ပျော်ရွှင်စွာ ကျောင်းနေခဲ့ရပါသည်။ ထိုကဲ့သို့ လူမျိုးစုံ ပျံ့နှံ့နေထိုင်သည့် မြို့များတွင် တိုင်းရင်းသားဘာသာစကားသင်ကြားရေးကို ဗဟိုအစိုးရအနေနှင့် အကောင်အထည်ဖော်၍ မရနိုင်ပါ။ တိုင်းဒေသကြီးအဆင့်သာမက မြို့နယ်အဆင့်၊ ကျောင်းအဆင့်အထိပါ ဆွေးနွေးတိုင်ပင်ရမည် ဖြစ်ပါသည်။ ကလေးများကို ပြည်ထောင်စုစိတ်ဓာတ်အပြည့် ရှိရန်လည်းသင်ကြားပေးရမည် ဖြစ်ပါသည်။ ဤအချက်များ အားလုံးကို အမျိုးသားပညာရေးဥပဒေတွင် ထည့်သွင်းစဉ်းစားထားသည်ကိုတွေ့ရပါသည်။ ထို့ကြောင့်အမျိုးသားပညာရေးဥပဒေ၏ ဤအခန်းကဏ္ဍသည် ဖြစ်သင့် ဖြစ်ထိုက်သော၊ ကောင်းမွန်မှန်ကန်သော ဗဟိုချုပ်ကိုင်မှုလျှော့ချခြင်းဟု ကျွန်မအနေနှင့် ရှုမြင်မိပါသည်။ **"ကောင်းမွန်မှန်ကန်သော ဗဟိုချုပ်ကိုင်မှု လျှော့ချခြင်း" ဆိုသည်မှာ ဗဟိုမှ ထိန်းသိမ်းသင့်သည်များကို ဆက်လက်ထိန်းသိမ်းပြီး ဗဟိုထိန်းချုပ်မှုမှ လွှတ်ပေးသင့်သည့်ကိစ္စများကို လွှတ်ပေးလိုက်ခြင်းဟု ဆိုရပေမည်။**

> **နိုင်ငံတစ်နိုင်ငံတွင် ဗဟိုချုပ်ကိုင်မှု လျှော့ချရာတွင် အရေးကြီးသည့် အချက်မှာ ထိုတိုင်းပြည်၏ အခြေအနေအရပ်ရပ်ကို ထည့်သွင်းစဉ်းစားပြီး လိုက်လျောညီထွေ ဖြစ်ရပါမည်။**
> **တစ်နိုင်ငံတွင် ကျင့်သုံးသော ဗဟိုချုပ်ကိုင်မှုပုံစံကို အခြေအနေ မတူသည့် အခြားတစ်နိုင်ငံတွင် ပုံတူကူး ကျင့်သုံး၍ မဖြစ်နိုင်ပါ။**

မြန်မာနိုင်ငံ၏ ပညာရေးကဏ္ဍတွင် ဗဟိုချုပ်ကိုင်မှုလျှော့ချခြင်းနှင့် စပ်လျဉ်း၍ ဒုတိယအနေဖြင့် ဆက်လက်တင်ပြလိုသည်မှာ အဆင့်မြင့်ပညာရေးစနစ်ဖြစ်ပါသည်။ ဤဆောင်းပါး ပထမပိုင်းတွင် တင်ပြထားသည့်အတိုင်း ဗဟိုချုပ်ကိုင်မှု လျှော့ချခြင်းဆိုသည်မှာ အတိုင်းအတာအမျိုးမျိုးရှိသော ဖြစ်စဉ်တစ်ရပ်ဖြစ်ပါသည်။ အနှစ် ၅၀ ကျော်မျှ ဗဟိုကချုပ်ကိုင်လာခဲ့သည့် တက္ကသိုလ်နှင့် ဒီဂရီကောလိပ်များအား ဗဟိုချုပ်ကိုင်မှု လျှော့ပေးလိုက်ခြင်းမှာ ကြိုဆိုရမည်ဖြစ်ပါသည်။ တစ်ချိန်တည်းမှာပင် တက္ကသိုလ်နှင့် ဒီဂရီကောလိပ်ကျောင်းပေါင်း ၁၆၉ ကျောင်းရှိပြီး ကျောင်းများအားလုံးသည် စွမ်းဆောင်ရည် (Capacity) ပိုင်းအရ အားနည်းမှုများ ရှိနေသည်မှာ ငြင်းပယ်၍ မရသည့် ကိစ္စဖြစ်နေပါသည်။ တစ်ချိန်တည်းတွင် နိုင်ငံတစ်နိုင်ငံတွင်ရှိသော အစိုးရတက္ကသိုလ်နှင့် ဒီဂရီကောလိပ်များသည် (က) ပညာရေးမူဝါဒများ၊ (ခ) ပညာရေးအရည်အသွေးစံသတ်မှတ်ချက်များ (Standards)၊ (ဂ) နိုင်ငံတော်ဘတ်ဂျက်သုံးစွဲရာတွင် လိုက်နာရမည့် စည်းမျဉ်း၊ စည်းကမ်းများ၊ (ဃ) သရုပ်ပြ ဆရာ ဆရာမများ၊ ကထိကများ၊ ပါမောက္ခများနှင့် ပါမောက္ခချုပ်များ ပြောင်းရွှေ့ခန့်အပ်ခြင်း၊ ရာထူးတိုးခြင်းများနှင့် စပ်လျဉ်း၍ သမာသမတ်ကျမှု၊ ပွင့်လင်းမြင်သာမှုရှိမည့် မူဝါဒများ၊ နည်းဥပဒေများ လိုအပ်နေသည်ကို တွေ့ရပါသည်။

**မြန်မာနိုင်ငံ၏ လက်ရှိအခြေအနေတွင် တက္ကသိုလ်နှင့် ဒီဂရီကောလိပ် ၁၆၉ ခုလုံး စွမ်းဆောင်ရည် (Capacity)နှင့် အုပ်ချုပ်မှု (Governance) အားနည်းချက်များ ရှိနေသည်ဖြစ်ရာ အထက်က ဖော်ပြခဲ့သည့် မူများ၊ ပေါ်လစီများ၊ စံသတ်မှတ်ချက်များ၊ ဘတ်ဂျက်သုံးစွဲရေး စည်းမျဉ်းများ၊ ပွင့်လင်းမြင်သာမှုများ ပေါ်ပေါက်လာစေရေးအတွက် မူဝါဒများနှင့် နည်းဥပဒေများ မရှိပါက အသွင်ကူးပြောင်းရေးကာလတွင် အဆင့်မြင့် ပညာရေးမှာ ယခုအခြေအနေထက် ပိုမိုကျဆင်းသွားရန်ရှိပါသည်။**

ဥပမာအနေဖြင့် ကြည့်မည်ဆိုလျှင် မကြာသေးမီက တက္ကသိုလ်သရုပ်ပြ/ နည်းပြ ဆရာ ဆရာမများ ရွေးချယ်ခန့်အပ်ရာတွင် ယခင်ကကဲ့သို့ အဆင့်မြင့်ပညာဦးစီးဌာနက ပါဝင်ပတ်သက်ခြင်းမပြုတော့သည်ကိုတွေ့ရပါသည်။ တက္ကသိုလ်တစ်ခုချင်းစီကို လွတ်လပ်စွာ ကိုယ်ပိုင်အုပ်ချုပ်ခွင့်မူ စတင်အကောင်အထည်ဖော်သည့်အနေနှင့် သရုပ်ပြ/နည်းပြ ဆရာ ဆရာမများ ရွေးချယ်ခန့်အပ်ခွင့်ကို တက္ကသိုလ်တစ်ခုချင်းစီကို လွတ်လပ်စွာ ရွေးချယ်စေရန် ပါမောက္ခချုပ်များကို တာဝန်လွှဲအပ်လိုက်သည်ကို တွေ့ရပါသည်။ ထိုသို့ တက္ကသိုလ်တစ်ခုချင်းစီအလိုက် ကိုယ်တိုင်ရွေးချယ်ခန့်အပ်ရသည့်အခါတွင် အချို့သော တက္ကသိုလ်များ၌ ပွင့်လင်းမြင်သာမှု ရှိသော်လည်း အချို့တက္ကသိုလ်များတွင် ပွင့်လင်းမြင်သာမှုမရှိကြောင်း သတင်းများ ထွက်ပေါ်လာပါသည်။ သို့ဖြစ်၍ အမျိုးသားပညာရေးဥပဒေတွင် ပြဋ္ဌာန်းထားသည့်အတိုင်း တက္ကသိုလ်နှင့်ဒီဂရီကောလိပ် ၁၆၉ ခုလုံးအတွက် မူဝါဒများ၊ အရည်အသွေးဆိုင်ရာ စံနှုန်းသတ်မှတ်ချက်များ၊ ပွင့်လင်းမြင်သာမှုရှိစေမည့် စည်းမျဉ်း၊ စည်းကမ်းများကို ညှိနှိုင်းဆွေးနွေးရန် အမျိုးသားပညာရေးကော်မရှင်နှင့် အဆင့်မြင့်ပညာ ပေါင်းစပ်ညှိနှိုင်းရေးကော်မတီတို့ကဲ့သို့သော အဖွဲ့အစည်းများ လိုအပ်လာသည်ဟု သုံးသပ်ရပါသည်။

မြန်မာနိုင်ငံရှိ တက္ကသိုလ်နှင့် ဒီဂရီကောလိပ် ၁၆၉ ကျောင်းလုံးနှင့် စပ်လျဉ်း၍ အထက်က ဆိုခဲ့သည့်အတိုင်း ပညာရေးမူဝါဒများ၊ ပညာရေးစံနှုန်း သတ်မှတ်ချက်များ၊ ဘတ်ဂျက်ခွဲဝေမှုများ၊ ဆရာများ၊ ဝန်ထမ်းများ ခန့်အပ်မှုအတွက် စံနှုန်းသတ်မှတ်ချက်များနှင့် ပွင့်လင်းမြင်သာမှုရှိရေး မူဝါဒများရှိရန် လိုအပ်ပါသည်။ ဤကိစ္စကို အမျိုးသားပညာရေးကော်မရှင်နှင့် အဆင့်မြင့်ပညာပေါင်းစပ်ညှိနှိုင်းရေးကော်မတီတို့က ဆောင်ရွက်မည့်ပုံစံဖြစ်သည်ဟု အမျိုးသားပညာရေးဥပဒေတွင် တွေ့ရပါသည်။ ဥပမာပေးရလျှင် တက္ကသိုလ်တစ်ခုချင်းစီသည် ဆရာများ၊ ပါမောက္ခများကို ကိုယ်တိုင်ရွေးချယ်ခန့်အပ်ခွင့်ရှိပါသည်။ ကျွန်မအနေဖြင့် မြင်သည်မှာ အမျိုးသားပညာရေး ကော်မရှင်နှင့် အဆင့်မြင့်ပညာပေါင်းစပ်ညှိနှိုင်းရေးကော်မတီတို့က ရွေးချယ်ခန့်အပ်မည်မဟုတ်ပါ။ သို့သော် ဆရာ ဆရာမတစ်ဦးတွင် ရှိရမည့် အရည်အသွေးစံသတ်မှတ်မှုမျိုးနှင့် ရွေးချယ်ရာတွင် လိုအပ်မည့် ပွင့်လင်းမြင်သာမှုရှိရေးနှင့် စပ်လျဉ်း၍ မူများကို ပြဋ္ဌာန်းပေးသင့်သည်ဟု မြင်ပါသည်။ ထို့ကြောင့် တက္ကသိုလ်များသည် ဆရာ ဆရာမများ ရွေးချယ်ခန့်အပ်ရာတွင် ခင်မင်ရင်းနှီးမှုကို အခြေခံ၍ မရတော့ဘဲ တက္ကသိုလ်အားလုံးအတွက် တစ်ပြေးညီ ထုတ်ပြန်ထားသော ပွင့်လင်းမြင်သာမှု အရည်အသွေးသတ်မှတ်မှုများကို လိုက်နာရမည်ဖြစ်ပါသည်။ ထိုအရည်အသွေးနှင့် စံနှုန်းများကို အခြေခံ၍ တက္ကသိုလ်တစ်ခုချင်းစီသည် ဆရာ ဆရာမများနှင့် ဝန်ထမ်းများကို မိမိတို့ ကိုယ်တိုင် ရွေးချယ်ရန်ဖြစ်သည်ဟု မြင်ပါသည်။ ပညာသင်ကြားရေးနှင့် ပတ်သက်၍လည်း တက္ကသိုလ်များသည် လွတ်လပ်စွာ သင်ကြားခွင့်ပြုပြီး နိုင်ငံတော်အဆင့်က ပညာရေးနှင့် ပတ်သက်သည့် အနည်းဆုံး စံသတ်မှတ်ချက်ကိုသာ ပြဋ္ဌာန်းပေးသင့်သည်ဟု မြင်ပါသည်။ ကျောင်းပေါင်း ၁၆၉ ကျောင်းလုံးကို လွှမ်းခြုံစဉ်းစား၍ မည်သည့်ကျောင်းက စွမ်းဆောင်ရည် (Capacity) ပို၍ လိုအပ်သည်၊ မည်သည့်ကျောင်းက သုတေသန ရလဒ်များ၊ ပိုမိုကောင်းမွန်သည်၊ မည်သည့်ကျောင်းက အခြေခံအဆောက်အအုံများ ပိုမိုလိုအပ်သည်တို့ကို ညှိနှိုင်းဆောင်ရွက်ရန်အတွက်လည်းကောင်း၊ နိုင်ငံတော်ဘတ်ဂျက်ကို ကျောင်းပေါင်း ၁၆၉ ကျောင်းလုံးအား အထက်ပါ လိုအပ်ချက်များနှင့်အညီ ညှိနှိုင်း၍ခွဲဝေပေးရန် လည်းကောင်း ဗဟိုအဆင့်မှ လွှမ်းခြုံစဉ်းစား လုပ်ဆောင်မည့် အဖွဲ့အစည်းတစ်ရပ် လိုအပ်လာပါသည်။ အမျိုးသားပညာရေးကော်မရှင်နှင့် အဆင့်မြင့်ပညာ ပေါင်းစပ်ညှိနှိုင်းမှုကော်မတီတို့ ထိုတာဝန်များကို ပွင့်လင်းမြင်သာမှုအပြည့်ဖြင့် ထမ်းဆောင်မည်ဟု မျှော်လင့်ရပါသည်။

**ဤအချက်များကို ကြည့်လျှင် အမျိုးသားပညာရေးကော်မရှင်နှင့် အဆင့်မြင့်ပညာ ပေါင်းစပ်ညှိနှိုင်းရေးကော်မတီတို့သည် ယခင်က အဆင့်မြင့်ပညာဦးစီးဌာနကဲ့သို့ တက္ကသိုလ်တစ်ခုချင်းစီကို ဝင်ရောက်စွက်ဖက်ခြင်းမျိုး မဟုတ်တော့ဘဲ ပညာရေးတွင် ဗဟိုက လုပ်ဆောင်ရမည့် အလုပ်များကိုသာ လုပ်ဆောင်ပြီး တက္ကသိုလ်များ၏ ကိုယ်ပိုင်အုပ်ချုပ်ခွင့်နှင့် သက်ဆိုင်သည့် ကိစ္စများကို တက္ကသိုလ်တစ်ခုချင်းအလိုက် ပေးထားသည့် ဗဟိုချုပ်ကိုင်မှု လျှော့ချထားသည့်ပုံစံကို တွေ့မြင်ရမည်ဖြစ်ပါသည်။** ဆိုလိုသည်မှာ လက်ရှိ အမျိုးသားပညာရေးဥပဒေတွင် ဗဟိုချုပ်ကိုင်မှု လျှော့ချထားပြီးလိုအပ်သည်ဟု ယူဆရသည့်ကိစ္စရပ်များကိုသာ ဗဟိုက ဆက်လက်ထိန်းသိမ်းထားသည့် သဘောပါဝင်နေသည်ဟု မြင်ပါသည်။

ဤဆောင်းပါး၏ ရည်ရွယ်ချက်ဖြစ်သည့် ဗဟိုချုပ်ကိုင်မှု လျှော့ချခြင်းကိစ္စကို ထားရှိသင့်၊ မထားရှိသင့်ဆိုသည်ထက် မည်သည့်ပုံစံမျိုးဖြင့် ဗဟိုချုပ်ကိုင်မှု လျှော့ချသင့်သည်ကို ဆွေးနွေးပြီး ကျွန်မ၏ ကိုယ်ပိုင်အမြင်ဖြင့် နိဂုံးချုပ်လိုပါသည်။ စနစ်တစ်ခုတွင် ဗဟိုချုပ်ကိုင်မှုလျှော့ချရန် လိုအပ်သလို အချို့သော အစိတ်အပိုင်းများကိုဗဟိုမှ ဆက်လက်၍ ထိန်းချုပ်ထားရန် လိုအပ်သည်ဟု မြင်ပါသည်။ အရေးကြီးသည့်အချက်မှာ ထိုဗဟိုမှ ဆက်လက်ထိန်းသိမ်းထားရသော အစိတ်အပိုင်းများတွင်

(၁) ပွင့်လင်းမြင်သာမှုအပြည့်ရှိခြင်း၊

(၂) တရားမျှတမှုရှိ၍ ဆင်းရဲသော ကျောင်းသားများ၏ လိုအပ်ချက်များကိုဦးစားပေးစဉ်းစားခြင်း၊

(၃) လက်တွေ့မြေပြင်တွင်ရှိသည့် အချက်အလက်များနှင့် စာရင်းဇယားများကို အခြေခံ၍ ဆုံးဖြတ်ချက်များချခြင်း (Evidence Based Decision Making)၊

ဟူသည့်အချက် သုံးချက်အပေါ်တွင် အခြေခံသော ဗဟိုချုပ်ကိုင်မှုမျိုးသာလျှင် ဖြစ်သင့်သည်ဟု မြင်ပါသည်။ လွတ်လပ်စွာ အုပ်ချုပ်ခွင့်ရသော တက္ကသိုလ်များသည်လည်း ဤသဘောတရား သုံးခုနှင့် ပြည့်စုံသော ကိုယ်ပိုင်အုပ်ချုပ်မှုမျိုးဖြစ်ရန် မျှော်လင့်ပါသည်ဟု ဆန္ဒပြုရင်းဖြင့်။ ။

ပြည်တွင်းသတင်း

# ဆရာအတတ်ဖြင့် အနာဂတ်ပညာစွမ်းအားအလှကို ပုံဖော်ထုဆစ်ပေးမည့် ထူးချွန်ဆရာပေါ်ထွက်လာပြီ

သတင်းနှင့်ဓာတ်ပုံ
ခင်ချိုဝင်း

ရန်ကုန် ဒီဇင်ဘာ ၂၈

**“ပညာမြင့်မှ လူမျိုးတင့်မည်” ဆိုသည့်စကားအတိုင်း နိုင်ငံတော်အစိုးရက ပညာရေးမြှင့်တင်ရေးလုပ်ငန်းများကိုဆောင်ရွက်နေသလို ပညာရေးကို ကူညီပံ့ပိုးချင်သူများကလည်း တတ်စွမ်းသမျှ ဝိုင်းဝန်းပံ့ပိုးပေးလျက်ရှိသည်။**



၂၀၁၄-၂၀၁၅ ပညာသင်နှစ်တွင် ပထမဆုံးအကြိမ်ဖြင့် စတင်ကျင်းပသည့် ပညာတန်ဆောင်နှင့်တော်ဝင်ဖွံ့ဖြိုးရေးဖောင်ဒေးရှင်းတို့ ပူးပေါင်းကျင်းပသည့် ထူးချွန်ဆရာဆု ရွေးချယ်ပွဲကို အမှတ်(၁)၊ အမှတ်(၂) နှင့်အမှတ်(၃) အခြေခံပညာဦးစီးဌာနအောက်ရှိ တိုင်းဒေသကြီးနှင့်ပြည်နယ်အားလုံးမှ အခြေခံပညာမူလတန်း၊ အလယ်တန်းနှင့်အထက်တန်းပြဆရာ ဆရာမများ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြသည်။

ကျောင်းအဆင့်၊ မြို့နယ်အဆင့်၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အဆင့်တို့တွင် ရေးဖြေနှင့်နှုတ်ဖြေ၊ နောက်ဆုံးအဆင့်ဖြစ်သော ဗဟိုအဆင့်ရွေးချယ်ပွဲကို ဆရာ ဆရာမ ၅၄ ဦးတို့သည် ရေးဖြေ၊ နှုတ်ဖြေအပြင် တန်းပြ (လက်တွေ့သင်ကြားမှု)ကို ရန်ကုန်မြို့၌ ပါဝင်ယှဉ်ပြိုင်ခဲ့ကြသည်။

ဗဟိုအဆင့် ရွေးချယ်ပွဲမှာထွက်လာသော ထူးချွန်ဆရာဆု နောက်ဆုံးရလဒ်တွင် အမှတ်(၁)အခြေခံပညာဦးစီးဌာနမှသုံးဦးနှင့် အမှတ်(၂) အခြေခံပညာဦးစီးဌာနမှ ခြောက်ဦးတို့ရရှိခဲ့ပြီး အဆိုပါ ထူးချွန်ဆရာဆု ဆရာ ဆရာမများအား ဆုချီးမြှင့်ပွဲ အခမ်းအနားကို ဒီဇင်ဘာ ၂၅ ရက် နံနက် ၉ နာရီက ရန်ကုန်မြို့ ပြည်လမ်းရှိ တော်ဝင်ဂါးဒင်းဟိုတယ်၌ ကျင်းပသည်။

အခမ်းအနားအပြီးတွင် သက်ဆိုင်ရာ တာဝန်ရှိသူများနှင့်ဆုရရှိကြသော ဆရာ ဆရာမအချို့ကို မြန်မာ့သတင်းစဉ်အဖွဲ့က တွေ့ဆုံမေးမြန်းခဲ့ရာ ရင်တွင်းစကားသံများကို ဖော်ပြလိုက်ပါသည်။

“ယှဉ်ပြိုင်တဲ့ ဆရာ ဆရာမတွေရဲ့ သူတို့ကျောင်းမှာ စာသင်ကြားမှုမှတ်ချက်ရယ်၊ ဗဟိုအဆင့်ရွေးချယ်ပွဲမှာ စာတွေ့နှုတ်ဖြေ စစ်ဆေးမှုအပြင် တန်းပြ စစ်ဆေးမှုတွေရဲ့ ရမှတ်တွေပေါင်းပြီး ဆုချီးမြှင့်တာပါ” ဟု ပညာတန်ဆောင် အုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ၊ ထူးချွန်ဆရာဆု ရွေးချယ်ချီးမြှင့်ရေးဦးစီးကော်မတီဥက္ကဋ္ဌ ဆရာကြီး ဦးသန်းဦးက ပြောကြားသည်။

“ပညာရေး မြှင့်တင်ဖို့အတွက် ကျွန်တော့်ခံယူချက်က သင်ကြားမှုနည်းစနစ် သင်ရိုးညွှန်းတမ်းတွေ ပြောင်းလဲရမယ်။ ကလေးတွေကို အရည်အသွေး မြှင့်တင်ပေးရမယ်။ အရည်အသွေးရှိအောင်လုပ်ပေးလိုက်တာအခြေခံပါပဲ။ အရည်အသွေးတစ်ခုရှိလာပြီဆိုရင် ဘယ်ပညာကိုပဲ သင်သင် အလွယ်တကူတတ်သွားမှာပါ။ ဒါကြောင့်မို့လို့ အခြေခံပညာသည် အရည်အသွေးရှိအောင် လုပ်တာ။ နောက်တစ်ခုက ကျောင်းနဲ့ပတ်သက်တဲ့ ပရိဘောဂတွေ၊ သင်ထောက်ကူပစ္စည်းတွေ မြှင့်တင်ဖို့လိုပါတယ်။ အဲဒါတွေအပြင် ဆရာ ဆရာမတွေရဲ့ အရည်အသွေးမြှင့်တင်မှုအပိုင်းလည်းလိုတယ်။ ဆရာ ဆရာမတွေ တိုင်းဟာ သူတို့စိတ်ဓာတ်နဲ့မြှင့်ပြီး ကြိုးစားဖို့ဆိုရင် သူတို့ကိုချီးမြှောက်အားပေးမှု ပြုလုပ်ရမှာဖြစ်တယ်။ ဒါကြောင့်မို့ ကျွန်တော်က ယှဉ်ပြိုင်ပွဲတစ်ခုကို တစ်ပြည်လုံးအတိုင်း အတာနဲ့လုပ်ချင်တာ။ အောင်မြင်မှုဆုက ဆရာ ဆရာမတွေသည် ငွေကြေးရယူမှုတစ်ခုတည်း မဟုတ်ပါဘူး။ သူတို့ရဲ့ ဂုဏ်သတင်းပါ ပါရှိပါတယ်။ ဂုဏ်သတင်းရော၊ ငွေကြေးရောပံ့ပိုးမှုပါရသွားမယ်ဆိုရင် ဘေးကလူတွေလည်း အားကျမယ်။ သူတို့လည်း စိတ်ဓာတ်မြှင့်လာမယ်။ ပိုပြီးကြိုးစားချင်လာမယ်။ ဒါနဲ့ပညာရေးကို မြှင့်တင်သွားဖို့လိုတယ်။ နောက်နှစ်တွေမှာလည်း ဒီလိုပွဲမျိုးဆက်လက်လုပ်သွားမှာပါ” ဟု တော်ဝင်ဂါးဒင်းဟိုတယ်ဥက္ကဋ္ဌ ဦးကိုကိုထွေးက ပြောကြားသည်။

“ကျောင်းတွေမှာ ထူးချွန်ဆု မပေးခင်ကတည်းက လုပ်ရမယ့်အလုပ်ကို စေတနာနဲ့ ဆရာရဲ့ တာဝန်ကိုယ်ကျင့်တရားကို တာဝန်ကျေအောင် ထမ်းဆောင်ခဲ့ပါတယ်။ ဒါကြောင့်လည်း ဆုရတယ်လို့ ထင်တယ်။ ဆရာ့တာဝန်ကို ခုံခုံမင်မင် မြတ်မြတ်နိုးနိုးနဲ့ တာဝန်ထမ်းဆောင်နေကြတဲ့ ဆရာ ဆရာမအားလုံးဟာ ကိုယ်ကျင့်တရားနဲ့ ပြည့်စုံပြီးသားဖြစ်တဲ့အတွက်ကြောင့်မို့ ပေးတဲ့တာဝန်ကို နောက်ထပ်လည်းစေတနာအပြည့်နဲ့ ထမ်းဆောင်သွားမယ်။ အခုလို ဆုချီးမြှင့်တဲ့အတွက် ဘဝအမောတွေကို ပြေစေတာပေါ့” ဟု အထက်တန်းပြဆရာထူးချွန်ပထမဆုရရှိသွားသော ဆရာမ ဒေါ်မေမေစိန်(အထက(၁)ထားဝယ်)က ၄င်း၏ရင်တွင်းစကားကို ပြောပြခဲ့သည်။

“အမှန်အတိုင်း ပြောရရင် ကျွန်တော်က ပညာရေးသင်တန်းဆင်း မဟုတ်ဘူး။ ၁၉၈၆ ခုနှစ်မှာ နိုင်ငံတော်ရဲ့ ပညာရေးလိုအပ်ချက်အရ ကျွန်တော်က ဆွဲခန့်အဖြစ်နဲ့ တာဝန်ပေးခံရတဲ့သူပါ။ အဲ့ဒီမှာ သင်တန်းမရှိဘဲနဲ့ ၂၀၀၃ ခုနှစ်အထိ ကိုယ့်ရဲ့စိတ်ကူးစိတ်သန်းနဲ့ ပညာတန်ဆောင်စာအုပ်တွေဖတ်ပြီးတော့ စိတ်ကူးလေးတွေနဲ့ ကလေးတွေကိုသင်ခဲ့တာပါ။ ကျွန်တော်တို့ ဒီကပြန်လို့ရှိရင် အကောင်းဆုံးကြိုးစားဖို့၊ အတုယူအားကျစေချင်ဖို့အတွက် ကျန်တဲ့ဆရာ ဆရာမတွေအား ကျွန်တော့်အတွေ့အကြုံကိုဝေမျှပေးမှာပါ။ ပညာရေးလောကသားတွေအနေနဲ့ ပညာတန်ဆောင်စာအုပ်ဖတ်ဖို့ ပညာရေးသတင်းလွှာတွေ၊ ခေတ်ကြီးရဲ့ပြောင်းလဲနေတဲ့ မီဒီယာကဏ္ဍတွေအားလုံးကို ကျွန်တော်တို့က ခေတ်နဲ့အညီလိုက်နေရမှာဖြစ်တယ်ဆိုတာ ပြောပြမှာပါ” ဟု မူလတန်းပြဆရာထူးချွန် တတိယဆုရရှိသွားသော ဆရာဦးညွန့်ဝင်း (အလက (ခွဲ) ပန်းညို၊ မြောင်၊ စစ်ကိုင်း)က ပြောပြခဲ့သည်။

ထူးချွန်ဆရာဆု ချီးမြှင့်ပွဲတွင် အထက်တန်း၊ အလယ်တန်းနှင့် မူလတန်းပြ ထူးချွန်ပထမဆုရရှိသူ ဆရာ ဆရာမသုံးဦးကို တစ်ဦးလျှင် ငွေကျပ်သိန်း ၄၀ စီ၊ ထူးချွန်ဒုတိယဆုရရှိသူ ဆရာ ဆရာမသုံးဦးကို တစ်ဦးလျှင် ငွေကျပ်သိန်း ၂၀ စီနှင့် ထူးချွန်တတိယဆုရရှိသူ ဆရာဆရာမသုံးဦးတို့ကို တစ်ဦးလျှင် ငွေကျပ် ၁၀ သိန်းစီ ချီးမြှင့်ခဲ့ကြောင်း သိရသည်။

ထူးချွန်ဆရာဆု ချီးမြှင့်ခြင်းဖြင့် ကျောင်းသားအရွယ် လူမမည်ကလေးများအား လက်ဦးဆရာအဖြစ် ပုံသွန်းလောင်းပေးမည့် အခြေခံပညာ ဆရာဆရာမများအလယ်တွင် ပိုမိုဝင့်ထည်လာခြင်းနှင့်အတူ လူ့စွမ်းအားအရင်းအမြစ်မွေးထုတ်ပေးရာတွင် ပိုမိုပီပြင်လာမည်ဖြစ်ပါကြောင်း ယုံကြည်မျှော်လင့်ပါသည်။

**ဗဟိုအဆင့် ပထမဆုံးအကြိမ်ထူးချွန်ဆရာဆု ဆုရရှိသူများစာရင်း**

| | ဆု | အမည် | ကျောင်း | တိုင်းဒေသကြီး/ပြည်နယ် |
|---|---|---|---|---|
| အထက်တန်းပြဆရာထူးချွန်ဆု | ပထမ | ဒေါ်မေမေစိန် | အထက(၁) ထားဝယ် | တနင်္သာရီတိုင်း |
| | ဒုတိယ | ဒေါ်မြတ်မွန် | အထက(၁) ဘိုကလေး | ဧရာဝတီတိုင်း |
| | တတိယ | ဒေါ်နန်းအေးအေးမိုး | အထက(၁) လွိုင်ကော် | ကယားပြည်နယ် |
| အလယ်တန်းပြဆရာထူးချွန်ဆု | ပထမ | ဒေါ်မြကြွယ် | အလက(၂) ချမ်းအေးသာစံ | မန္တလေးတိုင်း |
| | ဒုတိယ | ဒေါ်တင်နီလာအေး | အထက(ခွဲ) မာခရော်ရှေ့ ဖရူဆို | ကယား |
| | တတိယ | ဒေါ်နွယ်နွယ်လွင် | အထက (၁) နမ့်ဆန် | ရှမ်း(မြောက်) |
| မူလတန်းပြဆရာထူးချွန်ဆု | ပထမ | ဒေါ်အေးအေးမော် | အလက (ခွဲ) သိဂီ | မကွေးတိုင်း |
| | ဒုတိယ | ဒေါ်ကျော့ကျော့နေဝင်း | မူလွန်-ပီတူး၊ ရေတာရှည် | ပဲခူး(ရှေ့) |
| | တတိယ | ဦးညွန့်ဝင်း | အလက(ခွဲ) ပန်းညို၊ မြောင် | စစ်ကိုင်း |

## အများပြည်သူများသို့ အသိပေးပန်ကြား

စွမ်းအင်ဝန်ကြီးဌာန၊ မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း၏ ရတနာကမ်းလွန်သဘာဝဓာတ်ငွေ့တွင်းတူးစင် (Platform) တွင် ထိန်းသိမ်းပြုပြင်ရေးလုပ်ငန်းများကို ၃၀-၁၂-၂၀၁၄ ရက်နေ့မှ ၃၁-၁၂-၂၀၁၄ ရက်နေ့အထိ ဆောင်ရွက်မည်ဖြစ်ရာ Gas Total Shut Down ဆောင်ရွက်စဉ်အချိန်အတွင်း တစ်နိုင်ငံလုံး၌ သဘာဝဓာတ်ငွေ့သုံးစက်ရုံများ၏ ဓာတ်အားထုတ်လုပ်မှုမှာ တစ်နိုင်ငံလုံးတွင် (331)MW ခန့်လျော့နည်းသွားမည် ဖြစ်ပါသည်။ လျော့နည်းသွားမည့် လျှပ်စစ်ဓာတ်အားအတွက် ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံများမှ ကူညီဖြည့်တင်းသွားမည်ဖြစ်သော်လည်း ရန်ကုန်ဇရိယာသို့ ပို့လွှတ်သည့်ဓာတ်အားလိုင်းများသည် ဝန်အားနိုင်နင်းမှုမရှိပါသဖြင့် စက်မှုဇုန်များကို ဝန်အားလျှော့ချသွားမည်ဖြစ်ပါသည်။ ဝန်အားအများဆုံးအသုံးပြုချိန်များတွင် လိုအပ်ပါက ဓာတ်အားခွဲရုံကြီးများမှ အချိန်ပိုင်းအလိုက် အလှည့်ကျဝန်အားလျှော့ခြင်းကို ဆောင်ရွက်မည်ဖြစ်သည်။

ထို့အပြင် ကမ်းလွန်သဘာဝဓာတ်ငွေ့တွင်းတူးစင်များ၌ ပြုပြင်ထိန်းသိမ်းရေး လုပ်ငန်းများဆောင်ရွက်စဉ် ခရီးအကွာအဝေးလှမ်းသော ရေအားလျှပ်စစ်ဓာတ်အားပေးရေးစက်ရုံများမှ လျှပ်စစ်ဓာတ်အားပိုမိုရယူရမည်ဖြစ်သဖြင့် ရန်ကုန်တိုင်းဒေသကြီးအတွင်း ဗို့အားကျဆင်းမှုများဖြစ်ပေါ်ခြင်း၊ ဓာတ်အားခေတ္တပြတ်တောက်ခြင်းတို့အား သည်းခံပေးကြပါရန် ပြည်သူများသို့ လေးစားစွာဖြင့် ပန်ကြားအပ်ပါသည်။

**ရန်ကုန်မြို့တော် လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့**



## မြန်မာ-တရုတ် ချစ်ကြည်ရေး ဘတ်စကက်ဘောပြိုင်ပွဲဖွင့်

**ရန်ကုန် ဒီဇင်ဘာ ၂၈**

မြန်မာနိုင်ငံ ဘတ်စကက်ဘောအဖွဲ့ချုပ်နှင့် မြန်မာနိုင်ငံ တရုတ်ကုန်သည်များအသင်းတို့ပူးပေါင်း၍ ၂၀၁၅ ခုနှစ် မြန်မာနိုင်ငံ တရုတ်ကုန်သည်များအသင်း (၁၀၆)နှစ်မြောက် အထိမ်းအမှတ် မြန်မာ-တရုတ် ချစ်ကြည်ရေး အမျိုးသားဘတ်စကက်ဘောပြိုင်ပွဲဖွင့်ပွဲကို ယနေ့ မွန်းလွဲ ၁ နာရီက ရန်ကုန်မြို့ အောင်ဆန်းအားကစားပြိုင်ဝင်း မိုးလုံလေလုံအားကစားရုံ၌ ကျင်းပသည်။

ရှေးဦးစွာ မြန်မာနိုင်ငံအမျိုးသားအားကစားကော်မတီဥက္ကဋ္ဌ မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဥက္ကဋ္ဌ အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင့်ဆန်း၊ မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံသံအမတ်ကြီး Mr. Yang Hou Lon တို့က အမှာစကားပြောကြားသည်။

အဆိုပါပြိုင်ပွဲတွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ ကလပ်အသင်းခြောက်သင်းနှင့် မြန်မာနိုင်ငံမှ ညွန့်ပေါင်းအသင်း လေးသင်းပါဝင်ယှဉ်ပြိုင်ကြပြီး ၂၀၁၅ ခုနှစ် ဇန်နဝါရီ ၁ ရက်အထိ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။ **တင်စိုး(မြန်မာ့အလင်း)**

◆ *ကျောက်ဖြူမှ*

တတိယ၊ ဇော်မင်းလတ်ကအဆင့်လေး၊ မင်းဇော်ကအဆင့်ငါး၊ ထွန်းညွန့်ဆွေက အဆင့်ခြောက်၊ နိုင်လွင်ထူးက အဆင့်ခုနစ်၊ ခင်မောင်ကအဆင့်ရှစ်၊ သစ်ထွန်းက အဆင့်ကိုးနှင့် ဇော်မင်းထွန်းက အဆင့်(၁၀)တို့ ရရှိခဲ့ကြသည်။

ယခုပြိုင်ပွဲကို ပြိုင်ပွဲဝင်စုစုပေါင်း ၅၀၀၀ ကျော်ဝင်ရောက်ယှဉ်ပြိုင်ခဲ့ပြီး မသန်စွမ်းအပြေးသမားနှစ်ဦးလည်း ဝင်ရောက်ယှဉ်ပြိုင်ခဲ့သည်။ ပြိုင်ပွဲတွင် အဆင့်(၁)မှ (၂၀) အထိ ရရှိသူများကို ဆုကြေးငွေများချီးမြှင့်ခဲ့ပြီး ပထမဆုကိုငွေကျပ် ၁၀ သိန်း၊ ဒုတိယဆုကို ငွေကျပ်ခုနစ်သိန်း၊ တတိယဆုကို ငွေကျပ်ငါးသိန်း၊ စတုတ္ထဆုကို ငွေကျပ်သုံးသိန်း၊ ပဉ္စမဆုကိုငွေကျပ်နှစ်သိန်းစီ၊ အဆင့်ခြောက်မှ ၁၀ အထိ ရရှိသူများကို ငွေကျပ်တစ်သိန်းစီ၊ အဆင့်(၁၁)မှ (၂၀) အထိ ရရှိသူများကို ငွေကျပ်ငါးသောင်းစီချီးမြှင့်ခဲ့ကြောင်း သိရသည်။

ယခုပြိုင်ပွဲကို တာဝန်ယူကျင်းပသည့် မုတ္တမကုမ္ပဏီအနေဖြင့် ပြိုင်ပွဲဝင်များကို အခမဲ့ယှဉ်ပြိုင်ခွင့်ပြုခဲ့ပြီး ပြိုင်ပွဲဝင်တစ်ဦးလျှင်ငွေကျပ်ငါးထောင်နှုန်းဖြင့် ရန်ကုန်တိုင်းဒေသကြီး မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းရန်ပုံငွေအဖြစ် ပြန်လည်လှူဒါန်းခဲ့ရာ ပြိုင်ပွဲဝင်များအတွက် ကုသိုလ်ပါရခဲ့သည့် ပြိုင်ပွဲဟုဆိုရမည်ဖြစ်သည်။

■ *ရှေ့ဖုံးမှ*

ကျောက်တော်ကြီးကို ပင့်ဆောင်ရာတွင် စကျင်၊ မတ္တရာမှ မန္တလေးမြို့တွင် မန္တလေးတောင် အရှေ့ဘက်၊ ကျုံးအရှေ့ဘက် ၆၆ လမ်းအတိုင်း၊ သိပ္ပံလမ်းအထိ၊ သိပ္ပံလမ်းမှ ရန်ကုန်-မန္တလေးလမ်းဟောင်းအတိုင်း ပလိပ်၊ ထိုမှ အမြန်လမ်းမပေါ်သို့ တက်ပြီး အမြန်လမ်းအတိုင်း နေပြည်တော်အရောက်သယ်ဆောင်မည်ဖြစ်သည်။ ဇန်နဝါရီ ၁ ရက်ညတွင် စကားအင်းကားရပ်နားကွင်းတွင် လည်းကောင်း၊ ဇန်နဝါရီ ၂ ရက်တွင် မိတ္ထီလာသီးကုန်းစခန်းတွင်လည်းကောင်း ရပ်နားမည်ဖြစ်ပြီး ဇန်နဝါရီ ၃ ရက်တွင် နေပြည်တော်အရောက်သယ်ဆောင်မည်ဖြစ်သည်။

ကျောက်တော်ကြီးကို တင်ဆောင်သယ်ယူမည့် Heavy Modular Trailer ယာဉ်ကြီးသည် အလျားပေ ၉၀ ရှိပြီးဘီးလုံး ၁၂၂ လုံးပါဝင်ကာ ဘီးလုံးတိုင်းတွင် အလိုက်သင့်ကွေ့နိုင်သော စတီယာရင်စနစ်ပါဝင်ပြီးဟန်ချက်ညီစေရန် အလိုအလျောက်ထိန်းညှိပေးနိုင်သော ဟိုက်ဒြောလစ်စနစ်များပါဝင်၍ ကျောက်တော်ကြီးကိုသယ်ဆောင်ရာ လမ်းခရီးတစ်လျှောက်တွင် ဘေးအန္တရာယ်ကင်းရှင်းစွာ မောင်းနှင်နိုင်မည်ဖြစ်ပြီး တံတားများပေါ်တွင်လည်း အပိုဝန်မဖြစ်နိုင်ကြောင်း ဆင်နှစ်ကောင်မိသားစုကုမ္ပဏီမှ မန်နေဂျင်းဒါရိုက်တာ ဦးဟန်စိုးကျော်က ပြောသည်။

အဆိုပါဆင်းတုတော်ကြီးအား နေပြည်တော်ကောင်စီက အကောင်အထည်ဖော်ကာ အေစီအီးကုမ္ပဏီက အဓိကပံ့ပိုးလှူဒါန်းထားကြောင်း သိရသည်။

**အေးမြ(မန္တလေး)**

## နွေစပါးစိုက်ခင်းများအား ကွင်းဆင်းကြည့်ရှု

**မော်လမြိုင် ဒီဇင်ဘာ ၂၈**

မွန်ပြည်နယ် လမိုင်းမြို့နယ်ခွဲ ဘူတာကုန်းရွာတွင် တောင်သူဦးရွှေ၏ လယ်မြေ၌ ဆင်းရွှေလီစပါး နည်းမှန်စနစ်မှန် စိုက်ပျိုးနေမှုများကို မြို့နယ်ခွဲအုပ်ချုပ်ရေးမှူး ဦးတင့်နိုင်ဝင်းနှင့် ဌာနဆိုင်ရာများ၊ စိုက်ပျိုးရေးဝန်ထမ်းများက ဒီဇင်ဘာ ၂၅ ရက် နံနက် ၁၀ နာရီက တောင်သူဦးရွှေ၏ နွေစပါးစိုက်ခင်း၌ သွားရောက်ကွင်းဆင်းစစ်ဆေးကြည့်ရှုကြကြောင်း သိရသည်။

**တင်ဇာစိုး(iprd)**

## ပြည်သူ့အကျိုးဖော်ဆောင်ဖို့ အခွန်မှန်စွာ ပေးဆောင်စို့

ပြည်တွင်းသတင်း

❒ ရှေ့ဖုံးမှ

ထို့ကြောင့် တောင်သူလယ်သမားများသည် ခေတ်အဆက်ဆက်၌ ကျေးဇူးရှင်တောင်သူလယ်သမားကြီးများဟု ဂုဏ်ပြုသတ်မှတ်ပြီး စိုက်ပျိုးထုတ် လုပ်မှုစွမ်းအားမြင့်မားစေပြီး လူနေမှုအဆင့်အတန်းများ တိုးတက်မြင့်မားလာစေရန် အားပေးဆောင်ရွက်ခဲ့ကြပါကြောင်း၊ ထိုက်သင့်သည့် တိုးတက်မှုများရှိသကဲ့သို့ ပြဿနာများ၊ အခက်အခဲများ၊ စိန်ခေါ်မှုများနှင့်လည်း ကြုံတွေ့နေရဆဲ ဖြစ်ပါကြောင်း။

တောင်သူလယ်သမားကြီးများ၏ လူမှုစီးပွားရေးဘဝမြင့်မားတိုးတက်ရေးကို ရှေးရှုပြီး တွေ့ကြုံနိုင်သည့် အခက်အခဲပြဿနာများကို ဥပဒေနှင့်အညီ ဖြေရှင်းပေးနိုင်စေရန်အတွက် လယ်ယာမြေဥပဒေ၊ တောင်သူလယ်သမားအခွင့်အရေး ကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေးဥပဒေများ ရေးဆွဲအတည်ပြုပြဋ္ဌာန်းနိုင်ခဲ့ပြီး ဖြစ်ပါကြောင်း၊ ကြုံတွေ့နေရဆဲဖြစ်သည့် မြေယာအငြင်းပွားမှုပြဿနာများကိုလည်း ပြည်ထောင်စုလွှတ်တော်က ဖွဲ့စည်းထားသည့် လယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းခံရမှု စုံစမ်းရေးကော်မရှင်က ဦးဆောင်ပြီး ရှင်းလင်းဆောင်ရွက်ပေးလျက် ရှိပါကြောင်း။

မိမိတို့သည် တောင်သူလယ်သမားများ ရရှိပြီးဖြစ်သည့် အခြေအနေကောင်းများကို လျှော့နည်းဆုံးရှုံးခြင်းမရှိစေဘဲ တောင်သူလယ်သမားများ၏ လူမှုစီးပွားဘဝ ပိုမိုတိုးတက်မြင့်မားလာစေရန် လုပ်ငန်းစဉ်များချမှတ်ထားပြီး တောင်သူလယ်သမားများနှင့်အတူ ဝိုင်းဝန်းကြိုးပမ်း ဆောင်ရွက်လျက်ရှိပါကြောင်း။

တောင်သူလယ်သမားများ၏ လူမှုစီးပွားဘဝ မြင့်မားတိုးတက်လာစေရေးအတွက် တောင်သူလယ်သမားရေးရာ ကော်မတီ အဆင့်ဆင့်ကိုလည်း ဖွဲ့စည်းဆောင်ရွက်လျက် ရှိပါကြောင်း။

တောင်သူလယ်သမားရေးရာ လူထုတွေ့ဆုံပွဲကြီး၏ အဓိကရည်မှန်းချက်များဖြစ်သည့် အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီနိုင်ငံတော်တည်ထောင်ရေးတွင် တောင်သူလယ်သမားများ တက်ကြွစွာ ပူးပေါင်းပါဝင်ဆောင်ရွက်လာစေရန်၊ တောင်သူလယ်သမားများ၏ အခွင့်အရေးများအပြည့်အဝရရှိရေးနှင့် လူမှုဘဝဖွံ့ဖြိုးတိုးတက်ရေး ဘက်ပေါင်းစုံမှ ဖြည့်ဆည်း ဆောင်ရွက်ပေးရန်၊ တောင်သူလယ်သမားများ၏ အကျိုးစီးပွားဖော်ဆောင်ရေး အတွက် ရည်ရွယ်ချက်ချင်းတူညီသည့် အသင်းအဖွဲ့များနှင့်အတူ လက်တွဲပူးပေါင်းဆောင်ရွက်ရန်ဆိုသည့် ရည်ရွယ်ချက်များနှင့်အညီ မကွေးတိုင်းဒေသကြီး တောင်သူလယ်သမားကိုယ်စားလှယ်များအနေဖြင့် မိမိတို့၏ ဘဝ၊ ဆန္ဒ၊ ပကတိ အခြေအနေများနှင့် ထင်ဟပ်သည့် ဆွေးနွေးအဆိုပြုချက်များ၊ ဆုံးဖြတ်ချက်များ၊ ရှေ့လုပ်ငန်းစဉ်များ ဖော်ထုတ်ရရှိနိုင်အောင် ဆွေးနွေးသွားကြပါ၊ မိမိတို့အနေဖြင့်လည်း ဖော်ထုတ်ရရှိလာမှုများအပေါ် အလေးထားပြီး တောင်သူလယ်သမားများ၏ လူနေမှုဘဝ မြင့်မားတိုးတက်ရေး အတွက် ကိုယ်တိုင်ပါဝင်ဆောင်ရွက်ရုံသာမက လွှတ်တော်၊ အစိုးရအဖွဲ့၊ နိုင်ငံရေးပါတီများ၊ အရပ်ဘက်အဖွဲ့အစည်းများနှင့် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်သွားမည်ဟု ကတိပြုပါကြောင်းဖြင့်ပြောကြားသည်။

ယင်းနောက် မကွေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဘုန်းမော်ရွှေက အမှာစကား ပြောကြားသည်။

ဆက်လက်၍ တောင်သူလယ်သမားကိုယ်စားလှယ်များက အဆိုများကို ဖတ်ကြားတင်သွင်းထောက်ခံဆွေးနွေးကြသည်။

ထို့နောက် မကွေးခရိုင် တောင်သူလယ်သမားကိုယ်စားလှယ်များက မေးခွန်းများမေးမြန်းတင်ပြကြရာ တိုင်းဒေသကြီးအစိုးရအဖွဲ့ ကိုယ်စား စိုက်ပျိုးရေးနှင့် မွေးမြူရေးဝန်ကြီး ဦးအောင်နိုင်က ပြန်လည်ရှင်းလင်းဖြေကြားသည်။

ယင်းနောက် ပြည်ထောင်စုလွှတ်တော်နာယက ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းက သုံးသပ်ဖြည့်စွက်ပြောကြားရာတွင် ယနေ့ အဓိကတင်ပြဆွေးနွေးသွားမှုများသည် တောင်သူလယ်သမားများ ဆင်းရဲမှုခက်ခဲကြုံတွေ့နေရဆဲ ဖြစ်ကြောင်းနှင့် စိန်ခေါ်မှုများ ကြုံတွေ့နေရဆဲဖြစ်ကြောင်းကို သုံးသပ်တွေ့ရှိရမည်ဖြစ်ကြောင်း၊ သို့ဖြစ်၍ တောင်သူလယ်သမားဘဝ မြင့်မားတိုးတက်ရေးနှင့် လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ပေးရန်၊ တောင်သူလယ်သမားများ ကြုံတွေ့နေရသည့် လယ်ယာမြေပြဿနာများ ဖြေရှင်းပေးရန်၊ တိုင်းဒေသကြီးအတွင်း တရားဥပဒေစိုးမိုးမှု ရှိမှသာ တည်ငြိမ် အေးချမ်းပြီး ဖွံ့ဖြိုးတိုးတက်မည်ဖြစ်၍ တောင်သူလယ်သမားများအပါအဝင် ပြည်သူများအားလုံး ပါဝင်ဆောင်ရွက်ရန်ဆိုသည့် အဓိပ္ပာယ်သက်ရောက်သော အဆိုနှင့် မေးခွန်းများဖြစ်ကြောင်း၊ အဆိုပါ အချက်များသည် မြန်မာနိုင်ငံ၏ ဒီမိုကရေစီ ပြုပြင်ပြောင်းလဲရေးကို တွန်းအားပေးတိုက်တွန်းခြင်း ဖြစ်သည်ဟု ခံယူဆောင်ရွက်သွားရမည် ဖြစ်ကြောင်း။

ယနေ့ တင်ပြဆွေးနွေးခဲ့ကြသည့် တောင်သူလယ်သမားများ လူမှုစီးပွားဘဝ မြင့်မားရေး၊ လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး၊ မြေယာပြဿနာဖြေရှင်းပေးရေး အဆိုများသည် မှန်ကန်ကောင်းမွန်သည့် အဆိုများဖြစ်ကြောင်း၊ လက်ရှိလွှတ်တော်များနှင့်အစိုးရအဖွဲ့များကသာလျှင် မြေယာပြဿနာများကို ဖြေရှင်းဆောင်ရွက် ပေးနိုင်လိမ့်မည်ဟု တင်ပြတိုက်တွန်းမှုများသည် မှန်ကန်မှုရှိသည့်အတွက် ကြိုဆိုပါကြောင်း၊ ထိုနည်းတူအောင်မြင်အောင်ဆောင်ရွက်ပေးရမည်ဟု ခံယူပြီး အောင်မြင်အောင်ဆောင်ရွက်သွားမည်ဟု ကတိပြုပြောကြားလိုပါကြောင်း။

၂၀၀၈ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ပေါ်ပေါက်လာသည့် အစိုးရအဖွဲ့နှင့် လွှတ်တော်များသည် လေးနှစ်ကာလ ပြည့်မြောက်တော့မည်ဖြစ်ကြောင်း၊ ပြီးခဲ့သည့် လေးနှစ်အတွင်း နိုင်ငံသားများ၏ ဒီမိုကရေစီ အခွင့်အရေး၊ လူ့အခွင့်အရေးများကို လွှတ်တော်အသီးသီးနှင့်အတူ ပြည်ထောင်စုအစိုးရ၊ တိုင်းဒေသကြီး၊ ပြည်နယ် အစိုးရများက ကြိုးပမ်းဆောင်ရွက်လျက်ရှိပါကြောင်း၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးဝန်ကြီးရှင်းလင်းတင်ပြသွားသကဲ့သို့ အစိုးရသစ်လက်ထက်တွင် စိုက်ပျိုးစရိတ်ချေးငွေများ တိုးမြှင့်ပေးခဲ့ကြောင်း၊ သို့ရာတွင် ချေးငွေတိုးမြှင့်ပေးရုံနှင့် တောင်သူလယ်သမားများ၏ဘဝ ဖွံ့ဖြိုးတိုးတက်ရေး မလုံလောက်သေးဟု သုံးသပ်ပြီး ယနေ့တင်ပြချက်များကို ထင်ဟပ်သည့် တောင်သူလယ်သမားအခွင့်အရေးကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေးဥပဒေကို ၂၀၁၃ ခုနှစ် အောက်တိုဘာလ၌ အတည်ပြု ပြဋ္ဌာန်းနိုင်ခဲ့ပါကြောင်း၊ ယင်းဥပဒေ အကျိုးသက်ရောက်မှုရှိပါက ယနေ့ တင်ပြမှုများကို ရာခိုင်နှုန်းပြည့်မဟုတ်သည့်တိုင် ၉၀ ရာခိုင်နှုန်းခန့်ဖြေရှင်း ဆောင်ရွက်ပေးနိုင်မည်ဖြစ်ပါကြောင်း၊ အဆိုပါ ဥပဒေ၏ ရည်ရွယ်ချက်များအရ စိုက်ပျိုးစရိတ်ချေးငွေပိုမိုရရှိရေးနှင့် ချေးငွေ ပြန်ဆပ်ကာလတိုးမြှင့်ပေးရေး၊ သဘာဝ ဘေးအန္တရာယ်ကြောင့် သီးနှံများ ဆုံးရှုံးမှုဖြစ်ပေါ်ပါက ထောက်ပံ့ငွေပေးရေး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနည်းပညာများ ဖြန့်ဖြူးပေးရေးထွက်ရှိသည့် သီးနှံများ ဈေးနှုန်းတည်ငြိမ်ရေးနှင့် ထိုက်သင့်သည့် ဈေးနှုန်းသတ်မှတ်ပြီး အကျိုးစီးပွား ဖြစ်ထွန်းစေရေး၊ ဝိုင်းကြီးချုပ်ငွေချေးသည့်စနစ်မှ ကိုယ့်တာဝန် ကိုယ်ယူသည့် ငွေချေးစနစ်ဖြစ်ရေး ထည့်သွင်းပြဋ္ဌာန်းထားပါကြောင်း။

ယနေ့ တွေ့ဆုံပွဲအခမ်းအနားသို့တက်ရောက်ကြသည့် တောင်သူလယ်သမားများနှင့် ပြည်သူလူထုအပေါင်းကို ကျေးဇူးတင်ဂုဏ်ပြုပါသည်ဟု ပြောကြားလိုကြောင်း၊ အခမ်းအနားပြီးလျှင် ပြီးရောမဟုတ်ဘဲ ရှေ့လုပ်ငန်းစဉ်များ ချမှတ်ရန်လိုကြောင်း၊ ယင်းလုပ်ငန်းစဉ်များကို ပြည်ထောင်စုလွှတ်တော်၊ ပြည်ထောင်စုအစိုးရအဖွဲ့၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ အပါအဝင် ပြည်သူအားလုံး ပါဝင်ဆောင်ရွက်ကြရန်လိုကြောင်း၊ မိမိတို့လွှတ်တော်အနေဖြင့် ဥပဒေပြုရေးတာဝန်များကို အဓိက ထမ်းဆောင်လျက်ရှိပြီး မဏ္ဍိုင် (၃)ရပ် အပြန်အလှန် ထိန်းကျောင်းဆောင်ရွက်လျက်ရှိကြောင်း၊ ပြည်ထောင်စုလွှတ်တော်၏ အဓိကတာဝန်မှာ နိုင်ငံ၏ရငွေ၊ သုံးငွေဆိုင်ရာများကို ကြီးကြပ်ဆောင်ရွက်ရခြင်းဖြစ်ကြောင်း၊ လွှတ်တော်များအတွင်း၌ မေးခွန်းများ မေးမြန်းခြင်း၊ အဆိုများ တင်သွင်းဆွေးနွေးခြင်း၊ဥပဒေကြမ်းများ ရေးဆွဲပြဋ္ဌာန်းခြင်း ဆောင်ရွက်လျက်ရှိပါကြောင်း၊ ယနေ့ တင်ပြဆွေးနွေးချက်များသည် အလွန်ပင် အနှစ်သာရရှိပြီး တိုင်းဒေသကြီးအတွင်းရှိ ပြည်သူများအတွက်သာမက နိုင်ငံတော်အတွက် အရေးကြီးသည့် ဆောင်ရွက်ချက်များဖြစ်ပါကြောင်း၊ တိုင်းဒေသကြီးအတွင်း တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး၊ ဖွံ့ဖြိုးတိုးတက်ရေးအဆိုသည်လည်း ပြည်ထောင်စုလွှတ်တော်အတွင်း ဆောင်ရွက်နေသည့် ကိစ္စဖြစ်၍ကြိုဆိုပါကြောင်း။

နိဂုံးချုပ်အနေဖြင့် မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့၌ ကျင်းပသည့် တွေ့ဆုံပွဲသည် ရည်ရွယ်ချက်ရှိရှိ စေတနာပါပါကျင်းပသည့် အခမ်းအနားဖြစ်ပြီး အဆိုများ၊ မေးခွန်းများသည် နိုင်ငံတော်နှင့်နိုင်ငံသားများ အကျိုးဖြစ်ထွန်းစေမည်ဖြစ်ပါကြောင်း၊ တောင်သူလယ်သမားများဘဝမြင့်မားရေးနှင့် လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် ယနေ့ဆွေးနွေးပွဲကြီးက ဖော်ဆောင်ပေးနိုင်မည်ဟု မျှော်လင့်ယုံကြည်ပါကြောင်းဖြင့် ပြောကြားသည်။

အခမ်းအနားအပြီးတွင် ပြည်ထောင်စုလွှတ်တော် နာယကသည် တက်ရောက်လာကြသော တောင်သူလယ်သမားများအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

အဆိုပါ အခမ်းအနားသို့ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဘုန်းမော်ရွှေ၊ တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌဦးရဲမြင့်၊ ပြည်သူ့လွှတ်တော်နှင့်အမျိုးသားလွှတ်တော်ကော်မတီဥက္ကဋ္ဌများ၊ ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ်များ၊ တိုင်းဒေသကြီးအစိုးရ အဖွဲ့ဝင်များ၊ တိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ်များ၊ ဒေသခံတောင်သူလယ်သမားများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ခဲ့ကြသည်။ **(သတင်းစဉ်)**





**ပြည်ထောင်စုလွှတ်တော်နာယက ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း တောင်သူလယ်သမားရေးရာ လူထုတွေ့ဆုံပွဲ အခမ်းအနားတွင် အမှာစကား ပြောကြားစဉ်။** (သတင်းစဉ်)

## ဗိုလ်ရှုခံအခမ်းအနားဖိတ်ကြားရေးကြိုဆိုနေရာချထားရေးနှင့် ဖျော်ဖြေရေးဆပ်ကော်မတီ လုပ်ငန်းညှိနှိုင်းစည်းဝေး

**နေပြည်တော် ဒီဇင်ဘာ ၂၈**

(၆၇)နှစ်မြောက် လွတ်လပ်ရေးနေ့ ဗိုလ်ရှုခံအခမ်းအနားဖိတ်ကြားရေး၊ ကြိုဆိုနေရာချထားရေးနှင့် ဖျော်ဖြေရေး ဆပ်ကော်မတီ၏ လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို ဗိုလ်ရှုခံအခမ်းအနား ရှင်းလင်းဆောင်၌ကျင်းပရာ ဖိတ်ကြားရေး၊ ကြိုဆိုနေရာချထားရေးနှင့် ဖျော်ဖြေရေးဆပ်ကော်မတီဥက္ကဋ္ဌ ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စု ဝန်ကြီး ဦးအေးမြင့်ကြူ တက်ရောက်အမှာစကားပြောကြားသည်။ **(ယာပုံ)**

အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီးက ဗိုလ်ရှုခံအခမ်းအနား အောင်မြင်စွာကျင်းပနိုင်ရေးအတွက် လုပ်ငန်းအလိုက် ဆောင်ရွက်ရမည့် အချက်များ၊ ကြိုဆိုနေရာ ချထားရေးအတွက် အဖွဲ့အစည်းများဖွဲ့စည်းပြီး စနစ်တကျဆောင်ရွက်ရန် မှာကြားသည်။ ထို့နောက် ဆပ်ကော်မတီ ဒုတိယဥက္ကဋ္ဌ ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသန်းဆွေနှင့် အားကစားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဇော်ဝင်းတို့က ဖြည့်စွက်ဆွေးနွေးကြ သည်။

ဆက်လက်၍ ဆပ်ကော်မတီ အတွင်းရေးမှူး အနုပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးရန်နိုင်ဦးက အခမ်းအနားသို့ ဝင်ရောက်မည့် ဝင်ပေါက်များ၊ ရင်ထိုးတံဆိပ် နမူနာပုံစံများ၊ နေရာချထားမှုများ၊ ပြင်ဆင်ဆောင်ရွက်ထားရှိမှုတို့ကို ရှင်းလင်းတင်ပြသည်။ ထို့နောက် အစည်းအဝေးသို့ တက်ရောက်လာသူများက သိရှိလိုသည်များကို မေးမြန်းဆွေးနွေးရာ ပြည်ထောင်စုဝန်ကြီးက ပြန်လည် ရှင်းလင်းသည်။



အစည်းအဝေးအပြီးတွင် ဝန်ကြီးနှင့်အဖွဲ့များသည် ဗိုလ်ရှုခံကျင်းပမည့် နေရာသို့သွားရောက်ပြီး အခမ်းအနားသို့တက်ရောက်မည့် ဧည့်သည်တော်ကြီးများအတွက် နေရာချထားမှုများကို သွားရောက်ကြည့်ရှုပြီး လိုအပ်သည်များကို ဖြည့်ဆည်းပေးခဲ့ကြောင်းသိရသည်။ **(မြန်မာ့အလင်း)**

**မြန်မာ့ပင်လယ်ပြင် အခြေအနေ**

မုတ္တမကွေ့၊ မွန်-တနင်္သာရီကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ အရှေ့ဘက်မှ လေပြင်းများတိုက်ခတ်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ အရှေ့ဘက်မှ လေပြင်းများတိုက်ခတ်စဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် ၃၅ မိုင်အထိ တိုက်ခတ်နိုင်သည်။ ကျန်မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်ရှိမည်။ **(မိုး/ဇလ)**

# (၆၇)ကြိမ်မြောက် တိပိဋကဓရ၊ တိပိဋကကောဝိဒ ရွေးချယ်ရေးစာမေးပွဲ ဖွင့်ပွဲကျင်းပ

**ရန်ကုန် ဒီဇင်ဘာ ၂၈**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သာသနာရေးဝန်ကြီးဌာန သာသနာရေးဦးစီးဌာနက ကြီးမှူးကျင်းပသည့် (၆၇) ကြိမ်မြောက် တိပိဋကဓရ၊ တိပိဋကကောဝိဒ ရွေးချယ်ရေးစာမေးပွဲ ဖွင့်ပွဲအခမ်းအနားကို ဒီဇင်ဘာ ၂၈ ရက် (ယနေ့) နံနက် ၈ နာရီခွဲတွင် ရန်ကုန်မြို့ သီရိမင်္ဂလာ ကမ္ဘာအေးကုန်းမြေရှိ ဝိဇယမင်္ဂလာမဓမ္မသဘင်၌ ကျင်းပသည်။



အဆိုပါအခမ်းအနားသို့ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ ဆရာတော် မန္တလေးမြို့ ဗန်းမော်ကျောင်းတိုက် ဆရာတော်အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဒေါက်တာဘဒ္ဒန္တကုမာရာဘိဝံသ၊ တိပိဋကဓရ၊ တိပိဋကကောဝိဒရွေးချယ်ရေးအဖွဲ့ ဩဝါဒါစရိယဥက္ကဋ္ဌ ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာမြို့နယ် သာသနာ့ဂုဏ်ရည် ကျောင်းတိုက် ပဓာနနာယက အဂ္ဂမဟာ ပဏ္ဍိတ ဘဒ္ဒန္တပညိဿရာဘိဝံသနှင့် နိုင်ငံတော်သံဃမဟာနာယက ဆရာတော်ကြီးများ၊ တိပိဋကဓရရွေးချယ်ရေးအဖွဲ့ ဩဝါဒါစရိယ ဆရာတော်ကြီးများ၊ စာထောက်စာမဆရာတော်ကြီးများ၊ စာပြန်သံဃာတော်များ ကြွရောက်တော်မူကြပြီး သာသနာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးစိုးဝင်းနှင့် ဖိတ်ကြားထားသည့် ဧည့်သည်တော်များ၊ အလှူရှင်များ တက်ရောက်ကြည်ညိုကြသည်။ **(အပေါ်ယာပုံ)**

တိပိဋကဓရ၊ တိပိဋကကောဝိဒ ရွေးချယ်ရေးစာမေးပွဲကို နှစ်စဉ်(၃၃) ရက်ကြာ ကျင်းပသည်။ ပိဋကတ်သုံးပုံ အာဂုံပိုင်းတွင် ဝိနည်းငါးကျမ်း၌ အရှေ့ပိုင်းနှစ်ကျမ်း စာမျက်နှာပေါင်း ၈၅၁ မျက်နှာကို ခြောက်ရက်ပြန်ဆိုရပြီး အောင်မြင်ပါက "ဥဘတောဝိဘင်္ဂဓရ" အသိအမှတ်ပြု အောင်လက်မှတ် ဆက်ကပ်သည်။ ဝိနည်းနောက်ပိုင်း သုံးကျမ်း စာမျက်နှာပေါင်း ၁၄၀၉ မျက်နှာကို ကိုးရက်ပြန်ဆိုရပြီး အောင်မြင်ပါက "ဝိနယဓရ" ဘွဲ့တံဆိပ်နှင့် အဆောင်အယောင် ဆက်ကပ်သည်။

သုတ္တန္တပိဋကသုတ် သုံးကျမ်း စာမျက်နှာပေါင်း ၇၇၉ မျက်နှာကို ကိုးရက် ပြန်ဆိုအောင်မြင်ပါက "ဒီဃဘာဏက" ဘွဲ့တံဆိပ်နှင့် အဆောင်အယောင်များ ဆက်ကပ်သည်။

အဘိဓမ္မာ ရှေ့ပိုင်းငါးကျမ်း စာမျက်နှာပေါင်း ၁၃၉၀ မျက်နှာရှိရာ ဓမ္မသင်္ဂဏီတစ်ကျမ်း သုံးရက်၊ ဝိဘင်းတစ်ကျမ်းကိုသုံးရက်၊ ဓာတုကထာတစ်ကျမ်းကို တစ်ရက်၊ ပုဂ္ဂလပညတ်တစ်ကျမ်းကိုတစ်ရက်၊ ကထာဝတ္ထုတစ်ကျမ်းကို သုံးရက် စုစုပေါင်း ၁၁ ရက် ပြန်ဆိုအောင်မြင်ပါက "မူလအာဘိဓမ္မိက"အောင်လက်မှတ် ဆက်ကပ်သည်။

အဘိဓမ္မာနောက်ပိုင်း နှစ်ကျမ်းကို စာမျက်နှာပေါင်း ၃၅၉၇ မျက်နှာရှိရာ ယမက ပါဠိတော်သုံးကျမ်းကို ခြောက်ရက်၊ ပဋ္ဌာနပါဠိတော်ငါးကျမ်းကို ၁၂ ရက် စုစုပေါင်း ၁၈ ရက် အာဂုံပြန်ဆိုအောင်မြင်တော်မူပါက ပိဋကသုံးပုံအာဂုံဆောင် "တိပိဋကဓရ" ဘွဲ့တံဆိပ်တော်နှင့် အဆောင်အယောင်များ ဆက်ကပ်သည်။ ဝိနည်းရှေ့ပိုင်းမှ အဘိဓမ္မာနောက်ပိုင်းထိစုစုပေါင်း ၅၃ ရက်တိုင်တိုင် ပြန်ဆိုရသည်။ ပိဋကတ်သုံးပုံ အာဂုံပြန်ဆိုပွဲကို တစ်ရက်လျှင် နံနက်ပိုင်း ၈ နာရီမှ ၁၀ နာရီအထိ လေးချိန်၊ နေ့ခင်းပိုင်း မွန်းလွဲ ၁ နာရီမှ ညနေ ၄ နာရီအထိ ငါးကြိမ်၊ တစ်ကြိမ်လျှင် ၂၅ မိနစ်ပြန်ဆိုရပြီး ၁၀ မိနစ်နားဖြင့် စုစုပေါင်း ကိုးကြိမ် ပြန်ဆိုရသည်။

ပိဋကတ်သုံးပုံ ရေးဖြေပိုင်းတွင် ဝိနည်းရှေ့ပိုင်းနှစ်ကျမ်း ၈၅၁ မျက်နှာကို တစ်ရက်လျှင် လေးနာရီမေးခွန်း နှစ်ရက် ဖြေဆိုရသည်။ ဖြေဆိုရာတွင် အောင်မှတ် ၇၅ မှတ်ဖြစ်ပြီး ရေးဖြေအောင်မြင်ပါက "ဥဘတောဝိဘင်္ဂကောဝိဒ" ဘွဲ့လက်မှတ် ဆက်ကပ်သည်။ ဝိနည်းနောက်ပိုင်း သုံးကျမ်း စာမျက်နှာ ၁၄၀၉ မျက်နှာကို သုံးရက် ရေးဖြေအောင်မြင်ပါက "ဝိနယကောဝိဒ" ဘွဲ့တံဆိပ်နှင့် အဆောင်အယောင်များ ဆက်ကပ်သည်။

သုတ္တန္တပိဋက သုတ်သုံးကျမ်း ၇၇၉ မျက်နှာအား သုံးရက် ပါဠိတော်၊ အဋ္ဌကထာ၊ ဋီကာများဖြေဆို အောင်မြင်ပါက "ဒီဃနိကာယကောဝိဒ" အောင်လက်မှတ်နှင့် ဘွဲ့တံဆိပ် အဆောင်အယောင်များ ဆက်ကပ်သည်။ ဝိနည်းနှင့် ဒီဃနိကာယ်ပြန်ဆို/ရေးဖြေ အောင်မြင်လျှင် ဒွိပိဋကဓရ၊ ဒွိပိဋကကောဝိဒ ပိဋကတ် နှစ်ပုံဆောင်ဟု သတ်မှတ်သည်။ ဂုဏ်ထူးအမှတ်မှာ ၈၀ ဖြစ်ပြီး ဂုဏ်ထူးဖြင့် အောင်မြင်ပါက ဘွဲ့တံဆိပ်တော်များ၏ အရှေ့၌ "ဝိသိဋ္ဌ"ဘွဲ့ဂုဏ်ထူးချီးမြှင့်ပေးသည်။

အဘိဓမ္မာ ရှေ့ပိုင်းငါးကျမ်း စာမျက်နှာပေါင်း ၁၃၉၀ မျက်နှာ၊ ပါဠိတော်၊ အဋ္ဌကထာ၊ ဋီကာများကို ငါးရက်ရေးဖြေအောင်မြင်ပါက "မူလအဘိဓမ္မကောဝိဒ" အောင်လက်မှတ်ဆက်ကပ်သည်။

အဘိဓမ္မာနောက်ပိုင်းနှစ်ကျမ်း ၃၅၉၇ မျက်နှာကို လေးရက်ရေးဖြေအောင်မြင်ပါက "တိပိဋကကောဝိဒ" ဘွဲ့တံဆိပ်နှင့် အဆောင်အယောင်များ ဆက်ကပ်သည်။ ပိဋကတ်သုံးပုံ ရေးဖြေပွဲကို ဝိနည်းရှေ့ပိုင်းမှ အဘိဓမ္မာနောက်ပိုင်းထိ ကျမ်းစာအုပ်ပေါင်း ၂၀ အုပ်မှ ပါဠိတော်၊ အဋ္ဌကထာ၊ ဋီကာတို့ကို ရေးဖြေ ၁၇ ရက် ဖြေဆိုရသည်။ ပိဋကတ်သုံးပုံကျမ်းစာအုပ်ပေါင်း ၂၀ အုပ်မှ စာမျက်နှာပေါင်း ၈၀၂၆ မျက်နှာကို အာဂုံပြန်ဆိုနိုင်ခြင်း၊ အဋ္ဌကထာ၊ ဋီကာ၊ အနုဋီကာ၊ ယောဇနာ၊ ဂဏ္ဌိ၊ အနုဂဏ္ဌိ စသောကျမ်းများမှ သဘောရေးဖြေအောင်မြင်တော်မူခြင်းတို့ကို အောင်မြင်တော်မူမှသာလျှင် "တိပိဋကဓရ၊ တိပိဋကကောဝိဒ" ဘွဲ့တံဆိပ်တော်ကို ချီးမြှင့်ဆက်ကပ်လှူဒါန်းခြင်းဖြစ်သည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၌ ပရိယတ္တိသာသနာတော် အဓွန့်ရှည်စွာ သန့်ရှင်းတည်တံ့၊ ခိုင်မြဲထူးကဲ၊ ပြန့်ပွားစည်ပင်စေရန်၊ ပိဋကတ်သုံးပုံကို နှုတ်ငုံဆောင်နိုင်သည့် သာသနာ့အာဇာနည်အရှင်မြတ်တို့ စဉ်ဆက်မပြတ်ပေါ်ထွက်စေရန်နှင့် ဗုဒ္ဓမြတ်စွာသာသနာတော်တွင်း၌ ဘုန်းကံပါရမီထူး ဉာဏ်ပညာထူးနှင့်ပြည့်စုံသော ပုဂ္ဂိုလ်ထူးတို့ကို ဖော်ထုတ်၍ သာသနာတော်ကို အားပေးချီးမြှောက်ရာတွင် အဆင့်အတန်းမြင့်မားစွာ အားပေးချီးမြှောက်ထောက်ပံ့နိုင်ရန်ဟူသော ရည်ရွယ်ချက်ကြီး သုံးရပ်တို့ဖြင့် တိပိဋကဓရ၊ တိပိဋကကောဝိဒ ရွေးချယ်ရေး စာမေးပွဲကြီးကို နှစ်စဉ်ကျင်းပခဲ့ခြင်းဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

❀ ကျောဖုံးမှ

ယနေ့ ယှဉ်ပြိုင်ထိုးသတ်သည့် လေးနိုင်ငံ ဖိတ်ခေါ်မြန်မာ့ရိုးရာလက်ဝှေ့စိန်ခေါ်ပွဲတွင် အိမ်ရှင်မြန်မာ၊ ထိုင်း၊ ရုရှားနှင့် အမေရိကန်နိုင်ငံတို့မှ လက်ဝှေ့ကျော်များ လာရောက်ယှဉ်ပြိုင်ထိုးသတ်ခဲ့သည်။ ပြိုင်ပွဲတွင် ပြည်တွင်းပွဲစဉ်သုံးပွဲနှင့် နိုင်ငံခြားပွဲစဉ် ငါးပွဲ ယှဉ်ပြိုင်ထိုးသတ်ခဲ့ရာ တူးတူး(မြန်မာ)နှင့် သပြေညို(မြန်မာ)တို့သာ အလဲထိုးဖြင့်အနိုင်ရရှိခဲ့ပြီး ကျန်မြန်မာသုံးပွဲသည် တစ်ပွဲရှုံး၊ နှစ်ပွဲသရေဖြင့် ပြီးဆုံးခဲ့သည်။ လက်ဝှေ့ပွဲလာရောက်ကြည့်ရှုသူများကို အားရကျေနပ်မှုအပေးဆုံးပွဲဟုဆိုရမည့် နောက်ဆုံးပွဲဖြစ်သည့် တူးတူး(မြန်မာ)နှင့် အက်ဒ်ဝပ် (အမေရိကန်)တို့ပွဲတွင် ပထမအချီ၊ ဒုတိယအချီနှင့် တတိယအချီတို့၌ သူတစ်ပြန်ကိုယ်တစ်လှည့်ဖြင့် ပြီးဆုံးခဲ့သော်လည်း စတုတ္ထအချီအစတွင် တူးတူး(မြန်မာ)၏ ထောက်လက်သီး၊ ဝိုက်လက်သီးတို့ဖြင့် အထိနာခဲ့သည့် အက်ဝပ်(အမေရိကန်)သည် အလဲထိုးဖြင့် အရှုံးပေးခဲ့ရသည်။ သပြေညို(မြန်မာ)နှင့် ဒူးလက် (ရုရှား)တို့ပွဲတွင် သပြေညို အလဲထိုးဖြင့် အနိုင်ရရှိခဲ့သည်။ ထို့နောက် ပြည်ပပွဲစဉ်များဖြစ်သည့် ရဲမြတ်အောင်(မြန်မာ)နှင့် ဝပ်သီပေါင်(ထိုင်း)၊ဉာဏ်လင်းအောင်(မြန်မာ)နှင့်ကို့စ်မန်(ထိုင်း)တို့ပွဲတွင် မြန်မာဘက်မှ လက်ရည်မတူအရေးနိမ့်ခဲ့သော်လည်း သရေကျခဲ့ပြီး စောလှကြည်ထူး(မြန်မာ)နှင့် နီဝီဆိုရမ်(ထိုင်း)တို့ပွဲ၌ လက်ရည်မတူ တစ်ဖက်အသာစီးဖြစ်နေသည့် နီဝီဆိုရမ်(ထိုင်း)ကို ဒိုင်ပွဲရပ်ဖြင့် စောလှကြည်ထူး(မြန်မာ)က အရှုံးပေးခဲ့ရသည်။



"ဒီနေ့ ယှဉ်ပြိုင်တဲ့ပွဲတွေကို ပြောရရင် အကြိုက်ဆုံးကတော့ တူးတူးပွဲတစ်ပွဲပဲရှိပါတယ်။ ထိုင်းနဲ့ဒီက မြန်မာ့ရိုးရာလက်ဝှေ့သမားတွေနဲ့ ကွာတဲ့အရေးကြီးဆုံးအချက်က ပွဲအတွေ့အကြုံပွဲပဲ။ ထိုင်းက လစဉ်သူတို့မှာ လက်ဝှေ့ပွဲထိုးဖြစ်ကြတယ်။ ကိုယ်တို့ဆီမှာက တစ်လတစ်ပွဲမပြောနဲ့ တစ်နှစ်သုံးလေးပွဲ ထိုးဖြစ်အောင် မနည်းစီစဉ်နေရတာ။ ပွဲအတွေ့အကြုံကလည်း စကားအလွန်ပြောတယ်" ဟု မြန်မာ့ရိုးရာလက်ဝှေ့သမားဟောင်း၊ လက်ရှိမြန်မာ့ရိုးရာလက်ဝှေ့ဒိုင်အဖွဲ့ထဲတွင် ပါဝင်သည့် ဦးဇဗ္ဗူကျော်က ပြောကြားသည်။

လေးချီ ပြည်တွင်းပွဲသုံးပွဲတွင် စိန်လုံးချော(ဖို့ညီနောင်)နှင့် ရှိုင်းထက်အောင် (အဖြူရောင်သွေးသစ်) ပွဲတွင် သရေကျခဲ့ပြီး ကြယ်စင်ဖြိုး (အဖြူရောင်သွေးသစ်)နှင့် စိန်ခေါ်ယှဉ်ပြိုင်ထိုးသတ်သူ သားအသည်းတစ်ပွင့်(မတ္တရာ)တို့ပွဲတွင် ဒုတိယအချီ ၁ မိနစ် ၄၂ စက္ကန့်မှာပင် တစ်ဖက်သတ် အသာစီးဖြစ်နေသည့် ကြယ်စင်ဖြိုး(အဖြူရောင်သွေးသစ်)ကို ဒိုင်ပွဲရပ်ဖြင့် အနိုင်ပေးလိုက်ရသည်။ တစ်ဖန် ရာမာဉ်(နဂါးမာန်)နှင့် အောင်သူရိန် (အဖြူရောင်သွေးသစ်)တို့ပွဲတွင် ဒုတိယအချီ ၂ မိနစ် ဝ၆ စက္ကန့်တွင် ရာမာဉ်(နဂါးမာန်)၏ ညာဒူးတိုက်ချက်မိ၍ အောင်သူရိန်(အဖြူရောင်သွေးသစ်) ပြန်မထနိုင်တော့ဘဲ အလဲထိုးဖြင့် အရှုံးပေးလိုက်ရသည်။

"ကျွန်တော်က မြန်မာ့ရိုးရာလက်ဝှေ့ကို ဝါသနာပါလွန်းလို့ မန္တလေးကနေ လာရောက်ကြည့်တာပါ။ မန္တလေးမှာပဲဖြစ်ဖြစ်၊ ရန်ကုန်မှာပဲလုပ်လုပ် မြန်မာ့ရိုးရာလက်ဝှေ့ကို ပွဲစဉ်တိုင်းလိုလို ကြည့်ဖြစ်ပါတယ်။ ဒီနေ့ပွဲတွေကို ကျွန်တော့်အမြင်ပြောရရင် ပွဲစီစဉ်တာ မကောင်းဘူးလို့ မြင်ပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ အစောပိုင်းနိုင်ငံခြားပွဲစဉ်တွေက တစ်ဖက်အသာစီး ပွဲစဉ်တွေဖြစ်နေတယ်။ ကိုယ့်မြန်မာဘက်က ကလေးတွေ တက်ထိုးနေသလိုပဲ။ အရပ်အမောင်းလည်းကွာ၊ ပညာရည်လည်းကွာတော့ ပွဲကြည့်ရတာတော်တော်ကို စိတ်ပျက်မိတယ်။ ပွဲစီစဉ်တာတွေက ကျွန်တော့်အမြင်ပြောရရင် ကီလိုကိုပဲ မကြည့်ဘဲ တစ်ဖက်နဲ့ တစ်ဖက်လက်ရည်မျှတာလေးတွေကိုကြည့်ပြီး စီစဉ်သင့်တယ်လို့ မြင်တယ်။ ဒါမှ လက်ဝှေ့ပွဲကောင်းတွေဖြစ်သလို မြန်မာ့ရိုးရာလက်ဝှေ့လည်း တိုးတက်မယ်လို့ယူဆမိတယ်။ ထိုင်းသာစေချင်၊ မြန်မာသာစေချင်တဲ့ စိတ်နဲ့ ပြောတာမဟုတ်ပါဘူး။ လက်ဝှေ့ပွဲကြီးပွဲကောင်းတွေဖြစ်ဖို့နဲ့ မြန်မာ့ရိုးရာလက်ဝှေ့ဖွံ့ဖြိုးတိုးတက်ဖို့ ရည်ရွယ်ပြောတာဖြစ်ပါတယ်" ဟု ယနေ့ပွဲကို မန္တလေးမှ လာရောက်အားပေးကြည့်ရှုသည့် လက်ဝှေ့ဝါသနာရှင် ဦးမြဝင်းက ဆိုသည်။

အားကစားဝန်ကြီးဌာန မြန်မာ့ရိုးရာလက်ဝှေ့အဖွဲ့ချုပ် အနေဖြင့် မြန်မာ့ရိုးရာလက်ဝှေ့ကို နိုင်ငံတကာကဲ့သို့ ပိုမိုဖွံ့ဖြိုးတိုးတက်စေရန် ရည်ရွယ်၍ ယနေ့ကျင်းပသည့်နိုင်ငံတကာ မြန်မာ့ရိုးရာလက်ဝှေ့ပြိုင်ပွဲတွင် မြန်မာ့ရိုးရာလက်ဝှေ့ဟန်ရေးပြဆုများကို ထည့်သွင်းခဲ့ရာ ယနေ့ ယှဉ်ပြိုင်ထိုးသတ်သည့်ပွဲများတွင် မြန်မာ့ရိုးရာလက်ဝှေ့ပြဆုများကို ရာမာဉ်(နဂါးမာန်)နှင့် သပြေညို (မြန်မာ)တို့ ရရှိခဲ့ကြသည်။ **(မြန်မာ့အလင်း)**

## ငွေဆောင်ကမ်းခြေ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်

**ငွေဆောင် ဒီဇင်ဘာ ၂၈**

ငွေဆောင်ကမ်းခြေသန့်ရှင်းသာယာလှပစေရေးအတွက် ဒီဇင်ဘာ ၂၇ ရက် နံနက် ၇ နာရီက ကမ်းခြေလုံခြုံရေးနှင့် စည်းကမ်းထိန်းသိမ်းရေးကော်မတီဝင်များ၊ ဌာနဆိုင်ရာများမှ ဝန်ထမ်းများ၊ ဟိုတယ်ဇုန်မှ ဟိုတယ်ဝန်ထမ်းများ၊ ကမ်းခြေဈေးဆိုင်တန်းမှ ဈေးရောင်းသူများ၊ မြို့နယ်စည်ပင်သာယာရေးမှ ဝန်ထမ်းများ စုပေါင်း၍ ငွေဆောင်ကမ်းခြေတစ်လျှောက်ရှိ စွန့်ပစ်အမှိုက်များကို စုပေါင်းသန့်ရှင်းရေးဆောင်ရွက်ခဲ့ကြသည်။ **မျိုးမင်းသိန်း(iprd)**

## ကုန်ပစ္စည်းများ ကျန်းမာရေးနှင့် ညီညွတ်မှုရှိမရှိစစ်ဆေး

**နောင်ချို ဒီဇင်ဘာ ၂၈**

နောင်ချိုမြို့မဈေးကြီးအတွင်း အများပြည်သူများကို ရောင်းချသည့် စားသောက်ကုန်ပစ္စည်းများ၊ အလှကုန်ပစ္စည်းများ ကျန်းမာရေးနှင့် ညီညွတ်မှု ရှိမရှိတို့ကို ဒီဇင်ဘာ ၂၆ ရက် နံနက် ၁၀ နာရီက မြို့နယ်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ ဦးစိုးထွန်းနှင့်အဖွဲ့ ကွင်းဆင်းစစ်ဆေးကြသည်။ **(ဝ၆၁)**

# အပင်တစ်သျှူးမွေးမြူခြင်းကိုအသုံးပြုခြင်းဖြင့် မျိုးကောင်းမျိုးသန့်များထုတ်လုပ်နိုင်မည်

**နေပြည်တော် ဒီဇင်ဘာ ၂၈**

၁၉၂၄ ခုနှစ် ဒီဇင်ဘာ ၂၂ ရက်က စတင်တည်ထောင်ခဲ့သည့် စိုက်ပျိုးရေးတက္ကသိုလ်ကြီးသည် ယခု ဒီဇင်ဘာ ၂၂ ရက်တွင် နှစ် (၉၀) ပြည့်မြောက်ခဲ့ပြီဖြစ်သည်။ စိုက်ပျိုးရေးတက္ကသိုလ်နှစ်(၉၀)ပြည့် နဝရတ်ရတုအထိမ်းအမှတ်အခမ်းအနားကို ဒီဇင်ဘာ ၂၇ ရက် နံနက် ၉ နာရီက ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်ဘွဲ့နှင်းသဘင်၌ကျင်းပခဲ့သည်။ ထိုအခမ်းအနားတွင် စိုက်ပျိုးရေးနှင့်ပတ်သက်သည့် မျိုးစပ်နည်းများ၊ မျိုးစေ့များ၊ အပင်တစ်သျှူးမျိုး မွေးမြူထုတ်လုပ်ခြင်း၊ လယ်ယာသုံးစက်ပစ္စည်းများနှင့် စိုက်ပျိုးရေးဆေးပြခန်းများ ခင်းကျင်းပြသပေးလျက်ရှိရာ တောင်သူအသိပညာပေးများနှင့် စိုက်ပျိုးနည်းစနစ်ပညာများဖလှယ်ပေးသည့်ပွဲလေးဟုလည်း ဆိုနိုင်သည်။

စိုက်ပျိုးရေးတက္ကသိုလ်နှစ် (၉၀) ပြည့်နဝရတ်ရတုအခမ်းအနားတွင် တောင်သူလယ်သမားများအတွက် စိုက်ပျိုးရေးနှင့် ပတ်သက်သည့်ပြခန်း ၂၇ ခန်းကို ခင်းကျင်းပြသထားလျက်ရှိသည်။



"ရေဆင်းပုလဲသွယ်(၁)၊ (၂)၊ (၃) ဆိုပြီး ပြီးခဲ့တဲ့တစ်နှစ်ကမှ စိုက်ပျိုးရေးသုတေသနဦးစီးဌာနက စပ်မျိုးစပါးအသစ်ကို ထုတ်လုပ်နိုင်ခဲ့ပါတယ်။ ဒီစပါးမျိုးကို တောင်သူတော်တော်များများ စိုက်ပျိုးလာကြပါတယ်။ အထွက်နှုန်းအနေနဲ့ကတော့ တစ်ဧကကို တင်း ၁၅၀ အထက်ထွက်ပါတယ်။ အခုနောက်ထပ် ရေမြုပ်ခံစပါး(၁)၊ ရေငတ်ခံစပါး(၁)၊ (၂)၊ (၃) ဆိုပြီး အခုမှ နာမည်ထုတ်ထားတဲ့ စပ်မျိုးလည်းရှိပါသေးတယ်။ ရေမြုပ်ခံစပါးကတော့ ရေပေါတဲ့မြောင်းမြတို့၊ လပွတ္တာတို့ မှာစိုက်ပျိုးနေကြပါပြီ။ ရေငတ်ခံနိုင်တဲ့စပါးကတော့ ကုန်းတွင်းပိုင်းကျတဲ့ဒေသတွေ၊ မိုးနည်းရပ်ဝန်းဒေသတွေအတွက် အဓိကထားပြီးထုတ်တာပါ။ တောင်သူတော်တော်များများကတော့ မနောသုခနဲ့ ဆင်းသုခကို မှာယူစိုက်ပျိုးတာများပါတယ်။ နောက်ထပ်လည်း ထပ်ထုတ်မယ့် စပ်မျိုးစပါးတွေရှိပါသေးတယ် "ဟု စိုက်ပျိုးသုတေသနဌာန စပါးသီးနှံဌာနခွဲမှ ပြခန်းတာဝန်ရှိသူတစ်ဦးက ပြောသည်။

ရေဆင်းပုလဲသွယ်စပ်မျိုးစပါးများကို ဆည်ရေသောက်သီးထပ်စနစ်စိုက်ဒေသနှင့် နွေစပါးစိုက်ဒေသများအတွက်သင့်လျော်ကြောင်း သိရသည်။သက်တမ်းအားဖြင့် ရက် ၁၂၀ မှ ၁၃၀ ကြားရှိသည်။ အဆိုပါစပ်မျိုးစပါးများကို ရေဆင်းစိုက်ပျိုးရေးသုတေသနဦးစီးဌာန စပါးသီးနှံဌာနခွဲတို့တွင် တောင်သူများအနေဖြင့် မှာယူနိုင်ကြောင်း သိရသည်။

အပင်တစ်သျှူး မွေးမြူခြင်းအနေနဲ့ သရက်၊ ဆီအုန်း၊ ကြံ၊ သစ်ခွ၊ စပါး၊ ငှက်ပျောတို့ကို စမ်းသပ်နေပါတယ်။ ဥပမာပြောရရင် ငှက်ပျောပင်ဆိုပင်မအပင်ကနေ ရိုးရိုးမျိုးယူမယ်ဆိုရင် အများဆုံးသုံးပင်အထိပဲ စိုက်လို့ရတယ်။ အပင်တစ်သျှူး မွေးမြူနည်းကိုသုံးတဲ့အတွက် ပျိုးပင်တွေ အများကြီးရနိုင်တယ်။ အခုလောလောဆယ်ကတော့ အစ်မတို့ဌာနအနေနဲ့ သုတေသနပိုင်းကိုပဲ အဓိကဖောင်းပေးပြီး ပြုလုပ်နေပါတယ်။ ထုတ်လုပ်တဲ့အပိုင်းအနေနဲ့ကတော့ ငှက်ပျောပဲ ရှိပါသေးတယ်။ နောက်ထပ် သဘော်သီးကိုသွားဖို့ အစီအစဉ်ရှိပါတယ်။ သုတေသနပိုင်းကို ဖောင်းပေးနေတဲ့အတွက် သီးနှံများကို မထုတ်နိုင်သေးပါဘူး။ ငှက်ပျောကတော့ တောင်သူတွေက ရှစ်လလောက်ကြိုမှာပြီး သူတို့လိုချင်တဲ့ အပင်အရေအတွက်ကို မျိုးထုတ်ပေးပါတယ်။ တောင်သူတွေ လိုအပ်ချက်အရပဲ ထုတ်ပေးပါတယ်။ပိုထုတ်ရင်အဆင်မပြေဘူး။ ခုဆို ရာသီဥတုတွေပြောင်းလဲနေတဲ့အတွက် ရာသီဥတုဒဏ်ကိုခံနိုင်အောင် အဓိကသီးနှံမျိုးတွေကို ဦးစားပေးဆောင်ရွက်နေတာပါ" ဟု ဇီဝပညာဌာနစုလက်ထောက်သုတေသန အရာရှိ ဒေါ်မေသက်ဦးက ပြောသည်။

အပင်တစ်သျှူးနည်းကို သုံးခြင်းဖြင့် အချိန်တိုအတွင်း သီးနှံများမွေးမြူထုတ်လုပ်ပေးနိုင်ခြင်း၊ ဗိုင်းရပ်စ်ရောဂါကင်းသော ပျိုးပင်များကို မိခင်ဗီဇနှင့် တစ်သဝေမတိမ်းတူသော အပင်များ ပွားပေးနိုင်ခြင်း၊ သမားရိုးကျနည်းဖြင့် မျိုးပွား၍မရနိုင်သော အပင်များကို အချိန်တိုအတွင်း အမြောက်အမြားပွားများနိုင်ခြင်းတို့ ရရှိနိုင်သည်။ ယခုအခါ ဇီဝနည်းပညာဌာနအနေဖြင့် တစ်သျှူး ငှက်ပျောမျိုးကိုပင် ထုတ်လုပ်ရောင်းချနိုင်သေးသည်။ အပင်တစ်သျှူးမျိုးကို အသုံးပြုခြင်းကြောင့် သီးနှံထုတ်လုပ်မှုစွမ်းအား မြင့်မားတိုးတက်ပြီး ရာသီဥတုပြောင်းလဲမှုဒဏ်ကို ခံနိုင်ရည်ရှိသည့် သီးနှံမျိုးကောင်းမျိုးသန့်များကို အချိန်တိုအတွင်း မွေးမြူထုတ်လုပ်နိုင်မည်ဖြစ်သည်။

သုတေသနလုပ်ငန်းများအနေဖြင့် စပါးအဖိုဝတ်မှုန်အိတ် မွေးမြူခြင်းနည်းဖြင့် စပ်မျိုးစပါးများကို အချိန်တိုအတွင်း သန္ဓေသန့်ဗီဇလိုင်းများရရှိရန် ဆောင်ရွက်ခြင်း၊ ပင်ပိုင်းသန္ဓေသားလောင်း မွေးမြူပွားများနည်းဖြင့် သရက်နှင့် ဆီအုန်းတို့၏ စီးပွားဖြစ် မျိုးပွားနည်းစနစ်ကို စမ်းသပ်ရှာဖွေခြင်း၊ ကြံမျိုးသစ်များအား အပင်တစ်သျှူးပွားများနည်းဖြင့် အချိန်တိုအတွင်း အမြောက်အမြား ပွားများထုတ်လုပ်ခြင်း၊ အပင်တစ်သျှူးပွားများနည်းဖြင့် ငှက်ပျောနှင့် အာလူးမျိုးများကို မျိုးထိန်းခြင်း၊ ဒေသစပါးမျိုးများတွင် ဆားငန်ဒဏ်နှင့် ရေနစ်မြုပ်ဒဏ်ခံဗီဇများပါဝင်မှုရှိ၊ မရှိကို အဏုဇီဝနည်းဖြင့်စစ်ဆေးခြင်း၊ စပါးမျိုးများအလိုက် ရေငတ်ဒဏ်နှင့် ဆားငန်ဒဏ်ခံနိုင်ရည်ရှိမှုကို ဓာတ်ခွဲခန်းအဆင့်၌ လေ့လာခြင်းနှင့် ရေငတ်ဒဏ်ခံနိုင်ရည်ရှိ ယာစပါးမျိုးများ ရွေးချယ်ရာ၌ အကျိုးပြုနိုင်သော စပ်ညွှန်းကိန်းများကို လေ့လာခြင်းများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သတင်း-ဇူလိုင်မိုး**
**ဓာတ်ပုံ-ချစ်သမီး**

ဆောင်းပါးနှင့်ပြည်တွင်းသတင်း

# ကျွန်တော်နဲ့အမ်ဘီအေ

ပါမောက္ခ
ဒေါက်တာအောင်ထွန်းသက်

ကျွန်တော် အမ်ဘီအေကို ကြားဖူးတာ တတိယနှစ်ရောက်မှ။ ဥပစာဝိဇ္ဇာသင်တန်း နှစ်နှစ်တက်ပြီး တတိယနှစ်ရောက်တော့ဂါဏိဇ္ဇဝိဇ္ဇာဘွဲ့အတွက် ဂါဏိဇ္ဇဗေဒဌာနမှာစပြီး ပညာဆည်းပူးခဲ့ရတာ။ ပါမောက္ခလုပ်သူက ဆရာကြီး ဗိုလ်ျပေါ့။ သူက မြန်မာပြည်ရဲ့ ပထမဦးဆုံး အမ်ဘီအေဘွဲ့ရ။ သူရတာလည်း အမ်ဘီအေနဲ့ပတ်သက်လာရင် နာမည်အကြီးဆုံး Harvard တက္ကသိုလ်ကရခဲ့တာ။

Harvard တက္ကသိုလ်ဆိုပေမယ့် ဒီတက္ကသိုလ်မှာ ဌာနကြီးတွေက အမျိုးမျိုးရှိတယ်။ ဒီဌာနတွေ စုစည်းလိုက်မှ တက္ကသိုလ်တစ်ရပ် ဖြစ်လာတာ။ နာမည်ကြီးတဲ့ဌာနက Howard Baker Business School. Howard Baker ဆိုသူက ကမကထလုပ်ပြီး ဖွင့်လှစ်ထားတဲ့ စီးပွားရေးဆိုင်ရာဌာနကြီး။ ဒါပေမယ့် အများက Harvard Business School (HBS )လို့ပဲ အလွယ်ခေါ်ကြတာ။ School ဆိုတဲ့ အသုံးအနှုန်းဟာ အမှန်တော့ စိတ်ဝင်စားစရာကိစ္စတစ်ရပ်ပါ။ မြန်မာလိုတိုက်ရိုက်ဘာသာပြန်ရင် ကျောင်းလို့ပြောပေမယ့် အသုံးပြုတဲ့အပေါ်မူတည်ပြီး မူလတန်းကျောင်း Primary School၊ အလယ်တန်းကျောင်း Middle School၊ အထက်တန်းကျောင်း High School ဆိုပြီးခေါ်ဝေါ် အသုံးပြုသလို Medical School ဆိုရင် ဆေးကျောင်းကို ရည်ညွှန်းပြီး Engineering School ကတော့ စက်မှုလက်မှုကျောင်းကို ခေါ်ဝေါ်သတ်မှတ်တာ ဖြစ်ပါတယ်။ တက္ကသိုလ်မှာ Law School လို့ပြောရင် ဥပဒေပညာရပ်ကို သင်ကြားတဲ့ဌာနလို့ ခေါ်တယ်။

ကျွန်တော်ရင်းနှီးတဲ့ဘာသာရပ်နဲ့ ပတ်သက်လို့ စီးပွားရေးပညာမှာတော့ Business School လို့ခေါ်ပြီး အုပ်ချုပ်စီမံမှုပညာမှာတော့ School of Government သို့မဟုတ် School of Public Policy လို့ ခေါ်ဝေါ်သုံးစွဲကြတယ်။ အမှန်တော့ School ဆိုတဲ့ ဝေါဟာရကို တိုက်ရိုက်ဘာသာပြန်ပြီး ကျောင်းလို့မစဥ်းစားဘဲ သူ့နေရာနဲ့သူ အဆင်ပြေသလို သုံးစွဲနိုင်ဖို့လိုအပ်ပါတယ်။

**အမ်ဘီအေသင်တန်းတွေကို ကမ္ဘာနဲ့အဝန်း ဖွင့်လှစ်လျက်ရှိပါတယ်။ ဒီလိုဖွင့်လှစ်ရာမှာ အရေအတွက်များလွန်းတာမို့ သင်တန်းတစ်ခုနဲ့တစ်ခု မှတ်ကျောက်တင်နိုင်တဲ့ ပေတံတစ်ရပ်လိုအပ်ပါတယ်။ ဒီလိုအပ်ချက်ကို ဖြည့်ဆည်းဖို့ တစ်ကမ္ဘာလုံးက အသိမှတ်ပြုလက်ခံထားတာက Graduate Management Admission Test (GMAT) စာမေးပွဲပဲ ဖြစ်ပါတယ်။ အတိုကောက်အနေနဲ့ GMAT လို့ သုံးကြတယ်။ ဒီ GMAT ကို စစ်ဆေးရာမှာ သက်ဆိုင်ရာတက္ကသိုလ်က စစ်ဆေးတာမျိုးမဟုတ်ဘဲ အမေရိကန်ပြည်ထောင်စုမှာ သီးခြားဖွင့်လှစ်ထားတဲ့ စာစစ်ဌာနက ကြီးမှူးဆောင်ရွက်တာဖြစ်တယ်။ ဒီစာစစ်ဌာနက နယူးဂျာစီပြည်နယ် Princeton မြို့မှာ တည်ရှိတာမို့ GMAT စာမေးပွဲကို Princeton Test လို့ အလွယ်တကူ ခေါ်ကြတယ်။**

တစ်ကမ္ဘာလုံးမှာဖွင့်လှစ်တဲ့ အမ်ဘီအေသင်တန်းဝင်ခွင့်အတွက် GMAT စာမေးပွဲနဲ့ စိစစ်တာမို့ တက္ကသိုလ်တစ်ခုနဲ့တစ်ခု အလွယ်တကူ နှိုင်းယှဉ်နိုင်ပါတယ်။ တက္ကသိုလ်တစ်ခုက မိမိတို့ဖွင့်လှစ်ထားတဲ့ အမ်ဘီအေသင်တန်းကို ဝင်ခွင့်ပြုတဲ့နေရာမှာ GMAT အမှတ် ၇၀၀ ရမှ လက်ခံမယ်ဆိုတာမျိုးကြေညာလို့ ရနိုင်မှာဖြစ်တယ်။ နာမည်ကြီးတက္ကသိုလ်တွေက ဒီ GMAT အမှတ်ကို အခြေခံထားပြီး လက်ခံခဲ့ပါတယ်။ တစ်ခုတော့ရှိပါတယ်။ အမ်ဘီအေဝင်ခွင့်ရတာနဲ့ပတ်သက်ပြီး လျှောက်ထားသူရဲ့ ပညာအရည်အချင်း၊ လုပ်ငန်း၊ အတွေ့အကြုံ အမ်ဘီအေဘွဲ့ရပြီးတဲ့အခါ မည်သို့မည်ပုံအကျိုးပြုနိုင်မှုရှိမည့် အကြောင်းအချက်များအပြင် GMAT စာမေးပွဲရမှတ်ကို ပူးတွဲစဉ်းစားပြီး ဆုံးဖြတ်ကြပါတယ်။

ကျွန်တော် ၁၉၇၂ ခုနှစ် အင်္ဂလန်နိုင်ငံမှာ ဘွဲ့လွန်သင်တန်းတက်စဉ် စီးပွားရေးမဟာသိပ္ပံဘွဲ့ယူခွင့် လျှောက်ထားတဲ့အခါ လန်ဒန်မြို့မှာ GMAT စာမေးပွဲကို ဖြေဆိုခဲ့ပါတယ်။ GMAT စာမေးပွဲနဲ့ပတ်သက်လာရင် ထူးခြားတာကကြိုတင်ပြင်ဆင်ပြီးဖြေနိုင်တဲ့ စာမေးပွဲမျိုးမဟုတ်ဘဲ မိမိတို့မွေးရာပါ ဉာဏ်ရည်ထက်မြက်မှုကိုသာ အားကိုးအားထားရတဲ့ စာမေးပွဲဖြစ်ကြောင်း သိရှိခဲ့ရပါတယ်။ ကျွန်တော့်ရဲ့ GMAT အမှတ်ကောင်းလို့ မဟာသိပ္ပံဘွဲ့သင်တန်းလျှောက်ရာမှာ လွယ်ကူခဲ့ပါတယ်။ GMAT သင်တန်းရဲ့ထူးခြားတဲ့ ဝိသေသလက္ခဏာက စာစစ်တဲ့အဖွဲ့နဲ့ တက္ကသိုလ်ဝင်ခွင့်ပေးတဲ့အဖွဲ့ဟာ တစ်ခုတည်းမဟုတ်ဘဲ သီးခြား ခြားနားပြီး တစ်ဖွဲ့နဲ့တစ်ဖွဲ့ လုံးဝဆက်စပ်မှုမရှိတာ တွေ့ရပါတယ်။ GMAT စာစစ်အဖွဲ့ဟာ တစ်ကမ္ဘာလုံးက GMAT ဖြေဆိုတဲ့ ကျောင်းသား ကျောင်းသူတွေကို နိုင်ငံအသီးသီးမှာရှိတဲ့ စာစစ်ဌာနတွေမှာဖြေဆိုစေပြီး စောစောကပြောတဲ့ Princeton Test စာစစ်ဌာနက စာမေးပွဲအဖြေလွှာတွေကို စိစစ်အမှတ်ပေးပါတယ်။ ဒီအမှတ်တွေကို ဖြေဆိုသူလျှောက်ထားတဲ့ တက္ကသိုလ်တွေဆီ တိုက်ရိုက်ပို့ပေးပါတယ်။ GMAT ဖြေဆိုတဲ့သူက မိမိဟာ ဒီတက္ကသိုလ်တွေကို လျှောက်ထားပါတယ်လို့ အကြောင်းကြားရပါတယ်။

ဒါကြောင့်လည်း အခုလို သက်ဆိုင်ရာတက္ကသိုလ်တွေဆီ တိုက်ရိုက်အကြောင်းကြားနိုင်တဲ့သဘော ဖြစ်ပါတယ်။ စာစစ်တဲ့သူနဲ့ ကျောင်းလက်ခံတဲ့သူဟာ သပ်သပ်စီဖြစ်နေတာမို့ ကိုယ်ကျိုးစီးပွားပဋိပက္ခဖြစ်မှု လျော့နည်းနိုင်မှာဖြစ်ပါတယ်။ နှစ်ပေါင်းများစွာက မြန်မာပြည်မှာ အမ်ဘီအေသင်တန်းတွေစဖွင့်ဖို့ စဉ်းစားကြတုန်းက ကျွန်တော့်ကိုလာပြီး အကြံဉာဏ်တွေတောင်းတဲ့အခါ GMAT ကို ကျွန်တော်ကအဓိကထားပြီး တင်ပြခဲ့ပါတယ်။ တစ်ကမ္ဘာလုံးက အသိအမှတ်ပြုထားပြီးဖြစ်တဲ့ စာစစ်ဌာနတစ်ခုကို အသုံးချရင် ရရှိလာမယ့် အကျိုးကျေးဇူးများကို ထောက်ပြပေးခဲ့ပါတယ်။ ဒါပေမယ့် တာဝန်ရှိသူများက အခုလို GMAT နဲ့ဖြတ်ပြီး ဝင်ခွင့်တွေပေးလိုက်ရင် အရည်အချင်းမမီရင် ဖြစ်လာမယ့်အန္တရာယ်တွေကို ပိုပြီးအာရုံပြုခဲ့ပါတယ်။ GMAT ဖြေလို့အောင်မြင်တဲ့သူတွေမရှိရင် ဖွင့်ချင်တဲ့ အမ်ဘီအေ သင်တန်းဖွင့်ခွင့်မရမှာစိုးတာမို့ GMAT ကိုအသုံးပြုဖို့ သဘောမတူခဲ့ပါဘူး။ ဒါပေမယ့် GMAT စာစစ်အစား မြန်မာ့နည်းမြန်မာ့ဟန်နဲ့ ဖော်ထုတ်ခဲ့တဲ့ မြန်မာမှုပြုထားတဲ့ GMAT စာမေးပွဲကိုတီထွင်ခဲ့ပါတယ်။ ဒါကိုထွင်ပြီး စီးပွားရေးတက္ကသိုလ်က အမ်ဘီအေသင်တန်းတွေကို ဖွင့်လှစ်ခဲ့ပါတယ်။

ဒီအဆုံးအဖြတ်ဟာလည်း ခေတ်အခြေအနေနဲ့ အဆင်ပြေအောင် လုပ်ခဲ့ရတယ်ဆိုတာကိုတော့ နားလည်သဘောပေါက်ပါတယ်။ အခုလိုမြန်မာမှုပြုထားတဲ့ GMAT ကို အသုံးပြုခဲ့ပေမယ့် အခက်အခဲတွေ ရင်ဆိုင်နေကြရတာမို့ GMAT စာမေးပွဲအတွက် ကျူရှင်တွေပေါ်ပေါက်နေတာကိုလည်း သတိပြုရပါတယ်။ ဒီကျူရှင်တွေတက်ပြီး အမ်ဘီအေသင်တန်းတက်လိုသူတွေက မြန်မာမှုပြုထားတဲ့ GMAT စာမေးပွဲကိုဖြေပြီး ဝင်ခွင့်လျှောက်ကြပါတယ်။ စာစစ်တဲ့သူနဲ့ ကျောင်းလက်ခံတဲ့သူ မတူညီတဲ့ကိစ္စဟာ GMAT နဲ့သာ ပတ်သက်တာမဟုတ်ပါဘူး။ ဥပမာ နိုင်ငံခြားတက္ကသိုလ်တွေမှာ ဘွဲ့ကြိုတက်တဲ့ မြန်မာပြည်က ကျောင်းသား ကျောင်းသူတွေဟာ Scholastic Aptitude Test (SAT) နဲ့ General Certificate of Education (GCE) စာမေးပွဲတွေကို ဖြေဆိုရပါတယ်။

အမေရိကန်စနစ်ကိုကျင့်သုံးတဲ့ ကျောင်းသားတွေဟာ (SAT) စာမေးပွဲတွေဖြေကြပြီး (GCE) စာမေးပွဲကိုတော့ အင်္ဂလန်တက္ကသိုလ်စနစ်ကိုကျင့်သုံးတဲ့ တက္ကသိုလ်တွေအတွက် ဖြေကြရပါတယ်။ SAT တို့၊ GCE တို့ကို တစ်ကမ္ဘာလုံးမှာရှိတဲ့စာစစ်ဌာနတွေမှာ ဖြေဆိုကြရပြီး အမှတ်ပေးမှုကိုတော့ အမေရိကန်နိုင်ငံနဲ့ အင်္ဂလန်နိုင်ငံမှာရှိတဲ့ စာစစ်အဖွဲ့တွေက လုပ်တာဖြစ်တယ်။ အခြေခံကတော့ စာစစ်တဲ့သူနဲ့ ကျောင်းလက်ခံတဲ့သူ မတူတာဖြစ်ပါတယ်။ ဘက်လိုက်မှု၊ မျက်နှာလိုက်မှု လုံးဝမရှိနိုင်အောင် ဖန်တီးထားတာဖြစ်ပါတယ်။ အမ်ဘီအေသင်တန်းတွေကို စီးပွားရေးတက္ကသိုလ်မှာ ဆရာမကြီးဒေါ်ရီရီမြင့် စတင်ခဲ့ပြီး အခုဆို ပါမောက္ခဌာနမှူး ခြောက်ယောက်မြောက်ဖြစ်နေပါပြီ။ စီးပွားရေးတက္ကသိုလ်တွင်သာမက မြန်မာပြည်မှာ အမ်ဘီအေသင်တန်းတွေ အမြောက်အမြားပေါ်ပေါက်လျက်ရှိပါတယ်။ နိုင်ငံခြားကလာပြီး ဖွင့်လှစ်တဲ့သင်တန်းများရှိသလို ပြည်တွင်းမှာလည်း ကိုယ့်နည်းကိုယ့်ဟန်နဲ့ ဖွင့်လှစ်နေတဲ့ သင်တန်းတွေလည်း ရှိကြပါတယ်။ တချို့သင်တန်းတွေဟာ ငွေကျပ်သိန်း ၁၀၀ ကျော်ပေးနေရပါတယ်။ ကျွန်တော်မကြာခဏပြောသလို ပညာရေးဟာ စီးပွားရေးအသွင်ပြောင်းလဲနေတာဖြစ်တယ်။ အမ်ဘီအေမှာလည်း ဈေးကွက်ထဲမှာတင်ပြီး ရောင်းချတဲ့ကုန်စည်တစ်ရပ်လိုဖြစ်နေတာ တွေ့ရပါတယ်။ ဈေးထဲမှာအရည်အသွေးမီတဲ့ ကုန်ပစ္စည်းတွေရှိသလို တချို့ကုန်ပစ္စည်းတွေကတော့ အရည်အသွေးမရှိတဲ့၊ ပိုပြီးဆိုးတာက လိမ်ပြီးရောင်းတဲ့ပစ္စည်းတွေရှိနေတာကိုတွေ့ရပါတယ်။ အခုဆို အမ်ဘီအေဖွင့်ပြီး ဘွဲ့ပေးနေကြတဲ့ ကျောင်းတွေက နိုင်ငံခြားတက္ကသိုလ်တွေနဲ့ ချိတ်ဆက်ထားတယ်လို့ ကြော်ငြာကြတယ်။ ဒီကြော်ငြာတွေကိုကြည့်ပြီး စားသုံးသူတွေက အထူးသတိထားရမှာ ဖြစ်ပါတယ်။ နိုင်ငံခြားတက္ကသိုလ်လို့ ပြောတိုင်းအထင်မကြီးကြပါနဲ့။ USA ကလို့ပြောတိုင်း၊ UK လို့ ပြောတိုင်းမျက်စိမှိတ်ပြီး မယုံကြပါနဲ့။ တက္ကသိုလ်တစ်ခုရဲ့ အဆင့်အတန်းသိလိုတဲ့ ကျောင်းသား ကျောင်းသူတွေကို အကြံပြုချင်တာကို ကြော်ငြာထားတဲ့ တက္ကသိုလ်အမည်နဲ့ အင်တာနက်ကို သုံးပြီး google မှာရှာကြည့်ပါ။ ဒီတက္ကသိုလ်ရဲ့ အဆင့်အတန်းအမှန်ကို သိရမှာဖြစ်ပါတယ်။ လိမ်ညာလို့မရပါဘူး။ ပြောင်လိမ်ပြောင်စားလုပ်လို့ မရပါဘူး။

ဒီနေရာမှာ ကျွန်တော်သတိပေးချင်တာက Buyer beware ဝယ်သူသတိထားပါဆိုတဲ့ ဆောင်ပုဒ်ကိုလက်ကိုင်ထားစေချင်ပါတယ်။ ရောင်းသူအနေနဲ့က ဝယ်သူကျေနပ်အောင် နည်းမျိုးစုံသုံးမှာပါပဲ။ ဝယ်သူရဲ့တာဝန်က ပစ္စည်းမှန် မမှန်ကို သတိထားဖို့သာဖြစ်ပါတယ်။ ဒီနေရာမှာ တာဝန်ရှိတဲ့ဌာနက အမ်ဘီအေပေးနေတဲ့ အဖွဲ့အစည်းတွေကို စနစ်တကျစစ်ဆေးသင့်ပါတယ်။ သတင်းစာထဲမှာဖြစ်စေ၊ ဂျာနယ်ထဲမှာဖြစ်စေ၊ ကြော်ငြာတဲ့အခါလှည့် စားတဲ့ပုံစံမဖြစ်အောင် ဒီအဖွဲ့အစည်းတွေရဲ့ အရည်အချင်းကိုစိစစ်ဖို့လို အပ်မှာဖြစ်ပါတယ်။ ဒီလိုဆောင်ရွက်တာကို accreditation လို့ ပြောပါတယ်။ သက်ဆိုင်ရာဌာနက စည်းကမ်းတကျစိစစ်ပြီးမှ အမ်ဘီအေသင်တန်းတွေကို ဖွင့်ခွင့်ပြုသင့်ပါတယ်။ နိုင်ငံခြားတက္ကသိုလ်တစ်ခုနဲ့ ချိတ်ဆက်မှုရှိရုံနဲ့မလုံလောက်ပါဘူး။ ဒီကိစ္စကိုဖြေရှင်းနိုင်မယ့် နည်းတစ်ခုကတော့ စောစောကပြောတဲ့ GMAT စာမေးပွဲစစ်စစ်ကို ကျင့်သုံးဖို့ပဲဖြစ်တယ်။ အခုဖွင့်လှစ်နေတဲ့ အမ်ဘီအေသင်တန်းတွေမှာ GMAT စာမေးပွဲတွေ မသုံးကြပါဘူး။ ဒါ့ကြောင့် ဒီသင်တန်းတွေရဲ့ အရည်အချင်း ဘယ်ရွေ့ဘယ်မျှရှိတယ်လို့ ခန့်မှန်းရခက်ခဲပါတယ်။ ဒါကြောင့် GMAT စာမေးပွဲကို လိုအပ်ချက်တစ်ရပ်အနေနဲ့ သတ်မှတ်သင့်ပါတယ်။

လွန်ခဲ့တဲ့တစ်လကျော်လောက်က တစ်ကမ္ဘာလုံးမှာပေးနေတဲ့ အမ်ဘီအေသင်တန်းများနဲ့ပတ်သက်ပြီး တန်းစီဇယားတစ်ခု ထွက်လာပါတယ်။ တက္ကသိုလ်များကို တန်းစီဇယားပြုစုရာ၌ အောက်ပါညွှန်းကိန်းများကို အသုံးချခဲ့ပါတယ်။ ၁။အမ်ဘီအေဘွဲ့ရပြီးချိန်၌ ရရှိသည့်လုပ်ခလစာ၊ ၂။ အမ်ဘီအေဘွဲ့ရသဖြင့် တိုးလာသော လုပ်ခလစာရာနှုန်း၊ ၃။ အမ်ဘီအေဘွဲ့ရပြီးချိန်နဲ့ အလုပ်ရရှိသည့်ကာလ၊ ၄။ GMAT စာမေးပွဲရမှတ်၊ ၅။ ပျမ်းမျှလုပ်သက်(နှစ်)၊ ၆။ကျောင်းလခ၊ ၇။သင်တန်းကာလ ယင်းတန်းစီဇယားအရ တစ်ကမ္ဘာလုံးမှာရှိသည့် အမ်ဘီအေသင်တန်းများအနက် ထိပ်ဆုံး ၂၀ ကို ဖော်ထုတ်ခဲ့ပါတယ်။

**အမေရိကန်နိုင်ငံ ချီကာဂိုမြို့ရှိ Booth School of Business သည် ငါးနှစ်အတွင်း လေးကြိမ်တိုင်တိုင် ပထမနေရာ ရရှိခဲ့ပါတယ်။ ဒီကျောင်းနဲ့ အချိတ်အဆက်ရှိသည့် အိမ်နီးချင်းနိုင်ငံက တက္ကသိုလ်ဟာ National University of Singapore (NUS) ပင်ဖြစ်ပါတယ်။ ကျောင်း ၂၀ အနက် ၁၅ ကျောင်းက အမေရိကန်နိုင်ငံမှာ တည်ရှိပါတယ်။ ဥရောပတိုက်တွင် ပါရီမြို့၌ရှိသော HEC သည် နံပါတ်တစ်နေရာ ယူထားကြောင်း တွေ့ရှိရပါတယ်။ စောစောကတင်ပြခဲ့တဲ့ GMAT စာမေးပွဲရမှတ်အရ ဤကျောင်း ၂၀ တွင် အနည်းဆုံး ၆၈၁ မှတ်ဖြစ်ပြီး အများဆုံးမှာ ၇၇၇ မှတ်ရရှိကြကြောင်း တွေ့ရပါတယ်။ အခုလို ကိန်းဂဏန်းအသုံးပြုပြီး တက္ကသိုလ်တွေရဲ့ အဆင့်အတန်းကိုခွဲခြားနိုင်သလိုကျောင်းသား ကျောင်းသူတွေရဲ့သဘောထားတွေကိုမေးမြန်းပြီး၊ ဘာကြောင့် အမ်ဘီအေသင်တန်းတက်ခဲ့သလဲဆိုတာကိုလည်း မေးမြန်းခဲ့ပါတယ်။**

အခုလိုမေးခွန်းတွေထုတ်ပြီး အကြောင်းရင်းရှာဖွေတဲ့အခါ အောက်ပါအကြောင်းအချက်လေးရပ်ဟာ အရေးကြီးကြောင်းတွေ့ရပါတယ်။ ၁။ အလုပ်အကိုင်အခွင့်အရေးအသစ်များ ရရှိနိုင်မှု၊ ၂။ မိမိဘဝတိုးတက်မှု၊ ပညာရေးအတွေ့အကြုံတိုးပွားမှု၊ ၃။ လုပ်ခလစာတိုးမြှင့်လိုမှု၊ ၄။အပေါင်းအသင်းတိုးပွားမှု ကျွန်တော်ဟာအခုအချိန်အထိ စီးပွားရေးတက္ကသိုလ်မှာဖွင့်ထားတဲ့ အမ်ဘီအေသင်တန်းတွေမှာ ပို့ချလျက်ရှိပါတယ်။ အခုလိုပို့ချခွင့်ပြုတဲ့ ပါမောက္ခချုပ်တို့၊ ဌာနမှူးပါမောက္ခတို့ကိုလည်း ကျေးဇူးတင်မိပါတယ်။ ကိုယ်တတ်သမျှကို ကိုယ့်နောက်လူတွေကို လက်ဆင့်ကမ်းချင်တဲ့ စေတနာတစ်ခုတည်းနဲ့ ဆောင်ရွက်နေတာဖြစ်ပါတယ်။ စီးပွားရေးတက္ကသိုလ်မှာဖွင့်ထားတဲ့သင်တန်းကို အားရမိပါတယ်။ အထူးသဖြင့် တက်ကြတဲ့သူတွေရဲ့အရည်အချင်းဟာမညံ့ပါဘူး။ ထူးချွန်ကြတယ်။ အထူးသဖြင့် အစိုးရသစ်လက်ထက်မှာ သိသိသာသာပွင့်လင်းလာတယ်။ ပြောင်းလဲလာတာတွေ့ရပါတယ်။ နိုင်ငံခြားတက္ကသိုလ်တွေနဲ့လည်း အလွယ်တကူဆက်သွယ်နိုင်တာတွေ့တယ်။ တစ်ချိန်တုန်းကလို စိုးရိမ်မှုတွေမလွန်ကဲတော့ဘူး။

**နိုင်ငံတော်အစိုးရရဲ့ ပုဂ္ဂလိကကဏ္ဍဖွံ့ဖြိုးတိုးတက်မှုအတွက် အမ်ဘီအေသင်တန်းဟာအလွန်အရေးပါတဲ့နေရာမှာ ရပ်တည်နေပါတယ်။ စီးပွားရေးတက္ကသိုလ်ကပေးနေတဲ့ အမ်ဘီအေက အစစ်ဖြစ်တယ်။ အတုမဟုတ်ဘူး။ ဒါကြောင့်လည်း ဂုဏ်ယူမိတယ်။ အခြားမှာ အတုလုပ်တာကို မပြောလိုပါဘူး။ ပညာရေးမှာ အတုမရှိသင့်ဘူး။ စစ်မှန်တဲ့ပညာရေးသာ ဖြစ်သင့်တယ်။ ဒါကြောင့်လည်း လက်ရှိအမ်ဘီအေသင်တန်းကို ပိုပြီးတိုးတက်ကောင်းမွန်အောင်ရတဲ့နည်းနဲ့ အကူအညီပေးဖို့ အဆင်သင့်ရှိပါတယ်။ ဒီနည်းနဲ့ မိမိရဲ့အမိတက္ကသိုလ်ကို ကျေးဇူးဆပ်ချင်ပါတယ်။ ။**




## လယ်ဝေးမြို့၌ အခြေခံသမဝါယမအသင်းများ ပညာပေးသင်တန်းဖွင့်

**လယ်ဝေး ဒီဇင်ဘာ ၂၈**

သမဝါယမဝန်ကြီးဌာန၏ ဦးတည်ချက်လုပ်ငန်းစဉ်များကို အကောင်အထည်ဖော်ရာ၌ အသေးစားအရင်းအနှီးချေးငွေလုပ်ငန်းဆောင်ရွက်သည့် သမဝါယမအသင်းများအနေဖြင့် အသင်းအချင်းချင်းမှ ပံ့ပိုးချေးငွေ၊ တရုတ်နိုင်ငံ Exim Bank မှ ပံ့ပိုးချေးငွေများ ရယူပြီး သမဝါယမလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များဖြင့် ထိရောက်စွာအထောက်အကူပြု ပါဝင်ဆောင်ရွက်နိုင်ရေးတို့အတွက် အခြေခံသမဝါယမအသင်းများအား ပညာပေးသင်တန်း(၁/၂၀၁၄)ဖွင့်ပွဲကို ဒီဇင်ဘာ ၂၆ ရက် နံနက် ၉ နာရီက လယ်ဝေးမြို့ သမဝါယမဦးစီးဌာန၌ ကျင်းပသည်။

အဆိုပါသင်တန်းသို့ လယ်ဝေးမြို့နယ်နှင့် ဒက္ခိဏသီရိမြို့နယ်ရှိ အခြေခံသမဝါယမအသင်းများမှ အသင်းအမှုဆောင်နှင့် အသင်းဝန်ထမ်း သင်တန်းသား ၉၀ တက်ရောက်ပြီး သင်တန်းများကို ဆက်လက်ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း သိရသည်။

**ကိုကို(ရှုပ)**

## ပြည်တွင်းသတင်းနှင့်ဆောင်းပါး

# အေးသာယာပြည်သူ့ဝန်ထမ်းအိမ်ရာ တည်ဆောက်ရေးစီမံကိန်းနှင့် ခေတ်မီအဆင့်မြင့် ယာဉ်ရပ်နားစခန်းတည်ဆောက်ရေးလုပ်ငန်း လက်မှတ်ရေးထိုး




**တောင်ကြီး ဒီဇင်ဘာ ၂၈**

ရှမ်းပြည်နယ် အစိုးရအဖွဲ့၏ တောင်ကြီးမြို့ အေးသာယာ ပြည်သူ့ဝန်ထမ်းအိမ်ရာ တည်ဆောက်ရေး စီမံကိန်း (MOA)၊ တောင်ကြီးမြို့ ခေတ်မီအဆင့်မြင့် ယာဉ်ရပ်နားစခန်း တည်ဆောက်ခြင်းလုပ်ငန်း (MOA) နှင့်မူဆယ်မြို့ ခေတ်မီမြို့ပတ် ကမ်းနားလမ်းစီမံကိန်း စာချုပ်ပြင်ဆင်ဖြည့်စွက် လက်မှတ်ရေးထိုးခြင်းကို ဒီဇင်ဘာ ၂၆ ရက် နံနက် ၉ နာရီက တောင်ကြီးမြို့ မြို့တော်ခန်းမ၌ ကျင်းပကြောင်း သိရသည်။

အခမ်းအနားတွင် ရှမ်းပြည်နယ် ဝန်ကြီးချုပ် ဦးစဝ်အောင်မြတ်က အမှာစကားပြောကြားပြီး ပြည်နယ် လမ်းပန်းဆက်သွယ်ရေး ဝန်ကြီး ဦးစိုင်းနော်ခမ်းက အေးသာယာ ပြည်သူ့ဝန်ထမ်းအိမ်ရာ စီမံကိန်း နှင့် တောင်ကြီးမြို့ ခေတ်မီအဆင့်မြင့် ယာဉ်ရပ်နားစခန်း စီမံကိန်းဆောင်ရွက်ရခြင်း ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။

၎င်းနောက် ပြည်နယ်ဥပဒေချုပ် ဦးမောင်မောင်က ဥပဒေဆိုင်ရာ လုပ်ငန်းသဘောတူ စာချုပ်ထုံးတမ်းများနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားပြီး ရှမ်းပြည်နယ်အစိုးရအဖွဲ့နှင့် မင်းကျန်စစ် ကုမ္ပဏီလီမိတက်တို့ အကြားချုပ်ဆိုသော အေးသာယာ ပြည်သူ့ဝန်ထမ်းအိမ်ရာ တည်ဆောက်ရေးလုပ်ငန်းစီမံကိန်း သဘောတူ စာချုပ် (MOA)ကို ပြည်နယ် လမ်းပန်းဆက်သွယ်ရေး ဝန်ကြီး ဦးစိုင်းနော်ခမ်းနှင့် မင်းကျန်စစ် ကုမ္ပဏီလီမိတက် မန်နေဂျင်းဒါရိုက်တာ ဦးနန္ဒလှမြင့်တို့က လည်းကောင်း၊ ရှမ်းပြည်နယ်အစိုးရအဖွဲ့နှင့် ဖြူစင်ကုမ္ပဏီအုပ်စု ဝမင်းကုမ္ပဏီလီမိတက်တို့အကြားချုပ်ဆိုသော ခေတ်မီအဆင့်မြင့် ယာဉ်ရပ်နားစခန်း တည်ဆောက်ရေးလုပ်ငန်း စီမံကိန်း သဘောတူစာချုပ် (MOA) ကို ပြည်နယ်စည်ပင်သာယာရေးဝန်ကြီး ဦးစိုင်းလှဝင်းနှင့် ဖြူစင်ကုမ္ပဏီအုပ်စု၊ ဝမင်းကုမ္ပဏီလီမိတက်တို့မှ တာဝန်ရှိသူများက လက်မှတ်ရေးထိုးကြပြီး အပြန်အလှန် ပေးအပ်ကြကြောင်း သိရသည်။

ဆက်လက်၍ မူဆယ်မြို့ ခေတ်မီမြို့ပတ် ကမ်းနားလမ်းစီမံကိန်း စာချုပ် ပြင်ဆင်ဖြည့်စွက်လက်မှတ်ရေးထိုးခြင်းဆောင်ရွက်ကာ ဒေသန္တရဖွံ့ဖြိုးတိုးတက်ရေး သဘောတူစာချုပ်များ လက်မှတ်ရေးထိုးပွဲအခမ်းအနား အမှတ်တရ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကူးကြကြောင်း သိရသည်။

**မောင်မောင်သန်း(တောင်ကြီး)**

# စီတီဇင်ကတ်ကို မြန်မာနိုင်ငံသားများဘဏ်နှင့် 2C2P တို့ ထုတ်ဝေ

**ရန်ကုန် ဒီဇင်ဘာ ၂၈**

နိုင်ငံတကာမှ Master Card လက်ခံသည့်နေရာတိုင်းတွင် သုံးစွဲနိုင်သည့် ငွေပြန်လည်ဖြည့်သွင်းနိုင်သည့် ကြိုတင်ငွေဖြည့် (Prepaid ) ကတ်အမျိုးအစားဖြစ်သည့် စီတီဇင်ကတ်ကို ပုဂ္ဂလိကဘဏ်တစ်ခုဖြစ်သည့် မြန်မာနိုင်ငံသားများဘဏ်နှင့် အာရှပစိဖိတ် ဒေသတွင်း ငွေပေးချေဝန်ဆောင်မှုလုပ်ငန်းများကို လုပ်ဆောင်နေသည့် ကုမ္ပဏီတစ်ခုဖြစ်သည့် 2C 2P တို့ ပူးပေါင်း၍ စတင်ထုတ်ဝေကြောင်း ရန်ကုန်မြို့ ချက်ထရီယန်ဟိုတယ်တွင် ဒီဇင်ဘာ ၂၃ ရက်က ကျင်းပသည့် အခမ်းအနားမှ သိရသည်။

စမတ်ဖုန်းသုံးစွဲသော စီတီဇင်ကတ်ကိုင်ဆောင်သူများအနေဖြင့် သုံးစွဲခဲ့သည့်မှတ်တမ်းများကို ကြည့်ရှုနိုင်ရုံတင်မကOnline Supportကို Chart မှတစ်ဆင့် အင်္ဂလိပ်မြန်မာနှစ်ဘာသာဖြင့် အပြန်အလှန်ပြောဆိုရယူနိုင်ကြောင်း 2C 2P ကုမ္ပဏီတည်ထောင်သူနှင့် လုပ်ငန်းစုအမှုဆောင် အရာရှိချုပ် ဦးအောင်ကျော်မိုးက ပြောကြားသည်။

"စီတီဇင်ကတ်ကို လက်လီအရောင်းဆိုင် စူပါမားကတ်တွေ၊ ခရီးသွားလုပ်ငန်းတွေ၊ လေကြောင်းလိုင်းစတာတွေကို ဦးတည်ပြီး ဆိုင်မှာ လက်ရောက်သုံးစွဲနိုင်ရုံသာမက Online ပေါ်မှာပါ လုံခြုံစိတ်ချစွာ သုံးစွဲနိုင်မှာဖြစ်ပါတယ်။ ဒါ့အပြင်နိုင်ငံတကာ ခရီးသွားမယ့် မြန်မာနိုင်ငံသားတွေအတွက် စင်ကာပူ၊ ထိုင်းနဲ့ မလေးရှားနိုင်ငံတွေကို သွားရောက်တဲ့အခါ လေကြောင်းလိုင်း၊ စားသောက်ဆိုင်နဲ့ Shopping Center တွေမှာ အထူးအခွင့်အရေးတွေ ရရှိစေမှာဖြစ်ပါတယ်" ဟု ပြောကြားသည်။

စီတီဇင်ကတ်ကို ကတ်အရေအတွက် ၅၀၀၀ သာ ကန့်သတ်ထားပြီး မြန်မာနိုင်ငံတစ်ဝန်းရှိ MCB ဘဏ်ခွဲများတွင် ရယူနိုင်ကြောင်း သိရသည်။ ကတ်သုံးစွဲသူများအနေဖြင့် MCB ဘဏ်ခွဲတိုင်းတွင် ငွေဖြည့်သွင်းနိုင်ကြောင်း သိရသည်။

မြန်မာနိုင်ငံ၏ စီးပွားရေးသည် လက်ရှိ အမေရိကန်ဒေါ်လာ ၄၅ ဘီလီယံမှ ၂၀၃၀ ပြည့်နှစ်တွင် အမေရိကန်ဒေါ်လာဘီလီယံ ၂၀၀ အထိ လေးဆတိုးတက်လာမည်ဖြစ်ကြောင်း၊ တစ်ဦးချင်း စုစုပေါင်းပြည်တွင်းထုတ်ကုန်တန်ဖိုးမှာ ၂၀၁၀ ပြည့်နှစ်တွင် အမေရိကန်ဒေါ်လာ ၁၃၀၀ မှ ၂၀၃၀ ပြည့်နှစ်တွင် အမေရိကန်ဒေါ်လာ ၅၁၀၀ ထိ တိုးတက်လာမည်ဟု ကျွမ်းကျင်သူများက သုံးသပ်ထားကြောင်း သိရသည်။ **မွန်းဦးနေဒီ**

# တာချီလိတ်မြို့၌ ဈေးသူဈေးသားများ လှည့်လည်ဆန္ဒပြ

**တာချီလိတ် ဒီဇင်ဘာ ၂၈**

တာချီလိတ်မြို့၌ အင်အား ၁၀၀ ခန့်ရှိသည့် ဈေးသူဈေးသားများက ဒီဇင်ဘာ ၂၄ ရက် နံနက်ပိုင်းတွင် တရားဝင်ခွင့်ပြုချက်တောင်းခံ၍ လှည့်လည်ဆန္ဒပြခဲ့ကြောင်း သိရသည်။

ဝမ်ကောင်းမြို့မဈေးသစ်တည်ဆောက်နေမှုမှ ဈေးအပြင်တန်းနေရာ ၈၆ နေရာ ပြန်လည်နေရာချထားပေးမှုကို မကျေနပ်သဖြင့် ဈေးသူဈေးသားများက မဟာမြတ်မုနိဘုရားကျောင်းတိုက်မှ တစ်ပတ်ပတ်ကာ စည်ပင်သာယာရေးကော်မတီရုံးရှေ့နှင့် မင်းခေတ်သစ်ကုမ္ပဏီရုံးရှေ့တို့တွင် ယင်းကဲ့သို့လှည့်လည်ဆန္ဒပြခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**(ခရိုင် ပြန်/ဆက်)**

# ရခိုင်ပြည်နယ်တစ်ခုလုံး လျှပ်စစ်ဓာတ်အားရရှိတော့မည်

**ကျောက်ဖြူ ဒီဇင်ဘာ ၂၈**

ရခိုင်ပြည်နယ် ကျောက်ဖြူမြို့တွင် (1 .5 ) MWဓာတ်အားရှိ Gas Engine စက်ငယ် ၃၂ လုံးဖြင့် (50 MW) ဓာတ်အားထုတ်လုပ်ပြီး ရခိုင်တစ်ပြည်နယ်လုံးသို့ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးပေးသွားမည်ဖြစ်ကြောင်း ကျောက်ဖြူမြို့ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးဦးစီးဌာနမှ သိရသည်။

အဆိုပါ ဓာတ်အားပေးစက်များကို National Grid (အမျိုးသားကွန်ရက်) မှတစ်ဆင့် လျှပ်စစ်ဓာတ်အားဖြန့်ဖြူးပေးနိုင်ရန် ပထမအကြိမ်အနေဖြင့် ပံ့ပိုးပေးခြင်းဖြစ်ပြီး မကြာမီကာလအတွင်း အချိန်အကန့်အသတ်ဖြင့်သာ ဓာတ်အားသုံးစွဲခဲ့ရသော ရခိုင်ဒေသအသီးသီးသို့ ဖြန့်ဖြူးပေးနိုင်တော့မည်ဖြစ်ကြောင်း သိရသည်။ **(ခရိုင် ပြန်/ဆက်)**



**(၆၇)နှစ်မြောက် လွတ်လပ်ရေးနေ့ မိုလ်ရှုခံအခမ်းအနားသို့ ချီတက်အလေးပြုမည့် နေပြည်တော်ကောင်စီနယ်မြေကိုယ်စားပြု အမျိုးသမီးရေးရာအဖွဲ့နှင့်မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့များ လေ့ကျင့်ရေးစခန်းသို့ ပျဉ်းမနားမြို့နယ် ကိုလင်း (Gas)ဖြန့်ဖြူးရောင်းဝယ်ရေးမှ ရေသန့်၊ အချိုရည်၊ မုန့်၊ ချိုချဉ်များ လှူဒါန်းစဉ်။**

ကိုမျိုး(ရွှေပေါက်ကံ)


# အထူးဂုဏ်ယူဝမ်းမြောက်ခြင်း

၂၀၁၃ ခုနှစ်အတွက် မြန်မာ့ရုပ်ရှင်ထူးချွန်ဆု ချီးမြှင့်ပွဲတွင်အကယ်ဒမီဆုများကို ထိုက်ထိုက်တန်တန် ဆွတ်ခူးရရှိခဲ့သည့် ထပ်ဆင့်အကယ်ဒမီ ပြေတီဦးနှင့် အကယ်ဒမီ ဝတ်မှုန်ရွှေရည် တို့အတွက် Mobile King Trading Co.,Ltd. မှ အထူးဂုဏ်ယူဝမ်းမြောက်မိပါကြောင်း။

**Mobile King Trading Co.,Ltd. မိသားစု**



## ၁၀-၁၂-၂၀၁၄ ရက်စွဲပါ မြန်မာ့အလင်းသတင်းစာ ကြော်ငြာအပေါ်ပြန်လည်ရှင်းလင်း၍ အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ပိုင်းခရိုင်၊ မှော်ဘီမြို့နယ်၊ လက်ပံတန်းကျေးရွာအုပ်စု၊ သပြေကုန်းကျေးရွာ၊ ကွင်းအမှတ် ၆၄၅/က၊ အင်းကန်ကြေးတိုင်ပြင် ဦးပိုင်အမှတ် လ/၃၇၊ အကွက်အမှတ် ၂၅၉/၂၃၈ ဥယျာဉ်ခြံမြေကွက်နှင့်တကွ သီးပင်၊ စားပင်၊ လေးပင်၊ သုံးပင် သစ်သားအဆောက်အအုံ တစ်လုံးနှင့်အဝီစိရေတွင်းများနှင့်တကွ အကျိုးခံစားခွင့် အရပ်ရပ်မှာဦးဝင်းမော် ၁၂/အစန(နိုင်)၁၇၁၆၇၇၏ အမည်ပေါက် တစ်ဦးတည်းပိုင် ဖြစ်ပါသည်။

ဦးဝင်းမော် ၁၂/အစန(နိုင်)၁၇၁၆၇၇ နှင့် ဒေါ်ရီရီဝင်း ၁၄/မအပ(နိုင်)၀၀၀၀၈၂ တို့မှာ ၂၀၀၅ ခုနှစ်ကတည်းက တရားဝင်ကွာရှင်းပြတ်စဲခဲ့ကြပြီးပစ္စည်းခန်းမှာလည်း အပြီးပြတ်ခွဲဝေပြီးဖြစ်သဖြင့် ဦးဝင်းမော်နှင့်ဒေါ်ရီရီဝင်း လုံးဝမသက်ဆိုင်တော့သလို ပစ္စည်းနှင့်ပတ်သက်၍လည်းလုံးဝပတ်သက်ရန် အကြောင်းမရှိပါ။

အထက်ပါခြံ၊ မြေမှာ ၁၉၈၆ မှစတင်၍ ယနေ့အထိ ဦးဝင်းမော် အမည်ပေါက် ဖြစ်သည့် အပြင်ခြံလုပ်ငန်းများအား ဦးစောလွင်အားခြံစောင့်ထားကာ ဦးဝင်းမော် တစ်ဦးတည်း၏ စီမံခန့်ခွဲမှုနှင့် လုပ်ကိုင်ဆဲဖြစ်ပါသည်။ ၇-၃-၁၉၉၄ ရက်စွဲပါ စာချုပ်ဖြင့် လွှဲပြောင်းပေးအပ်ခဲ့သည်ဆိုခြင်းလည်းမဟုတ်မှန်ပါ။

ထို့ကြောင့် အဆိုပါမြေကွက်မှာ ဦးဝင်းမော် ၁၂/အစန(နိုင်)၁၇၁၆၇၇ တစ်ဦးတည်းအမည်ပေါက် ပိုင်ဆိုင်သဖြင့် ဒေါ်ရီရီဝင်း၏ သဘောတူညီချက်ရရန် မလိုအပ်ပါ။ သို့ဖြစ်ပါ၍ ဦးဝင်းမော် တစ်ဦးတည်းအမည်ပေါက် ပိုင်ဆိုင်သည့်မြေကွက်ဖြစ်ကြောင်းနှင့် မည်သူတစ်ဦးတစ်ယောက်မျှ ဝင်ရောက်စွက်ဖက်ခွင့်ရမည်မဟုတ်ကြောင်း ဒေါ်ရီရီဝင်းနှင့် အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

**ဒေါ်ရွှေစိန် LL.B**
**အထက်တန်းရှေ့နေ(စဉ်-၂၃၄၆၈)**
**ဖုန်း-၀၉-၄၃၀၈၁၅၅၃**



**ပျောက်ဆုံးကြောင်း**

Ph : 09 31620972



**ပျောက်ဆုံးကြောင်း**

ကျွန်မ မတင်လှိုင်၏ နိုင်ငံကူးလက်မှတ် အမှတ်(M-779509)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၇၃၀၇၀၃၉၆၊ ၀၉-၂၅၄၀၆၅၆၁၆



**SIM CARD**
**ဝယ်ယူမည့်ဈေးနှုန်းများ**

49** - 170000
73** - 100000
86** - 120000
**Ph: 09-73026000, 73002800**



# စာအုပ်စာပေ လှူမိတ်ဆွေ

ပြည်တွင်းသတင်းနှင့်ကြော်ငြာ



## ဓာတ်အားစဉ်ဆက်မပြတ်ရရှိရေးဆောင်ရွက်

**ရန်ကုန် ဒီဇင်ဘာ ၂၈**

ရန်ကုန်မြို့တော် လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့ မြောက်ဥက္ကလာပမြို့နယ် အုပ်ချုပ်ရေးမှူးရုံးက မြို့နယ်အတွင်း လျှပ်စစ်ဓာတ်အား စဉ်ဆက်မပြတ်ရရှိရေးအတွက် ၂၀၁၄-၂၀၁၅ ခုနှစ်အတွင်း 11/0.4 KV, 315KVA ထရန်စဖော်မာ ၁၂ လုံးအပြင် ဌာန၏အစီအမံဖြင့် 11/0.4 KV, 200 KVA ထရန်စဖော်မာ ၁၈ လုံးတည်ဆောက်ပြီး ဓာတ်အားလွှတ်ပေးရန် လျာထားဆောင်ရွက်ခဲ့ရာ ဒီဇင်ဘာ ၂၃ ရက်အထိ 11/0.4 kV,315 KVA ထရန်စဖော်မာကိုးလုံးနှင့် 11/0.4 KVA , 200 KVA ထရန်စဖော်မာတစ်လုံး တည်ဆောက်၍ ဓာတ်အားပို့လွှတ်လျက်ရှိသည်။ ထရန်စဖော်မာများ တည်ဆောက်၍ ဓာတ်အားပို့လွှတ်ပေးခြင်းကြောင့် ရပ်ကွက်များအတွင်း ဓာတ်အားစဉ်ဆက်မပြတ်ရရှိသဖြင့် အများပြည်သူတို့က ဝမ်းသာလျက်ရှိသည်။ **အောင်သူရ**

## စဉ့်ကူးမြို့မရဲစခန်း အသစ်ပြန်လည်တည်ဆောက်

**စဉ့်ကူး ဒီဇင်ဘာ ၂၈**

၂၀၁၂ခုနှစ် ငလျင်ဒဏ်ကြောင့်ပြိုကျပျက်စီးခဲ့သော မန္တလေးတိုင်းဒေသကြီး စဉ့်ကူးမြို့မရဲစခန်းကို စခန်းရုံးနှင့် အချုပ်ခန်းပါ အလျား ၉၄ပေ၊ အနံ ၃၀ပေ၊ အမြင့် ၁၂ ပေ၊ RC မြေစိုက် တစ်ထပ်အဆောက်အအုံကို ETOL Construction ကုမ္ပဏီက တာဝန်ယူဆောက်လုပ်လျက်ရှိရာ ယခုအခါ အဆောက်အအုံတစ်ခုလုံး၏ ၉၀ ရာခိုင်နှုန်း ပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။

အဆိုပါ စဉ့်ကူးမြို့မရဲစခန်းအဆောက်အအုံသစ်မှာ စခန်းမှူးရုံးခန်း၊ နယ်ထိန်းရုံးခန်း၊ အမှုစစ်ရုံးခန်း၊ လက်နက်တိုက်၊ သက်သေခံပစ္စည်းထားသိုခန်း၊ အမျိုးသားအချုပ်ခန်းနှင့် အမျိုးသမီးအချုပ်ခန်းတို့ပါရှိပြီး မကြာမီ ရာနှုန်းပြည့် ပြီးစီးတော့မည်ဖြစ်ကြောင်း သိရသည်။ **၄၃၃**

## မောင်မယ်သစ်လွင်ကြိုဆိုပွဲကျင်းပ

**မန္တလေး ဒီဇင်ဘာ ၂၈**

ဆေးတက္ကသိုလ်(မန္တလေး) ပထမနှစ် အမ်ဘီဘီအက်စ် 1st MBBS (၁၂/၂၀၁၄) သင်တန်းတက်ရောက်ခွင့်ရရှိကြသောကျောင်းသား ကျောင်းသူများအား မောင်မယ်သစ်လွင်ကြိုဆိုပွဲနှင့် မိဘအုပ်ထိန်းသူများအား တွေ့ဆုံပွဲအခမ်းအနားကို ဒီဇင်ဘာ ၂၆ ရက် နံနက် ၉ နာရီက အဆိုပါဆေးတက္ကသိုလ်ရှိ အောင်ပင်လယ်ခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ဆေးတက္ကသိုလ်(မန္တလေး) ပါမောက္ခချုပ်၊ ပါမောက္ခ ဒေါက်တာ တင်မောင်ဟန်က ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားသည်။ ဘာသာရပ်ဆိုင်ရာဌာနမှူးများကိုယ်စား အင်္ဂလိပ်စာဌာနမှူး ဦးအောင်သိန်းထွန်းက အမှာစကားပြောကြားပြီး ကျောင်းသား ကျောင်းသူများအား လှိုက်လှဲစွာဖြင့် နွေးထွေးစွာနှုတ်ဆက်ကြောင်း သိရသည်။

**တင်မောင်(မန္တလေး)**

## ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် အခြေခံစားကုန်ဈေးနှုန်း ၂၈-၁၂-၂၀၁၄

**ရွှေဈေးနှုန်း (အောင်သမာဓိ)**

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၆၆၄၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၆၂၄၉၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၆၆၄၅၀၀ |

**စက်သုံးဆီဈေးနှုန်း (Max/ Newday စက်သုံးဆီအရောင်းဆိုင်)**

| | | |
|---|---|---|
| ဓာတ်ဆီ | တစ်လီတာ | ကျပ် ၈၁၆ |
| ဒီဇယ် | တစ်လီတာ | ကျပ် ၈၅၀ |
| အောက်တိန်း ၉၂ | တစ်လီတာ | ကျပ် ၈၀၀ |
| အောက်တိန်း ၉၅ | တစ်လီတာ | ကျပ် ၁၀၃၀ |
| ပရီမီယံဒီဇယ် | တစ်လီတာ | ကျပ် ၈၈၀ |

**သားငါးနှင့်ဟင်းချက်စရာဈေးနှုန်း (သား/ငါးဒိုင်များ)**

| | | | |
|---|---|---|---|
| ၁။ | ငါးကြင်း | တစ်ပိဿာ | ၃၂၀၀-၃၅၀၀ |
| ၂။ | ငါးမြစ်ချင်း | တစ်ပိဿာ | ၂၇၀၀-၃၀၀၀ |
| ၃။ | ငါးရံ့ | တစ်ပိဿာ | ၅၅၀၀-၇၀၀၀ |
| ၄။ | ငါးဖယ် | တစ်ပိဿာ | ၁၂၀၀၀-၁၅၀၀၀ |
| ၅။ | ပုစွန် (ကျော့) | တစ်ပိဿာ | ၄၅၀၀-၇၅၀၀ |
| ၆။ | ပုစွန်တုပ် | တစ်ပိဿာ | ၉၀၀၀-၁၇၀၀၀ |
| ၇။ | ငါးသားလောက် | တစ်ပိဿာ | ၆၀၀၀-၇၅၀၀ |
| ၈။ | ကြက် | တစ်ပိဿာ | ၆၀၀၀-၁၅၀၀၀ |
| ၉။ | ဝက် | တစ်ပိဿာ | ၇၅၀၀-၉၀၀၀ |
| ၁၀။ | အမဲ | တစ်ပိဿာ | ၈၀၀၀-၉၀၀၀ |
| ၁၁။ | ဆိတ် | တစ်ပိဿာ | ၁၂၀၀၀-၁၇၀၀၀ |
| ၁၂။ | ဘဲ | တစ်ပိဿာ | ၇၀၀၀-၁၀၀၀၀ |

**နိုင်ငံတကာသုံးငွေကြေးပေါက်ဈေး (သိမ်ဖြူငွေလဲကောင်တာ)**

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ၁၀၄၀-၁၀၄၂ |
| ဥရောပ | တစ်ယူရို | ၁၂၆၅-၁၂၈၀ |
| စင်ကာပူ | တစ်ဒေါ်လာ | ၇၈၀-၇၈၉ |
| ထိုင်း | တစ်ဘတ် | ၃၀-၃၀.၂ |
| အိန္ဒိယ | တစ်ရူပီး | ၁၆-၁၆.၅၇၆ |
| တရုတ် | တစ်ယွမ် | ၁၆၅-၁၇၀ |
| မလေးရှား | တစ်ရင်းဂစ် | ၃၂၀-၃၂၂ |

ကုန်စည်ဒိုင်ဈေးနှုန်းဖြစ်ပြီး အချိန်နှင့်အမျှအပြောင်းအလဲရှိနိုင်ပါသည်။

ခင်ရတနာ-စုစည်းသည်။

## အထူးကုဆရာဝန်ကြီးများ သံတောင်၌ အခမဲ့ကွင်းဆင်းကုသ

**တောင်ငူ ဒီဇင်ဘာ ၂၈**

ကရင်ပြည်နယ် အစိုးရအဖွဲ့က ကြီးမှူး၍ ကရင်ပြည်နယ် ကျန်းမာရေးဦးစီးဌာန ဘားအံမြို့မှ အထူးကုဆရာဝန်ကြီး ၁၂ ဦးနှင့် အကူသူနာပြု ၄၀ ခန့်ပါဝင်သော အခမဲ့ ကွင်းဆင်းကုသရေးအဖွဲ့သည် ဒီဇင်ဘာ ၂၆ ရက် မွန်းလွဲ ၁ နာရီခွဲက တောင်ငူ-သံတောင်လမ်းရှိ သံတောင်ပြည်သူ့ဆေးရုံတွင် ဒေသခံပြည်သူ ၅၀၀ ကျော်ကို အခမဲ့ဆေးကုသပေးသည်။ **(ယာပုံ)**

အဆိုပါအဖွဲ့တွင် ဆေးပညာအထူးကု၊ အရိုးအထူးကု၊ အကြောအဆစ်အထူးကု၊ သွားအထူးကု၊ မေ့ဆေးဆရာဝန်၊ သားဖွားမီးယပ်အထူးကု၊ စိတ်ရောဂါအထူးကု၊ တိုင်းရင်းဆေး၊ ကလေးအထူးကု၊ မျက်စိအထူးကု၊ ENT နားနှာခေါင်းလည်ချောင်း အထူးကု၊ အထွေထွေအထူးကုတို့က ကုသပေးပြီး ဓာတ်ခွဲခန်းပစ္စည်းများ၊ ခွဲစိတ်ကုသရေးပစ္စည်းများလည်း ပါဝင်ကြောင်း သိရသည်။ **သူရ(တောင်ငူ)**






# ရခိုင်ပြည်နယ် ကယ်ဆယ်ရေး၊ ပြန်လည်နေရာချထားရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်း ဆပ်ကော်မတီညှိနှိုင်းစည်းဝေး



**စစ်တွေ ဒီဇင်ဘာ ၂၈**

ရခိုင်ပြည်နယ် ကယ်ဆယ်ရေး၊ ပြန်လည်နေရာချထားရေးနှင့် ပြန်လည်ထူထောင်ရေး လုပ်ငန်းဆပ်ကော်မတီ ညှိနှိုင်းအစည်းအဝေး (၂၁/၂၀၁၄) ကို ဒီဇင်ဘာ ၂၃ ရက် မွန်းလွဲပိုင်းက ပြည်နယ်အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ (၂)၌ ကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ် ဦးမောင်မောင်အုန်းနှင့်အတူပြည်နယ်ဝန်ကြီးများ၊ ရခိုင်ပြည်နယ် အစိုးရအဖွဲ့ အတွင်းရေးမှူးနှင့် ပြည်နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ တက်ရောက်ကြသည်။

အစည်းအဝေးတွင် ပြည်နယ်ဝန်ကြီးချုပ်က ကယ်ဆယ်ရေးစခန်းများအလိုက် ပျက်စီးယိုယွင်းနေသည့် အဆောက်အအုံများကို ပြုပြင်မွမ်းမံရန် စခန်းအလိုက် လိုအပ်ချက်များကို ရှာဖွေဖော်ထုတ်ပြီး ဖြည့်ဆည်းသွားကြရန်နှင့် လုပ်ငန်းဆိုင်ရာ လိုအပ်ချက်များကိုအချိန်နှင့်တစ်ပြေးညီ တင်ပြဆောင်ရွက်သွားကြရန်ဖြစ်ကြောင်းဖြင့် ပြောကြားခဲ့သည်။ **(ဝဲပုံ)**

ဆက်လက်၍ ပြည်နယ်အစိုးရအဖွဲ့အတွင်းရေးမှူး ဦးမင်းချစ်ဦးက လုပ်ငန်းဆိုင်ရာများကို ရှင်းလင်းပြောကြားသည်။ ထို့နောက် ကယ်ဆယ်ရေးလုပ်ငန်းများနှင့် ပတ်သက်၍ နယ်မြေ ၁၄ ခုတို့မှ စခန်းတာဝန်ခံများက ကဏ္ဍအလိုက် လုပ်ငန်းဆောင်ရွက်ပြီးစီးမှု၊ ဆောင်ရွက်ဆဲလုပ်ငန်း၊ ဆက်လက်ဆောင်ရွက်မည့်လုပ်ငန်း အစီအမံများနှင့် လုပ်ငန်းဆိုင်ရာ လိုအပ်ချက်များကို ရှင်းလင်းတင်ပြကြသည်။

**(ပြည်နယ် ပြန်/ဆက်)**

# တက္ကသိုလ်ဝင်တန်း အောင်ချက်မြင့်မားရေး သီပေါအထက(၁)၌ ဆွေးနွေးပို့ချ

**သီပေါ ဒီဇင်ဘာ ၂၈**

ရှမ်းပြည်နယ် (မြောက်ပိုင်း) သီပေါမြို့နယ် ပညာရေးကြီးကြပ်မှုကော်မတီနှင့် အထက်မြန်မာနိုင်ငံ သတင်းစာဆရာများအသင်းတို့ ပူးပေါင်း၍ ၂၀၁၅ ခုနှစ် တက္ကသိုလ်ဝင်တန်း အောင်ချက်မြင့်မားရေး အထောက်အကူပြုဘာသာရပ်ဆိုင်ရာ သင်ကြားပို့ချဆွေးနွေးပွဲကို ဒီဇင်ဘာ ၂၇ ရက် မွန်းလွဲ ၁ နာရီက သီပေါအထက (၁) မြနီလာခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်ပညာရေးကြီးကြပ်မှုကော်မတီ ဥက္ကဋ္ဌ၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမျိုးတင့်ဇော်က အမှာစကားပြောကြားပြီး ဒုတိယမြို့နယ်ပညာရေးမှူး ဦးထွန်းထိုက်က ကျောင်းသား ကျောင်းသူများ အနေဖြင့် စည်းကမ်းတကျလိုက်နာသင်ယူမှုများနှင့် ရန်ကုန်တက္ကသိုလ် မြန်မာစာဌာနတွဲဖက်ပါမောက္ခ(ငြိမ်း) ဆရာဦးမျိုးသန့်က သင်ကြားမှု သင်ယူမှုဆိုင်ရာကိစ္စရပ်များကို ရှင်းလင်းပြောကြားသည်။ **စိုင်း(သီပေါ)**

# ကလေးမှ မော်လိုက်သို့ တင်ပို့မည့် ဘိန်းစိမ်းများ ဖမ်းဆီးရမိ

**ကလေး ဒီဇင်ဘာ ၂၈**

စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့ ကံဦးကျေးရွာမှ ဘုန်းချောင်းသို့ဖြတ်ကာ မော်လိုက်မြို့သို့ မူးယစ်ဆေးဝါးများသယ်ဆောင်မှုကို ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ သတင်းအရ စခန်းကြီးရဲကင်းစခန်းမှ ရဲအုပ်ဇော်ဝင်းထွန်းနှင့်အဖွဲ့သည် ဘုန်းချောင်းအရှေ့ဘက် ညောင်ချောက်ဝကားလမ်းပေါ်၌ စောင့်ဆိုင်းနေစဉ် လမ်းလျှောက်လာသော သင်္ကာမကင်းဖြစ်သည့် လူနှစ်ဦးကို ရပ်တန့်စစ်ဆေးရာ ပါလာသည့် အထုပ်များကိုလွှင့်ပစ်ပြီး ထွက်ပြေးသဖြင့် လိုက်လံဖမ်းဆီးရာ အောင်ဝင်းသိန်း(ခ)ဝင်းသိန်းကိုဖမ်းဆီးရမိပြီး ခါးပတ်အိတ်အတွင်းမှ ဘိန်းစိမ်းဟုယူဆရသော အညိုရောင်အစေး ၃ ဒသမ ၈၂၅ ဂရမ် တစ်ထုပ်၊ အနွေးထည်အတွင်း ထည့်ထားသည့် ဘိန်းစိမ်းဟုယူဆရသော အညိုရောင်အစေး ၈၁ ဒသမ ၇ ဂရမ်ပါ တစ်ထုပ်နှင့်ဘိန်းစိမ်းဟုယူဆရသော အညိုရောင်အစေး ၁၆၃ ဒသမ ၃ ဂရမ်ပါ တစ်ထုပ်၊ ဘိန်းစိမ်းဟုယူဆရသော အညိုရောင်အစေး ၃၂၆ ဒသမ ၆ ဂရမ်ပါ တစ်ထုပ်တို့ကို ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

အဆိုပါ ဖမ်းဆီးရမိဘိန်းစိမ်းများကို ချင်းပြည်နယ် ကျောက်ချပ်ကျေးရွာနေ အမျိုးသားတစ်ဦးထံမှ ဝယ်ယူခဲ့ကြောင်း သိရသည်။

**သျှင်နေမင်း**

## ပြည်တွင်းသတင်းနှင့် ကြော်ငြာ

# အရှိန်မထိန်းနိုင်သောယာဉ် လမ်းဖြတ်ကူးသူကိုတိုက်

**နေပြည်တော် ဒီဇင်ဘာ ၂၈**

ရန်ကုန်တိုင်းဒေသကြီး လှည်းကူးမြို့နယ် ရန်ကုန်-မန္တလေးအမြန်လမ်း မိုင်တိုင်အမှတ် (၂၀/၄-၅)ကြားတွင် ယာဉ်တိုက်မှုဖြစ်ပွားကြောင်း သတင်းအရ ဒီဇင်ဘာ ၂၄ ရက် နံနက် ၉နာရီက အမှတ် (၃)လမ်းဆုံအမြန်လမ်းရဲစခန်းမှ တပ်ဖွဲ့ဝင်များ သွားရောက်စစ်ဆေးခဲ့သည်။

စစ်ဆေးချက်အရ နေပြည်တော်ဘက်မှ ရန်ကုန်ဘက်သို့ မွန်ပြည်နယ် သထုံမြို့နယ် ကျိုက်ကော်ကျေးရွာနေ ခင်မောင်မြင့် (၄၉ နှစ်)မောင်းနှင်လာသော 4I /----- KLUGER အနက်ရောင်ယာဉ်သည် အရှိန်မထိန်းနိုင်ဘဲ လမ်းနောက်ဘက်မှ အရှေ့ဘက်သို့ လမ်းဖြတ်ကူးသူ ပဲခူးတိုင်းဒေသကြီး ဖြူးမြို့နယ် သဖန်းတန်းကျေးရွာနေ ကိုအေးလွင် (၂၄ နှစ်)ကို ဝင်ရောက်တိုက်မိခဲ့သဖြင့် ဒဏ်ရာများရရှိကာ အခင်းဖြစ်နေရာတွင်ပင် သေဆုံးသွားကြောင်း သိရှိရသောကြောင့် ခင်မောင်မြင့်ကို အမှတ်(၃)လမ်းဆုံအမြန်ရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။ **ကိုရဲ**

# ပြစ်မှုကျူးလွန်ပြီး ထွက်ပြေးတိမ်းရှောင်နေသူဖမ်းဆီးရမိ

**ရန်ကုန် ဒီဇင်ဘာ ၂၈**

လှိုင်မြို့နယ် ပိတောက်ချောင်းနယ်မြေရဲစခန်းမှ တပ်ဖွဲ့ဝင်များသည် ပိတောက်ချောင်းနယ်မြေရဲစခန်းမှ (ပ) ၁၅၆/၂၀၁၄၊ ပြစ်မှုပုဒ်မ ၃၂၆ အမှုမှ ပြစ်မှုကျူးလွန်ပြီး တိမ်းရှောင်ထွက်နေသူ လှိုင်သာယာမြို့နယ်နေ အောင်ပိုင်(ခ)အောင်အောင်(ခ)အသေးလေး (၂၁ နှစ်)ကို လှိုင်မြို့နယ် ဘုရင့်နောင်လမ်းဘေးတွင် တွေ့ရှိသဖြင့် ဒီဇင်ဘာ ၂၆ ရက် ည ၈ နာရီက ဖမ်းဆီးရှာဖွေစစ်ဆေးရာ ၎င်းလွယ်ထားသော ဘေးလွယ်အိတ်အတွင်းမှ အရိုးအသွား ၁၇ လက်မခန့်ရှိ နှစ်ဖက်သွားပါ ဓားဦးချွန်တစ်ချောင်း၊ လေးခွတစ်လက်နှင့်ကုံးသီး အလုံး ၂၀ တို့ တွေ့ရှိသိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

ယင်းကဲ့သို့ ဖမ်းဆီးရမိသူ အောင်ပိုင်(ခ) အောင်အောင်(ခ) အသေးလေးကို ပိတောက်ချောင်းနယ်မြေရဲစခန်းက အမှုဖွင့်အရေးယူကာ ၎င်းကျူးလွန်ခဲ့သည့် ပြစ်မှုပုဒ်မ ၃၂၆ အမှုဖြင့်လည်း ဆက်လက်အရေးယူ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **တင်လှမောင်**


## လျှောက်လွှာခေါ်ယူခြင်း

ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ တောင်ကြီးမြို့၊ အေးသာယာပြည်သူ့ဝန်ထမ်းအိမ်ရာစီမံကိန်းတွင် (၄၀/၃၀)ပေအကျယ် ကွန်ကရစ်လမ်း၊ အဆင့်မြင့် RCC တန်ဖိုးသင့်/မျှ (၄)ခန်းတွဲ (၅)ထပ် လူနေအထပ်မြင့် (မြို့ပြ၊ ရေသန့်၊ လျှပ်စစ်) ခန်းဖွဲ့ (၂)ခန်း၊ ဧည့်ခန်း (၁)ခန်းပါဝင်သည့် တိုက်ခန်းများ ဆောက်လုပ်လျက်ရှိပါသည်။ ရှမ်းပြည်နယ်အတွင်း တာဝန်ထမ်းဆောင်နေသောဝန်ထမ်း၊ အငြိမ်းစားများ (အမှန်တကယ်နေထိုင်မည့်သူများ)အား အရစ်ကျငွေချေစနစ်၊ အခန်းပိုင်စနစ်ဖြင့် ရောင်းချပေးသွားမည်ဖြစ်ပါသဖြင့် တိုက်ခန်းဝယ်ယူခွင့်လျှောက်လွှာတစ်စောင်လျှင် (၂၀၀၀ိ/-) (နှစ်ထောင်ကျပ်)နှုန်းဖြင့် လျှောက်ထားနိုင်ပါသည်။

**လျှောက်လွှာရောင်းချမည့်ရက်** - ၁-၁-၂၀၁၅ရက်မှ ၃၁-၁-၂၀၁၅ရက်အထိ (ရုံးဖွင့်ရက် ရုံးချိန်အတွင်း)

**လျှောက်လွှာနောက်ဆုံးရောင်းချမည့်ရက်** - ၃၁-၁-၂၀၁၅ရက် (၁၆း၀၀)နာရီ

**လျှောက်လွှာရောင်းချမည့်နေရာ** - လမ်းပန်းဆက်သွယ်ရေးဝန်ကြီးရုံး၊ ရှမ်းပြည်နယ်အစိုးရအဖွဲ့၊ တောင်ကြီးမြို့



၁၉၈၇ ခုနှစ်

သစ်တောပညာသင်ကျောင်းသားများ

## ဒုတိယအကြိမ်အာစရိယပူဇော်ပွဲ

၁၉၈၇ခုနှစ် သစ်တောပညာသင် ကျောင်းသားများ၏ မိသားစုများက အာစရိယပူဇော်ပွဲအခမ်းအနားကို တက္ကသိုလ်များ ဓမ္မာရုံကြီး(ရန်ကုန်)၌ ၁၀-၁-၂၀၁၅ရက် (စနေနေ့) နံနက် ၉း၀၀နာရီမှ ၁၂း၀၀နာရီထိ ကျင်းပပြုလုပ်မည်ဖြစ်ပါ၍ သူငယ်ချင်းမိသားစု စုံလင်စွာဖြင့် ကြွရောက်ပါရန် ချစ်ခင်စွာ ဖိတ်ကြားအပ်ပါသည်။

**အာစရိယပူဇော်ပွဲဖြစ်မြောက်ရေးကော်မတီ**

**ပျောက်ဆုံးကြောင်း**

ကျွန်မ မမေသီဦး ၁၄/ဘကလ(နိုင်)၀၀၂၁၃၈ ၏ Passport စာအုပ်မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၄၂၀၀၇၅၁၆၅**






**သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန**
**အဆင့်မြင့်သိပ္ပံနှင့်နည်းပညာဦးစီးဌာန**
**နေပြည်တော်**

## စက်ပစ္စည်းများဝယ်ယူရန် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန၊ အဆင့်မြင့်သိပ္ပံနှင့် နည်းပညာဦးစီးဌာန၊ နေပြည်တော်မှ အောက်ဖော်ပြပါစက်ပစ္စည်းများအား မြန်မာကျပ်ငွေဖြင့် ဝယ်ယူရန်အတွက် အိတ်ဖွင့်တင်ဒါ တင်သွင်းကြရန် ဖိတ်ခေါ်အပ်ပါသည်-

**စဉ် ပစ္စည်းအမျိုးအမည်**

| စဉ် | ပစ္စည်းအမျိုးအမည် | |
|---|---|---|
| (၁) | Projector | (2) nos |
| (၂) | Wall Mount Bracket for Projector | (2) nos |
| (၃) | Safe(Leeco) Model;701 | (1) no |
| (၄) | Air Conditioner (3HP) Mitsubishi | (4) nos |
| (၅) | Certificate Verification Protal စနစ်တည်ဆောက်ခြင်း<br>(a) Initial Software Cost | |
| (၆) | Operating and Supporting Cost for 2 Years | |
| (၇) | Software Development Cost and Application Software Licenes | |
| (၈) | Maintence Cost (Average 25% per Year) | |
| (၉) | e-Learning စနစ်အကောင်အထည်ဖော်ဆောင်ရွက်ခြင်း<br>Video Conferencing System and Solution | |
| (၁၀) | Vitual Private Network Security liscene (၆)စုံ | |

၂။ အိတ်ဖွင့်တင်ဒါပုံစံနှင့် စည်းကမ်းချက်များကို ကြော်ငြာပါသည့်ရက်မှစ၍ ရုံးချိန်အတွင်း အဆင့်မြင့်သိပ္ပံနှင့် နည်းပညာဦးစီးဌာန(ရုံးချုပ်) နေပြည်တော်တွင် လာရောက်ထုတ်ယူနိုင်ပါသည်။

၃။ အဆိုပါအိတ်ဖွင့်တင်ဒါများကို ၉-၁-၂၀၁၅ ရက် ၁၄း၀၀နာရီတွင် နောက်ဆုံးထား၍ အဆင့်မြင့်သိပ္ပံနှင့်နည်းပညာဦးစီးဌာန(ရုံးချုပ်)၊ နေပြည်တော်သို့ တင်ဒါစည်းကမ်းများနှင့်အညီ လာရောက်ပေးသွင်းရန်ဖြစ်ပါသည်။

**ပစ္စည်းဝယ်ယူရေးအဖွဲ့**
**အဆင့်မြင့်သိပ္ပံနှင့်နည်းပညာဦးစီးဌာန(ရုံးချုပ်)၊ နေပြည်တော်၊**
**ဖုန်း-၀၆၇-၄၀၄၄၈၉၊ ၀၆၇-၄၀၄၅၁၆**

နိုင်ငံတကာအားကစားနှင့်ကျော်ကြား

# ရီးရဲမက်ဒရစ်နဲ့ အေစီမီလန်တို့ရဲ့ ဒူဘိုင်းဖလားပွဲ

**မိုးမြင့်လင်းလက်**

ရီးရဲမက်ဒရစ်နဲ့ အေစီမီလန်တို့ရဲ့ ဒူဘိုင်းဖိတ်ခေါ်ဖလားပြိုင်ပွဲကို ဒီဇင်ဘာ ၃၀ ရက်မှာ ယူအေအီးနိုင်ငံ ဒူဘိုင်းမြို့မှာရှိတဲ့ The Seven အားကစားကွင်းမှာ ကျင်းပတော့မှာ ဖြစ်ပါတယ်။ စပိန်လာလီဂါထိပ်သီးကလပ် ရီးရဲမက်ဒရစ်နဲ့ စီးရီးအေမှာ အရှိန်အဝါကြီးမားတဲ့ ကလပ်အသင်းဖြစ်တဲ့ အေစီမီလန်တို့ရဲ့ပွဲကတော့ ပရိသတ်တွေ စိတ်ဝင်စားစရာကောင်းတဲ့ ပြိုင်ပွဲလည်း ဖြစ်နေပါတယ်။

ဒူဘိုင်းဖိတ်ခေါ်ဖလားပြိုင်ပွဲကို အမ်းမရိတ်စ်လေကြောင်းလိုင်းက စီစဉ်ကျင်းပတာဖြစ်ပြီး အဲဒီဘောလုံးနှစ်သင်းစလုံးကို အမ်းမရိတ်စ်လေကြောင်းလိုင်းက စပွန်ဆာပေးထားတာမို့ အခုလိုဖိတ်ခေါ်ဖလားပြိုင်ပွဲမှာ ပါဝင်ဆင်နွှဲစေခြင်း ဖြစ်ပါတယ်။

အခုကစားမယ့် ဒူဘိုင်းမြို့က The Seven အားကစားကွင်းဟာ ပရိသတ် ၄၀၀၀၀ ကြည့်ရှုနိုင်ပြီး အခုအချိန်မှာတော့ လက်မှတ်တွေအကုန်ရောင်းချထားပြီဖြစ်လို့ ပရိသတ်စိတ်ဝင်စားတဲ့ ဘောလုံးပွဲဖြစ်ကြောင်း ပြသနေပါတယ်။

ဒီပွဲကို အများဆုံးလာရောက်ကြည့်ရှုကြမယ့် ပရိသတ်တွေက အရှေ့အလယ်ပိုင်းဒေသနိုင်ငံတွေက ပရိသတ်တွေအများဆုံးပါဝင်နေပြီး ရီးရဲမက်ဒရစ်ကို အားပေးသူတွေပိုများတယ်လို့ ဆိုပါတယ်။ ဒီနှစ် ဒူဘိုင်းဖလားကိုတော့ လက်ရှိခြေစွမ်းအရ ရီးရဲမက်ဒရစ်တို့ သိမ်းပိုက်ဖို့များနေတာတော့ အမှန်ပါပဲ။

ရီးရဲမက်ဒရစ်ဟာ ဒီနှစ်စပိန်လာလီဂါမှာ အကောင်းဆုံးပုံစံရရှိနေပြီး တိုက်စစ်စွမ်းရည်လည်း တောက်ပနေတဲ့အသင်းဖြစ်ပါတယ်။ ရီးရဲမက်ဒရစ်တိုက်စစ်မှူးတွေဟာ ဒီနှစ်လာလီဂါရာသီတစ်ဝက်မှာ သွင်းဂိုး ၅၅ ဂိုးအထိသွင်းယူထားနိုင်ပြီး တန်းစီဇယားကို ဦးဆောင်နေပါတယ်။ ရီးရဲမက်ဒရစ်ရဲ့ ဂိုးသွင်းဘုရင်ဖြစ်တဲ့ စီရော်နယ်ဒိုဟာ ဒီနှစ်လာလီဂါမှာ တစ်ဦးတည်း ၂၅ ဂိုးသွင်းယူနိုင်ခဲ့တာဖြစ်လို့ တစ်ပွဲ ပျမ်းမျှ ၁ ဒသမ ၇၉ ဂိုးနှုန်း သွင်းယူနိုင်ခဲ့သူဖြစ်ပါတယ်။

အခုပွဲမှာ နည်းပြအန်ဆယ်လော့တီဟာ လူစုံစုဖွဲ့ပြီး ဒူဘိုင်းဖလားကိုသိမ်းပိုက်ဖို့ ချီတက်လာမှာဖြစ်ပါတယ်။ ပွဲတိုင်းအနိုင်ယူပြီး ဖလားတိုင်းရယူနိုင်ဖို့ ပစ်မှတ်ထားနေတဲ့ ရီးရဲမက်ဒရစ်တို့ဟာ ဒူဘိုင်းဖလားကို အိမ်အပြန်မှာ သယ်ဆောင်ပြီး ပြန်ပါလိမ့်မယ်။

စီးရီးအေမှာ အရှိန်အဝါကြီးမားတဲ့ အေစီမီလန်ဟာ လက်ရှိအချိန်မှာ အစွယ်တုံးနေတဲ့ အနေအထားဖြစ်ပါတယ်။ ချယ်လ်ဆီးကပြောင်းရွှေ့လာတဲ့ တိုက်စစ်မှူး တောရက်စ်ကလည်း ဂိုးမသွင်းနိုင်သလို ဂိုးသွင်းသေချာတဲ့ မီနက်ကလည်း စွမ်းဆောင်မှုနှုန်းကျဆင်းနေပါတယ်။ ပယ်နယ်တီဂိုးတွေနဲ့ အသက်ဆက်နေရတဲ့ အေစီမီလန်အတွက် အသက်ရှူကျပ်မယ့်ပွဲပါပဲ။

အေစီမီလန်အသင်းရဲ့ နည်းပြအင်ဇာဂီဟာ ထူးခြားတဲ့စွမ်းရည် မဖော်ပြနိုင်ဘဲ လက်ရှိအချိန်မှာ စီးရီးအေတန်းစီဇယားမှာ သတ္တမနေရာ ရပ်တည်နေရတဲ့အခြေအနေဖြစ်နေပါတယ်။ ကစားသမားတွေက စိတ်ဓာတ်ပိုင်းအားနည်းမှုများနေပြီး အနီကတ်တွေအထိများနေလို့ အေစီမီလန်ရဲ့ လက်ရှိအနေအထားက အကောင်းဆုံးတော့ ရှိမနေပါဘူး။

တိုက်စစ်ရောခံစစ်ပိုင်းမှာပါ အားရစရာမရှိတဲ့ အေစီမီလန်တို့ဟာ ဒူဘိုင်းဖလားကို ရယူနိုင်ဖို့ဆိုတာ ကံကြမ္မာကိုပဲ မျှော်လင့်ရမှာဖြစ်ပြီး ခြေစွမ်းချင်းကတော့ ယှဉ်နိုင်ဖို့ခက်ခဲမှာတော့ အမှန်ပါပဲ။

## အောက်ဆုံးရောက် ပဲလေ့စ်နည်းပြကို အလုပ်ဖြုတ်

ခရစ္စတယ်ပဲလေ့စ်က ဆောက်သမ်တန်ကိုရှုံးပြီးနောက် နည်းပြနေးလ်ဝါနော အား အလုပ်မှဖြုတ်လိုက်ရာ ယခုနှစ်ရာသီတွင် ပရီမီယာလိဂ်၌ ပထမဆုံး အလုပ်ဖြုတ်ခံရသည့် နည်းပြဖြစ်လာသည်။ အသက် ၆၆ နှစ်ရှိ နည်းပြဝါနော့ သည် ၂၀၁၄ ခုနှစ် ဩဂုတ်လက ခရစ္စတယ်ပဲလေ့စ်သို့ နည်းပြအဖြစ် ဒုတိယအကြိမ် ရောက်ရှိလာခဲ့သည်။

၎င်းသည် Boxing Day တွင် ဆောက်သမ်တန်ကို သုံးဂိုး-တစ်ဂိုးဖြင့်ရှုံးပြီးနောက် တန်းဆင်းဇုန်၌ရှိနေသော ခရစ္စတယ်ပဲလေ့စ်မှ ထွက်ခဲ့ရပြီး လက်ထောက်နည်းပြ ကီမီလန်က ယာယီ နည်းပြအဖြစ် တာဝန်ယူဖွယ်ရှိသည်။



## စပါးနှင့် မန်ယူ တစ်မှတ်စီ ခွဲယူ

**လန်ဒန် ဒီဇင်ဘာ ၂၈**

ပရီမီယာလိဂ်ပွဲစဉ် (၁၉)အဖြစ် စပါးနှင့် မန်ယူတို့ ဒီဇင်ဘာ ၂၈ ရက် ညပိုင်းက ယှဉ်ပြိုင်ကစားရာ တစ်ဖက်နှင့်တစ်ဖက် ဂိုးမသွင်းနိုင်ဘဲ တစ်မှတ်စီ ခွဲယူခဲ့ကြသည်။

ပထမပိုင်းတွင် မန်ယူတို့ ဂိုးသွင်းခွင့် အကြိမ်ကြိမ်ရသော်လည်း စပါး ဂိုးသမား ကာကွယ်မှုကောင်းသလို မန်ယူတိုက်စစ်မှူး ဗန်ပါစီ ဂိုးသွင်း မသေချာမှုကြောင့် ဂိုးမရခဲ့ပေ။ ဒုတိယပိုင်းတွင်လည်း နှစ်သင်းစလုံး ဂိုးမသွင်းနိုင်ဘဲ သရေပွဲဖြစ်ခဲ့သည်။ **သီဟ**

### အင်္ဂလန် ပြည်တွင်းလိဂ် ပွဲစဉ်များ

**အင်္ဂလန်ပရီမီယာလိဂ် ပွဲစဉ်(၁၉)** **ဒီဇင်ဘာ ၃၀**

| | | | |
|---|---|---|---|
| လီဗာပူး | - | ဆွမ်ဆီး | နံနက် ၂း၃၀ |

**အင်္ဂလန်ချန်ပီယံရှစ် ပွဲစဉ်(၂၄)** **ဒီဇင်ဘာ ၃၀**

| | | | |
|---|---|---|---|
| ဖူလ်ဟမ် | - | ဘရိုက်တန် | နံနက် ၂း၃၀ |

**အင်္ဂလန်လိဂ်ဝမ်း ပွဲစဉ်(၂၃)** **ဒီဇင်ဘာ ၃၀**

| | | | |
|---|---|---|---|
| ဘန်စလေ | - | အိုဟမ်း | နံနက် ၂း၁၅ |
| ယီအိုဗီး | - | လေတန်အောရိန့် | နံနက် ၂း၁၅ |

ကောင်းမြတ်သူ - စုစည်းသည်


# တောရက်စ်အား အေစီအမြဲတမ်းစာချုပ်

**ချယ်လ်ဆီးနှင့် စပိန်တိုက်စစ်မှူး ဖာနန်ဒိုတောရက်စ်အား စီးရီးအေကလပ် အေစီမီလန်က အမြဲတမ်းစာချုပ်ဖြင့် ခေါ်ယူလိုက်ပြီဖြစ်သည်။ ဇန်နဝါရီ ၅ ရက်ကစပြီး တောရက်စ်သည် အေစီမီလန်အသင်း၏ အမြဲတမ်းကစားသမားဖြစ်သွားပြီဖြစ်သည်။ အသက် ၃၀အရွယ် တောရက်စ်သည် ချယ်လ်ဆီးမှ အေစီမီလန်သို့ ဩဂုတ်လမှစတင်ကာ နှစ်နှစ်အငှားစာချုပ်ဖြင့် သွားရောက်ကစားနေခဲ့သူဖြစ်သည်။**



၎င်းအား အသင်းဟောင်း အက်သလက်တီကိုသို့ အေစီမီလန်က ထပ်မံအငှားချထားဖွယ်ရှိသည်။ တောရက်စ်သည် လီဗာပူးမှ ချယ်လ်ဆီးသို့ပေါင်သန်း ၅၀ဖြင့် ၂၀၁၁ ခုနှစ် ဇန်နဝါရီလက ပြောင်းရွှေ့ခဲ့သည်။ ၎င်းသည် ချယ်လ်ဆီးအသင်းနှင့်အတူ ချန်ပီယံလိဂ်၊ ယူရိုပါလိဂ်နှင့် အက်ဖ်အေဖလားများကို ဆွတ်ခူးပေးနိုင်ခဲ့သည်။

တောရက်စ်အားသူ၏ကလေး ဘဝကတည်းက စတင်ခဲ့သည့် ဘောလုံးသမားဘဝကို ခြေချရာ အက်သလက်တီကိုက ခေါ်ယူရန် အဆက်အသွယ် ပြုလုပ်ခဲ့သည်။ သို့သော်လည်း အေစီမီလန်က အရခေါ်ယူနိုင်ခဲ့သည်။





### တစ်နှစ်ပြည့် မင်္ဂလာနှစ်ပတ်လည်ဆုတောင်း

မောင်ထက်နိုင်ထွန်း(ခ)ဂျော့ - မစိမ်းမြမြနိုင်(ခ)Jenny Kyan တို့၏ တစ်နှစ်ပြည့် မင်္ဂလာနှစ်ပတ်လည်မှစ၍ နောင်နှစ်ပေါင်းများစွာတိုင်တိုင် ပျော်ရွှင်သာယာချမ်းမြေ့သောမိသားစုဘဝကို ပိုင်ဆိုင်ရရှိနိုင်ပါစေ။

**မေမေ - ဒေါ်စန္ဒာတင်နှင့်ညီအစ်ကိုမောင်နှမများ**

### ဒေါက်တာမောင်အောင်၏ “ဖွံ့ဖြိုးမှုအတွက် GLOBAL SUPPLY CHAIN သို့ ပိုမိုဝင်ရောက်ရေး” စာအုပ်ထွက်နေပါပြီ



GLOBAL SUPPLY CHAIN နှင့် ပိုမိုပေါင်းစည်းရေးသည် ၂၁ရာစု GLOBALIZATION တွင် ဖွံ့ဖြိုးဆဲနိုင်ငံများ၏ ဖွံ့ဖြိုးတိုးတက်မှုလမ်းစဉ်ဖြစ်သလို အမြန်ဆုံးစက်မှုနိုင်ငံထူထောင်ရေးလမ်းစဉ်လည်းဖြစ်သည်။ ထို့အတွက် ဖွံ့ဖြိုးမှုဖြစ်စဉ်တွင် အကျုံးဝင်သည့် နိုင်ငံတော်ပိုင်း၊ စီးပွားရေးလုပ်ငန်းရှင်များ၊ လူငယ်များမဖြစ်မနေ ဖတ်ရှုလေ့လာသင့်သည့် စာအုပ်ဖြစ်ပါသည်။




### ရွှေစံအိမ် အမည်ရိုက်နှိပ်ထားသော ပိုးထည်ချိတ်လုံချည်အမျိုးမျိုးအပေါ် ကုန်အမှတ်တံဆိပ် အမည်အမှတ်အသား တစ်ဦးတည်းမူပိုင်ဖြစ်ကြောင်းကြေညာချက်

စစ်ကိုင်းမြို့၊ စိန်ကုန်းရပ်ကွက်၊ သာစည်ရပ်နေ ဒေါ်အေးအေးမာ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း ကြေညာပါသည်။

ဒေါ်အေးအေးမာ ၅/စကန(နိုင်)၀၁၄၆၈၂ သည် အောက်ဖော်ပြပါ ရွှေစံအိမ် အမှတ်တံဆိပ်အမည်အမှတ်အသားကို မိမိကိုယ်တိုင်တီထွင်ပြီး စစ်ကိုင်းမြို့စာချုပ်စာတမ်းမှတ်ပုံတင်အရာရှိရုံးတွင် မှတ်ပုံတင်စာချုပ်အမှတ် ၁၀၂/၂၀၁၄ ရက်စွဲ ၂၆-၉-၂၀၁၄ ရက်ဖြင့် မြန်မာနိုင်ငံတစ်ဝန်းလုံး ဖြန့်ချိရန်မှတ်ပုံတင်သွင်းထားပြီး ဖြစ်ပါသည်။




အထက်ဖော်ပြပါရွှေစံအိမ်ကုန်အမှတ်တံဆိပ်အမည်အမှတ်အသားတို့ဖြင့် အရည်အသွေးမြင့် ပိုးထည်ချိတ်လုံချည်အမျိုးမျိုးကို ဒေါ်အေးအေးမာမှသာ တစ်ဦးတည်းမူပိုင် ဖြန့်ချိရောင်းချလျက်ရှိပါသည်။ ယင်းတံဆိပ်အမှတ်အသားကို ဘူးဖြင့်လည်းကောင်း၊ လက်ဆွဲအိတ်ပေါ်တွင်လည်းကောင်း ဖိနှိပ်၊ ကပ်နှိပ်၊ ရိုက်နှိပ်၍ မြန်မာပြည်တစ်ဝန်းလုံးတွင် ဖြန့်ဖြူးရောင်းချလျက်ရှိပါသည်။

အဆိုပါ **ရွှေစံအိမ်**ကုန်အမှတ်တံဆိပ်ဖြင့် ထုတ်လုပ်သည့်ပိုးထည်ချိတ်အမျိုးမျိုး၏ အရည်အသွေးပြည့်မီခြင်း၊ စံချိန်စံနှုန်းကောင်းမွန်ခြင်း စသည့်ကောင်းသောဂုဏ်သတင်းတို့ကို အခွင့်ကောင်းယူပြီး သုံးစွဲသူများထင်ယောင်ထင်မှားဖြစ်အောင် **ရွှေစံအိမ်**ကုန်အမှတ်တံဆိပ်ပါ ပိုးထည်ချိတ်လုံချည်အမျိုးမျိုးတွင်စာသား၊ ဒီဇိုင်းပုံစံများကို တစ်စိတ်တစ်ဒေသဖြစ်စေ၊ တစ်ခုလုံးဖြစ်စေ၊ တိုက်ရိုက်သော်လည်းကောင်း၊ သွယ်ဝိုက်၍သော်လည်းကောင်း ဆင်တူယိုးမှားပြုလုပ်ခြင်း၊ တစ်စိတ်တစ်ပိုင်းဖန်တီးတုပခြင်း၊ အများထင်ယောင်ထင်မှားဖြစ်အောင်ပြုလုပ်ခြင်း၊ ပုံတူပုံမှားဖြစ်အောင် တစ်နည်းနည်းဖြင့် တုပပြုလုပ်၍ အဆိုပါကုန်အမှတ်တံဆိပ်ဖြင့်ထုတ်လုပ်သည့် ကုန်ပစ္စည်းများအားထုတ်လုပ်မှာယူတင်သွင်းရောင်းချခြင်း၊ လက်ဝယ်ထားရှိခြင်းများ မပြုလုပ်ရန် သတိပေးတားမြစ်လိုက်ပါသည်။

အကယ်၍ လိုက်နာခြင်းမရှိဘဲပြုလုပ်ပါက တရားဥပဒေအရ ထိရောက်ပြတ်သားစွာ အရေးယူသွားမည်ဖြစ်ကြောင်း အများသိစေရန် သတိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

**(ဝေဝေ)**
**ဒေါ်ဝေဝေ B.Sc(Chem), H.G.P**
**အထက်တန်းရှေ့နေ (၈၀၀၀)**
**ချင်းစုကျောင်းရှေ့ဘက်၊ မိုးဇာရပ်နောက်ပိုင်း၊ စစ်ကိုင်းမြို့**
**ဖုန်း-၀၇၂-၂၁၇၀၄၊ ၀၉-၂၁၁၀၁၉၅**

# သိမှတ်ဖွယ်ရာအင်္ဂလိပ်စာအဖြာဖြာ

{အပိုင်း - ၁၄}

■ ပါမောက္ခခင်မောင်ဝင်း (အသည်း) ■

## အဘိဓာန်အသုံးချနည်း

ဘာသာရပ်အသစ်တစ်ခုကို လေ့လာသင်ယူမယ်ဆိုရင် အဲဒီ ဘာသာစကားရဲ့ ဒစ်ရှင်နာရီ (dictionary) လို့ခေါ်တဲ့ အဘိဓာန်ဟာ မရှိမဖြစ်လို့ ဆိုရလောက်အောင် အရေးပါပါတယ်။ ဒီတော့ ကိုယ့်ဘာသာ မဟုတ်တဲ့ အင်္ဂလိပ်ဘာသာကို လေ့လာသင်ယူတဲ့အခါမှာ အင်္ဂလိပ်အဘိဓာန်ကို အကျိုးရှိရှိအသုံးပြုတတ်ဖို့ အထူးလိုအပ်ပါတယ်။ ဒါကြောင့် အင်္ဂလိပ်အဘိဓာန်ကို နည်းစနစ်ကျကျ ဘယ်လိုသုံးပြီး ဘယ်လို အကျိုးကျေးဇူးတွေ ရရှိနိုင်တယ်ဆိုတာကို ရေးသားလိုက်ပါတယ်။

အရင်ဆုံး အဘိဓာန်ကနေ ဘယ်လိုအချက်အလက်မျိုးတွေ ရယူအသုံးပြုနိုင်သလဲဆိုတာ ပြောပြပါမယ်။

## အဘိဓာန်မှ ရရှိနိုင်တဲ့အချက်တွေ


- ကိုယ်တွေ့မြင်ကြားသိရတဲ့ အင်္ဂလိပ်စကားလုံး တစ်ခုရဲ့အဓိပ္ပာယ်ကို ရှာဖွေနိုင်တယ်။
- အဓိပ္ပာယ်ဖွင့်ဆိုချက်ကို မရှင်းလင်းရင် မြန်မာဘာသာနဲ့ ပြုစုထားတဲ့ အဘိဓာန်မှာ ကြည့်နိုင်တယ်။
- မသေချာတဲ့ စာလုံးပေါင်းတွေကို စစ်ဆေးနိုင်တယ်။
- စကားလုံးရဲ့ အသံထွက်ကို သိနိုင်တယ်။
- နာမ်တစ်ခုရဲ့ ဗဟုဝုစ်ကိန်း (သို့) ကြိယာတစ်ခုရဲ့ အတိတ်၊ ပစ္စုပ္ပန် စတဲ့ ကာလသုံးစွဲမှုများကို သိရှိနိုင်တယ်။
- စကားလုံး တစ်လုံးရဲ့ သဒ္ဒါနဲ့ ပတ်သက်တဲ့ အချက်အလက်တွေကို ရှာနိုင်ပါတယ်။
- စကားလုံး တစ်လုံးရဲ့ အဓိပ္ပာယ် ဆင်တူစကားလုံးများ (synonyms) နဲ့ ဆန့်ကျင်ဘက် စကားလုံးများ (antonyms) ကို သိနိုင်ပါတယ်။
- စကားလုံးရဲ့သဒ္ဒါပိုင်း စစ်ဆေးနိုင်တယ်။
- စကားလုံးရဲ့ အသုံးအနှုန်းများကို အဘိဓာန်ကြီးတွေမှာ ဥပမာများနဲ့ သုံးစွဲပြထားတာကို လေ့လာနိုင်တယ်။

အသေးစိတ်ပြောမယ်ဆိုရင် ဒီထက်များပြားတဲ့ အချက်အလက်တွေ ရှိပါသေးတယ်။

ဒီအချက်အလက်တွေ သိထားရုံနဲ့မပြီးပါဘူး။ အဘိဓာန်ကို ဘယ်လို သုံးစွဲရမယ်ဆိုတာ သိဖို့လည်းလိုပါသေးတယ်။ အဲလို သိမှသာ အဘိဓာန်က ပေးနိုင်တဲ့ အခွင့်အလမ်းတွေကို ခံစားနိုင်မှာပါ။

## ဘယ်အချိန်မှာ အဘိဓာန်သုံးမလဲ

အဘိဓာန်ကို မသုံးမီ ဘယ်အခါမျိုးမှာ သုံးသင့်လဲဆိုတာ သိထားဖို့ လိုပါလိမ့်မယ်။ မကြားဖူး၊ မမြင်ဖူးတဲ့ စကားလုံးတွေ တွေ့တိုင်း အဘိဓာန်မှာ ရှာနေမယ်ဆိုရင်တော့ အလုပ်ဖြစ်မှာ မဟုတ်ပါဘူး။ စာဖတ်တာ ဆိုရင်လည်း ရှေ့ဆက်တက်တော့မှာ မဟုတ်ဘူး။ အဘိဓာန်ကြည့်ရင်းနဲ့ပဲ လုံးချာ လည်နေမှာပါ။ တချို့စကားလုံးတွေရောက်တော့ ကိုယ်က ဉာဏ်သုံးပြီး အဓိပ္ပာယ်ကို မှန်းဆ




ဖတ်သွားရမှာပါ။ အဲဒါကို out of context စကားဆက် အရ အဓိပ္ပာယ် နားလည်အောင် ဖတ်တယ်လို့ ဆိုလိုတာပါ။ တချို့ စကားလုံးတွေ ရောက်တော့ လုံးဝနားမလည်ဘဲ၊ မဖြစ်မနေကို သိမှ ဖြစ်မယ်ဆိုတဲ့ စကားလုံးကို ရောက်တော့ အဘိဓာန်မှာ အဓိပ္ပာယ်ရှာရမှာပါ။ အဲလိုဖတ်ပြီးတော့မှသာ သိချင်တဲ့ စကားလုံးလေးတွေကို ဖြည်းဖြည်းချင်း ပြန်ရှာပါ။

## အဘိဓာန်ရွေးချယ်မှု

ဘယ်လိုအဘိဓာန်ကို သုံးမှ ကိုယ့်လိုအပ်ချက်တွေနဲ့ ကိုက်ညီမယ်ဆိုတာလဲ သိဖို့လိုပါတယ်။ ပေါ့ပေါ့ပါးပါး အဘိဓာန်လေးတွေရှိပါတယ်။ အဲလို အဘိဓာန်တွေထဲမှာ သိပ်ခက်ခဲနက်နဲပြီး လူသုံးနည်းတဲ့ စကားလုံးတွေ မပါပါဘူး။ အဲလို အဘိဓာန်အသေးလေးတွေရှိသလို အသေးစိတ်ဖော်ပြတဲ့ အဘိဓာန်ကြီးတွေလည်း ရှိပါတယ်။ နောက်ပြီး အင်္ဂလိပ်အဘိဓာန်စစ်စစ် ရှိသလို အမေရိကန်သုံး အင်္ဂလိပ်အဘိဓာန်တွေလည်းရှိတယ်။ တချို့ အထူးပြု ဘာသာရပ်ဆိုင်ရာ အဘိဓာန်တွေရှိတယ်။ နောက်ပြီး bilingual လို့ခေါ်တဲ့ ဘာသာနှစ်မျိုးနဲ့ ပြုစုထားတဲ့ အဘိဓာန်တွေပေါ့။ ဥပမာ - အင်္ဂလိပ် - မြန်မာ/ မြန်မာ- အင်္ဂလိပ် အဘိဓာန်တွေပေါ့။ ဒီနောက်တော့ ဆီလျော်တဲ့နေရာတွေမှာ ပုံဖော်ပြပါရှိတဲ့ illustrated dictionary ဆိုတာရှိတယ်။ ဒီလို ပုံဖော်ပြမှုတွေ ပါဝင်တဲ့ အဘိဓာန်ကို အသုံးပြုနိုင်ရင်တော့ ဘာသာစကားအသစ် လေ့လာသူတွေအတွက် အထူးသင့်တော် အဆင်ပြေပါတယ်။

အင်္ဂလိပ်စာ အသင့်အတင့် အခြေခံရှိပြီးတဲ့ သူတစ်ယောက်အနေနဲ့တော့ အင်္ဂလိပ်-အင်္ဂလိပ် အဘိဓာန်ကို သုံးလို့အဆင်ပြေနိုင်ပေမယ့် အင်္ဂလိပ်စာကို စပြီး လေ့လာသင်ယူတဲ့ အဆင့်ဆိုရင်တော့ အင်္ဂလိပ်-မြန်မာ အဘိဓာန် ကောင်းကောင်းတစ်ခုလည်း ဆောင်ထားသင့်ပါတယ်။

## အဘိဓာန်၏ နိဒါန်း

အဘိဓာန်တစ်ခုကို ထိရောက်စွာ အသုံးပြုနိုင်ဖို့ဆိုတဲ့နေရာမှာ အရေးပါတဲ့ အချက်က ရှေးဦးစွာ သူရဲ့နိဒါန်းကို သေသေချာချာ နားလည်အောင် ဖတ်ရှုလေ့လာဖို့လိုပါတယ်။ နိဒါန်းထဲမှာ ဘာတွေ ပါလဲဆိုရင် အဘိဓာန် တည်ဆောက်ထားပုံ၊ တစ်နည်းပြောရရင် စကားလုံးတွေ ဘယ်လိုစီထားတယ်၊ အသံထွက်ကို ဘယ်လိုဖော်ပြတယ် စသဖြင့်ပေါ့။ ဒါတွေ သိထားတော့မှ ကိုယ်သိချင်တဲ့စကားလုံးကို အလွယ်တကူ ရှာဖွေနိုင်မှာပါ။ အသံထွက်တွေ လည်း သိနိုင်မှာပါ။

## အတိုကောက်များ

အဘိဓာန်တွေဟာ စကားလုံးအဓိပ္ပာယ်ဖော်ပြတဲ့နေရာမှာ အတိုကောက်များ (abbreviations) တွေကို သုံးလေ့ရှိပါတယ်။ ဒီတော့ အတိုကောက်တွေကို သေချာလေ့လာပြီး နားလည်မထားရင် ရှုပ်ထွေးမှုတွေနဲ့ ရင်ဆိုင်ရပါလိမ့်မယ်။ နိဒါန်းမှာ ပါဝင်ဖော်ပြထားတဲ့ အတိုကောက်တွေကို သေချာ နားလည်အောင် လေ့လာထားရပါမယ်။ ဥပမာ- "adj" ဆိုတာ "adjective" နာမဝိသေသန၊ "n" ဆိုတာ "noun" နာမ်၊ "v" ဆိုရင် "verb" ကြိယာ စသဖြင့်ပေါ့။

## အသံထွက်

အသံထွက်နည်းလမ်းညွှန်မှုကို နားလည်သဘောမပေါက်ဘဲ အဘိဓာန်ကို တန်းပြီး အသုံးပြုမယ်ဆိုရင် ဘယ်လိုအသံထွက်ရမယ်ဆိုတာကို မသိနိုင်ဘဲ အခက်အခဲနဲ့ ရင်ဆိုင်ရပါမယ်။ ကိုယ်ထင်သလို မှန်းဆပြီး အသံထွက်ရင်လည်း အလွဲလွဲ အချော်ချော်တွေ ဖြစ်ဖို့များပါတယ်။ အဘိဓာန် တစ်ခုနဲ့တစ်ခု အသံထွက်ဖော်ပြပုံများ မတူကြပါဘူး။ တချို့အဘိဓာန်တွေက အသံထွက်ကို ဖိုနက်တစ် Phonetics (သဒ္ဒဗေဒ)နည်းစနစ်နဲ့ ဖော်ပြတာရှိသလို တချို့မှာတော့ စာလုံးသင်္ကေတတွေနဲ့ ဖော်ပြကြပါတယ်။ ဒီတော့ ကိုယ်သုံးမယ့် အဘိဓာန်က ဘာစနစ်ကိုသုံးပြီး အသံထွက်ကို ဖော်ပြသလဲဆိုတာ သေချာ နိဒါန်းထဲမှာ လေ့လာမှတ်သားဖို့လိုပါတယ်။

## အဓိပ္ပာယ်ဖွင့်ဟချက်

စကားလုံးတစ်လုံးကို အဘိဓာန်မှာ ဖွင့်ဟချက်တွေကို ဖတ်လိုက်လို့ အဓိပ္ပာယ်ဖွင့်တဲ့ အထဲမှာပဲ ကိုယ်မသိတဲ့ စကားလုံးတွေပါလာတဲ့အခါမျိုးမှာ စိတ်ဓာတ်ကျဖို့ မလိုပါဘူး။ နမူနာသုံးပြထားတဲ့ ဝါကျတွေထဲကနေပြီး စကားလုံးရဲ့ အဓိပ္ပာယ်ကို မှန်းဆလို့ရနိုင်ပါတယ်။ အဲလိုမှ မရရင်တော့လည်း ကိုယ် မသေချာတဲ့စကားလုံးကို အဘိဓာန်မှာ ရှာရမှာပေါ့။

တစ်ခါတစ်ရံမှာ စကားလုံးတစ်လုံးရဲ့အဓိပ္ပာယ်ဆင်တူ(synonyms) စကားလုံးများနဲ့ ဆန့်ကျင်ဘက်အဓိပ္ပာယ်စကားလုံး (antonyms) များကို ပေးထားတတ်ပါတယ်။ ဥပမာ- futile ကို ရှာတဲ့အခါ synonym အနေနဲ့ fruitless လို့ ပေးထားမယ်၊ antonym အနေနဲ့ effective/ helpful လို့ ပေးထားမယ်ဆိုရင် ကိုယ်သိချင်တဲ့စကားလုံးအဓိပ္ပာယ်ကို မှန်းဆလို့ ရနိုင်ပါတယ်။

အခုလောက် ရေးပြခြင်းအားဖြင့် စာဖတ်သူအနေနဲ့ အဘိဓာန်ရဲ့ အသုံးဝင်ပုံ၊ အရေးပါ၊ အသုံးချပုံတို့ကို အတော်အသင့် နားလည်သဘောပေါက်လိမ့်မယ်လို့ယူဆပါတယ်။ အင်္ဂလိပ်စာကို လေ့လာသင်ယူတဲ့နေရာမှာလည်း အထောက်အကူဖြစ်လိမ့်မယ်လို့ ယုံကြည်ပါတယ်။ အလျဉ်းသင့်တဲ့အခါမှာ အင်္ဂလိပ်စာနဲ့ပတ်သက်တဲ့ သိမှတ်ဖွယ်ရာလေးတွေကို ရေးသားဖော်ပြပေးပါဦးမယ်။

**မြန်မာနိုင်ငံမွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ်**
**၂၀၁၅-၂၀၁၇ ဆဋ္ဌမသက်တမ်းအတွက်**
**ဗဟိုအလုပ်အမှုဆောင်များအဖြစ် တာဝန်ထမ်းဆောင်ရန်**
**ဖိတ်ခေါ်ခြင်း**

မြန်မာနိုင်ငံမွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ်၏ ၂၀၁၅-၂၀၁၇ ဆဋ္ဌမ(၃) သက်တမ်းအတွက် ဗဟိုအလုပ်အမှုဆောင်များ ပြန်လည်ရွေးချယ်တင်မြှောက်ပွဲနှင့် (၁၅)ကြိမ်မြောက် နှစ်ပတ်လည်အစည်းအဝေးကို ၂၀၁၅ ခုနှစ် ဇန်နဝါရီလတွင် ကျင်းပပြုလုပ်မည်ဖြစ်ပါ၍ ဗဟိုအလုပ်အမှုဆောင်အဖြစ် တာဝန်ထမ်းဆောင်လိုသူ အသင်းသားများသည် ၂၀၁၅ ခုနှစ် ဇန်နဝါရီ ၇ ရက် ညနေ ၄ နာရီ နောက်ဆုံးထား၍ မြန်မာနိုင်ငံမွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ်ရုံး ဘုရင့်နောင်လမ်းနှင့် စက်မှုဆေးဝါးလမ်းထောင့်၊ အနောက်ကြို့ကုန်း၊ အင်းစိန်မြို့နယ်သို့ အဆိုပြုလွှာများ တင်သွင်းကြပါရန် ဖိတ်ခေါ်အပ်ပါသည်။

**ဖုန်း-၆၄၄၀၄၁၊ ၆၄၄၈၄၃**

**ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း**

ယာဉ်အမှတ် ၁ယ/၆၆၃၉၄ Honda 90 Custom CMV ,M/C ယာဉ်လက်ဝယ်ရှိသူ ဦးလျှံဖြိုးအောင် ၅/စကန(နိုင်)၁၄၇၆၇၆ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန်လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး၊မန္တလေးတောင်ပိုင်း (မန္တလေးမြို့)**

**ယာဉ်မှတ်ပုံတင်ခွင့် လျှောက်ထားခြင်း**

ယာဉ်အမှတ် ၇င/၉၂၉၃ Toyota Mark II JZ & 100,S/L (4× 2) ® ယာဉ်လက်ဝယ်ရှိသူ ဦးမြင့်ဝင်း ၉/မရတ(နိုင်)၀၃၁၆၆၆ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး၊ မန္တလေးမြောက်ပိုင်း(မန္တလေးမြို့)**

**ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း**

ယာဉ်အမှတ် ၈ည/၃၀၂၀၊ ယာဉ်လက်ဝယ်ရှိသူ ဦးမြင့်အောင် ၅/ပလဘ(နိုင်)၀၀၀၉၆၁က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး (မြင်းခြံမြို့)**

**ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း**

ယာဉ်အမှတ် ၂၉ယ/၂၈၅၆၄၊ Yin Xiang 125, M/C ယာဉ်လက်ဝယ်ရှိသူ ဦးဟန်ဇော်လင်း ၉/ညဥန(နိုင်)၁၃၉၈၈၇က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး (မန္တလေးတောင်ပိုင်း)၊ မန္တလေးမြို့**

**ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း**

ယာဉ်အမှတ်၂ယ/၇၈၄၃၁၊ Hensim Hs 125, M/C ယာဉ်လက်ဝယ်ရှိသူ ဦးအောင်စိုးဦး ၅/ရဘန(နိုင်)၀၀၇၇၁၉က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး (ရွှေဘို)၊ ရွှေဘိုမြို့**

**လက်ထပ်ပြီးစီးခြင်း**

မြင်းခြံမြို့နေ
(ဦးသောင်း-ဒေါ်ခင်တုတ်)တို့၏သား
**ဒေါက်တာစိန်မင်း Ph.D (Germany)**
နှင့်
ရန်ကုန်မြို့နေ
ဦးစောလွင်-ဒေါ်နုနုကြည်တို့၏သမီး
**ဒေါက်တာခင်ဌေးလွင် Ph.D(YU)**

တို့သည် ၂၅-၁၂-၂၀၁၄ ရက်တွင် ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ တရားလွှတ်တော်တရားသူကြီး ဒေါ်စိုးစိုးအောင် ရှေ့မှောက်တွင် လက်မှတ်ရေးထိုးပြီးစီးပါကြောင်း။

**ဒေါက်တာစိန်မင်း-ဒေါက်တာခင်ဌေးလွင်**

**ကန့်ကွက်နိုင်ပါကြောင်း**

နေပြည်တော်၊ တပ်ကုန်းမြို့နယ်၊ ဘုရင့်နောင်ရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၂၉/အဘိရာဇာ၊ ဦးပိုင်အမှတ် ၁၁၂^ခ၊ ဧရိယာ ၀ဒသမ၁၇၂ဧကရှိ ဦးခင်မောင်မြင့်အမည်ပေါက် အငှားဂရန်မြေကွက်အား ဦးခင်မောင်မြင့် ၉/တကန(နိုင်)၀၁၁၆၆၀ (ဘ) ဦးမောင်ဘိုမှ ပိုင်ဆိုင်ကြောင်း အထောက်အထားများတင်ပြပြီး ပေးကမ်းခြင်းစာချုပ်ရန် မြေပုံရာဇဝင်လျှောက်ထားလာရာ ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှု စာချုပ်စာတမ်းများ၊ တရားရုံးအမိန့် ဒီကရီများဖြင့် အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ၁၅ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

**သားအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း**

ရန်ကုန်တိုင်းဒေသကြီး၊ တိုက်ကြီးမြို့နယ်၊ ဘူတာရပ်ကွက်၊ စံပြ ၂ လမ်းနေ ကျွန်မဒေါ်စန်းလှိုင်(ခ)ဒေါ်ခင်စန်းလှိုင်၏သား ကိုအောင်နိုင်ဝင်း ၁၂/တကန(နိုင်)၁၂၀၄၃၁သည် မိဘဆိုဆုံးမမှုကို မနာခံဘဲ မိသားစုအပေါ် အကြိမ်ကြိမ်စိတ်ဆင်းရဲ၊ ကိုယ်ဆင်းရဲဖြစ်အောင် ပြုလုပ်နေပါသဖြင့် ယနေ့မှစ၍ သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။ နောက်နောင် ၎င်းနှင့်ပတ်သက် သက်ဆိုင်သော ကိစ္စအဝဝကို လုံးဝ(လုံးဝ)တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ပါကြောင်း ကြေညာအပ်ပါသည်။(စုံစမ်းမေးမြန်းခြင်းသည်းခံပါ။)

**(မိခင်)ဒေါ်စန်းလှိုင်(ခ)ဒေါ်ခင်စန်းလှိုင် ၁၂/တကန(နိုင်)၁၅၇၇၇၅**
**တိုက်ကြီးမြို့နယ်**

ပြည်တွင်းသတင်းနှင့် ဆောင်းပါး

# သတိပြုဖွယ် လျှပ်စစ်အန္တရာယ် (၈)

ဝေယံ

ဓာတ်အားလိုင်းကြိုးများ နိမ့်ကျခြင်း၊ ဓာတ်အားလိုင်းကြိုးများ ပြတ်ကျခြင်းများကြောင့် လျှပ်စစ်အန္တရာယ်ဖြင့် အသက်ဆုံးရှုံးမှု ဖြစ်စဉ်များသည် လူသိများသော ဖြစ်စဉ်များဖြစ်ပါသည်။လျှပ်စစ်အန္တရာယ် ဖြစ်ပွားမှုဖြစ်စဉ်များတွင် စတုတ္ထအများဆုံးဖြစ်ပါသည်။ လျှပ်စစ်ဓာတ်အားလိုင်းကြိုးပြတ်ကျမှုကြောင့်ဖြစ်ပေါ်ခဲ့သည့် ဓာတ်လိုက်မှုဖြစ်စဉ်များအနက်မှ အချို့ကို ဖော်ပြရပါက-

- ၂၀၁၂ ခုနှစ် ဇူလိုင်လ ၁၇ ရက်နေ့က မွန်ပြည်နယ် တောင်စွန်းမြို့၌ မိုးသည်းထန်စွာရွာသွန်းပြီး လေပြင်းများတိုက်ခတ်မှုကြောင့် ၄၀၀ ဗို့ ဓာတ်အားလိုင်းပေါ်သို့ ဗာဒံပင်ကျိုးကျ၍ ဓာတ်အားလိုင်းကြိုးပြတ်ကျခဲ့ပါသည်။ ၎င်းအချိန်တွင် မော်တော်ဆိုင်ကယ်စီးလာသော လူသုံးဦးနှင့် ပြတ်ကျသော ကြိုးတို့ထိမိပြီး တစ်ဦးသေဆုံး၍ နှစ်ဦးဒဏ်ရာရရှိခဲ့ပါသည်။
- ၂၀၁၃ ခုနှစ် ဩဂုတ်လ ၁၅ ရက်က မော်လမြိုင်မြို့ ပန်းဘဲတန်းရပ်ကွက်၌ မိုးသည်းထန်စွာရွာသွန်းပြီး လေပြင်းများတိုက်ခတ်မှုကြောင့် ၄၀၀ ဗို့ ဓာတ်အားလိုင်းပေါ်သို့ အုန်းလက်ခြောက် ပြုတ်ကျသဖြင့် ကြေး ကြိုးတစ်ချောင်းပြတ်ပြီး မြေကြီးနှင့်မထိဘဲ လေထဲတွင် တန်းလန်းဖြစ်နေပါသည်။ ၎င်းအချိန်တွင် ဈေးရောင်းရန်ထွက်လာသော အမျိုးသမီးတစ်ဦးက အဆိုပါကြေးကြိုးကို မမြင်ဘဲဝင်တိုက်မိရာမှ ဓာတ်လိုက်၍ သေဆုံးခဲ့ပါသည်။
- ၂၀၁၄ ခုနှစ် ဧပြီလ ၂၆ ရက်နေ့က ရှမ်းပြည်နယ် တောင်ပိုင်း မိုးဗြဲမြို့ ဈေးကုန်းရပ်ကွက်တွင် လေပြင်းများတိုက်ခတ်ပြီး မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ကြေးကြိုးတစ်ချောင်းမှာ ရေဗွက်အိုင်အတွင်းသို့ ပြတ်ကျနေပါသည်။ အသက် ၁၀ နှစ်အရွယ်ရှိ ကလေးငယ်တစ်ဦးက ယင်းရေဗွက်အိုင်အတွင်းသို့ ဆော့ကစားရာ ရေဗွက်အိုင်မှာ ဓာတ်ကြိုးပြတ်ကျမှုကြောင့် ဓာတ်အားစီးဝင်နေသဖြင့် ဓာတ်လိုက်မှုဖြစ်၍ သေဆုံးခဲ့ပါသည်။

လျှပ်စစ်စွမ်းအားဝန်ကြီးဌာနအနေဖြင့် ဓာတ်အားလိုင်းကြိုးများ နိမ့်ကျခြင်း၊ ပြတ်ကျခြင်းများ ဖြစ်ပွားမှုကြောင့် လျှပ်စစ်အန္တရာယ်ကင်းရှင်းရန်အတွက် အောက်ပါအခြေခံ အချက်များကို ပြုပြင်ဆောင်ရွက်လျက်ရှိပါသည်-

(က) ဓာတ်အားလိုင်း သစ်သားတိုင်၊ သံတိုင်များ နှစ်ကြာမြင့်မှုကြောင့် ကြံ့ခိုင်မှုအားနည်းပြီး မိုးလေတိုက်ခတ်သည့်အခါ တိုင်များယိုင်လဲခြင်း၊ တိုင်များကျိုးခြင်းများ ဖြစ်ပေါ်လျက်ရှိရာ နှစ်စဉ်ဘဏ္ဍာငွေရရှိမှုအရ အစားထိုးလဲလှယ်ခြင်း၊ ယာယီကြံ့ခိုင်မှုရှိအောင် ဆောင်ရွက်ခြင်းများ ပြုလုပ်ပေးလျက်ရှိပါသည်။

(ခ) မီးသုံးစွဲသူ တိုးတက်များပြားလာသည့်အတွက် ဓာတ်အားလိုင်းကြိုးများ ခံနိုင်ဝန်အားထက် ကျော်လွန်မှုများကြောင့် လိုင်းကြိုးများ အိကျခြင်း၊ လိုင်းကြိုးများ အချင်းချင်းရိုက်ခတ်ပြီး ကြိုးပြတ်ကျခြင်းများ ဖြစ်ပွားလျက်ရှိရာ နှစ်စဉ် အစားထိုးလဲလှယ်မှုများ ဆောင်ရွက်လျက်ရှိပါသည်။



(ဂ) ဆားဗစ်ကြိုးနှင့် ဓာတ်အားလိုင်းကြိုး ချိတ်ဆက်ထားသောနေရာတွင် ရာသီဥတုဒဏ်ကြောင့် ဖြေလျော့သွားခြင်းကြောင့် ၎င်းနေရာတွင် (Loose Connection) အပူဖြစ်ပေါ်ပြီး လိုင်းကြိုးပြတ်ကျခြင်းများ ဖြစ်ပွားလျက်ရှိရာ နှစ်စဉ် အစားထိုး လဲလှယ်မှုများ ဆောင်ရွက်လျက်ရှိပါသည်။

(ဃ) ဓာတ်အားသုံးစွဲသူများ၊ တရားမဝင် ဓာတ်အားသုံးစွဲသူများသည် ဆားဗစ်ကြိုးထိပ်တွင် ချိပ်ကောက် ပြုလုပ်ထားပြီး ဓာတ်အားလိုင်းကြိုး ပြောင်းလဲချိတ်ဆက်သုံးစွဲရာမှ ဆားဗစ်ကြိုးနှင့် လိုင်းကြိုးထိသော ယင်းနေရာများတွင် ခိုင်မြဲမှု မရှိခြင်းကြောင့် (Loose Connection) အပူဖြစ်ပေါ်ပြီး လိုင်းကြိုးပြတ်ကျခြင်းများ ဖြစ်ပွားလျက်ရှိရာ နှစ်စဉ် စစ်ဆေးဆောင်ရွက်မှုများ ပြုလုပ်လျက်ရှိပါသည်။



(င) အချို့မြို့၊ ကျေးရွာများတွင် ဓာတ်အားရရှိရေးကို အရေးပေါ်ဆောင်ရွက်ခဲ့ကြရာတွင် စံချိန်စံညွှန်း မကိုက်ညီသော လိုင်းကြိုးများ သုံးစွဲခဲ့ခြင်း၊ ကြေးကြိုးများအစား သတ္တုကြိုးများ၊ အလူမီနီယမ်ကြိုးများ သုံးစွဲတည်ဆောက်ထားခဲ့ပါသည်။ ယင်းတို့ကိုလည်း စံချိန်စံညွှန်းနှင့် ကိုက်ညီသောကြိုးများဖြင့် နှစ်စဉ် အစားထိုး လဲလှယ်လျက်ရှိပါသည်။

(စ) ဓာတ်အားခွဲရုံများရှိ နှစ်ကြာ စက်ပစ္စည်းများ (Protection Equ - ipment) ကိုလည်း စီမံချက်ဖြင့် လဲလှယ်လျက်ရှိပါသည်။

(ဆ) သစ်ပင်သစ်ကိုင်းများ ရိုက်ခတ်မှု၊ ကျိုးကျမှု၊ ပြိုလဲမှုများကြောင့် ဓာတ်အားလိုင်းကြိုးများ ပြတ်ကျခြင်းများ ဖြစ်ပွားလျက်ရှိရာ ဓာတ်အားလိုင်းကြိုးများနှင့်ထိနေသော သစ်ပင်သစ်ကိုင်းများကိုလည်း နှစ်စဉ် ရှင်းလင်း ဆောင်ရွက်နေပါသည်။



(ဇ) ဓာတ်အားလိုင်းများ တိုးတက် တည်ဆောက်လာခြင်း၊ မီးသုံးစွဲသူ တိုးတက်လာခြင်းကြောင့် လျှပ်စစ်ရုံးများသည် လက်ရှိဝန်ထမ်းဖွဲ့စည်းပုံနှင့် ဆောင်ရွက်ရသည့်လုပ်ငန်းများ များပြားနေပါသည်။ ဖွဲ့စည်းပုံပြုပြင်ပြီး ဝန်ထမ်းအင်အားတိုးချဲ့ ခန့်ထားရေးကိုလည်း ဆောင်ရွက်လျက်ရှိပါသည်။

(ဈ) ဓာတ်လိုက်မှု ဖြစ်စဉ်များကို စုံစမ်းစစ်ဆေး၍ ဝန်ထမ်းများ၏ ပေါ့လျော့မှုကြောင့် ဖြစ်ပွားမှုများ ရှိပါကလည်း အပြစ်ပေးအရေးယူမှုများ ဆောင်ရွက်လျက်ရှိပါသည်။

လူနေရပ်ကွက်၊ ကျေးရွာများအတွင်း ဓာတ်အားဖြန့်ဖြူးပေးရန်အတွက် တည်ဆောက်ထားသော ဓာတ်အားလိုင်း၊ ဓာတ်အားခွဲရုံများတွင် အစားထိုး လဲလှယ်ရန် လုပ်ငန်းများစွာရှိပါသည်။ ထို့အပြင် ဓာတ်အားမရရှိသေးသော ဒေသများ ဓာတ်အားရရှိရေးအတွက် ဓာတ်အား လိုင်းများ၊ ဓာတ်အားခွဲရုံများ အသစ်တည်ဆောက်လျက်ရှိရာ အသစ်တည်ဆောက်ခြင်းနှင့် လက်ရှိဓာတ်အားလိုင်း၊ ဓာတ်အားခွဲရုံများ ကြံ့ခိုင်ထိန်းသိမ်းမှုများကို နှစ်စဉ် စီမံချက်ချဆောင်ရွက်လျက်ရှိပါသည်။ ထို့အပြင် နိုင်ငံတော်ဘဏ္ဍာငွေဖြင့် ဆောင်ရွက်မှုများသာမက ပြင်ပနိုင်ငံခြားအကူအညီ ချေးငွေများရယူ၍လည်း ဆောင်ရွက်လျက်ရှိပါသည်။ လက်ရှိအသုံးပြုနေသော Bare Copper Wire (Open Wire) လိုင်းကြိုးများသည် လျှပ်စစ်အန္တရာယ်ရှိခြင်း၊ ဓာတ်အားပျောက်ဆုံးမှုများခြင်းတို့ကြောင့် ဖွံ့ဖြိုးပြီးနိုင်ငံများတွင် သုံးစွဲလျက်ရှိသော Insulated Wire များဖြင့် အစားထိုးလဲလှယ်မှုများကိုလည်း ဆောင်ရွက်လျက်ရှိပါသည်။

လျှပ်စစ်အန္တရာယ် ကင်းရှင်းရေး လုပ်ငန်းတစ်ခုဖြစ်သော ဓာတ်အားလိုင်းကြိုးများတွင် Earth Ring,Earth Bar,Earth Wire စနစ်များ တပ်ဆင်ခြင်း၊ လိုင်းကြိုးတစ်ချောင်းပြတ်ပါက လိုင်းကြိုးအချင်းချင်း ထိန်းထားနိုင်သော Link Connection (တွဲဆက် ကြိုး) တပ်ဆင်ခြင်း၊ ဓာတ်အားလိုင်းတစ်လျှောက် သစ်ပင်သစ်ကိုင်းများရှင်းလင်းခြင်းများကိုလည်း ဆောင်ရွက်လျက်ရှိပါသည်။

အများပြည်သူများအနေဖြင့်လည်း ဓာတ်အားလိုင်းကြိုးများ နိမ့်ကျခြင်း၊ ပြတ်ကျခြင်းများတွေ့ရှိပြီး ကိုင်တွယ်ဖယ်ရှားခဲ့ပါက လျှပ်စစ်အန္တရာယ်ရှိမည်ဖြစ်ပါသည်။ အန္တရာယ်သိ၍ ရှောင်လွှဲသွားပါကလည်း အခြားမသိနားမလည်သူများတွင် လျှပ်စစ်အန္တရာယ်ရှိနိုင်ပါသဖြင့် လျှပ်စစ်ကျွမ်းကျင်သူများ၊ နီးစပ်ရာ လျှပ်စစ်ရုံးများသို့ ဆက်သွယ်အကြောင်းကြားပေးခြင်းဖြင့် လျှပ်စစ်အန္တရာယ်ဖြစ်ပွားမှုမှ ကာကွယ်ပေးရာ ရောက်ပါကြောင်း ဖော်ပြအပ်ပါသည်။

ဓာတ်အားလိုင်းကြိုးများကြောင့် လျှပ်စစ်အန္တရာယ် မဖြစ်ပွားစေရန် သတိပြုရမည့် အချက်များအနေဖြင့်-

- **ဓာတ်အားလိုင်းကြိုးများ ပြတ်ကျခြင်း၊ လျော့ကျနေခြင်း၊ ဓာတ်အားလိုင်းကြိုးများပေါ်သို့ သစ်ပင်များ၊ သစ်ကိုင်းများ လဲကျ ကျိုးကျနေခြင်းများ တွေ့ရှိပါက ကိုင်တွယ်ခြင်းမပြုရ၊ နီးစပ်ရာ လျှပ်စစ်ရုံးသို့ အကြောင်းကြားပါ။**
- **မိုးလေကျရောက်ပြီးသည့်အခါတိုင်း ဓာတ်တိုင်များ ယိုင်လဲခြင်း၊ ဓာတ်ကြိုးများ ပြတ်ကျခြင်းများ ဖြစ်ပေါ်တတ်သည့်အတွက် တွေ့ရှိပါက ကိုင်တွယ်ခြင်းမပြုရ၊ နီးစပ်ရာ လျှပ်စစ်ရုံးသို့ အကြောင်းကြားပါ။**




## ညောင်ပင်သာ အထက ပဋ္ဌမအကြိမ်မြောက် အာစရိယပူဇော်ပွဲဖိတ်ကြားလွှာ

ပဲခူးတိုင်းဒေသကြီး၊ ဖြူးမြို့နယ်၊ ညောင်ပင်သာမြို့၊ အခြေခံပညာအထက်တန်းကျောင်းမှ ပဋ္ဌမအကြိမ်မြောက် အငြိမ်းစား ဆရာ၊ ဆရာမကြီးများအား မြတ်ဆရာပူဇော်ပွဲကို ၂၅-၁-၂၀၁၅ ရက်(တနင်္ဂနွေနေ့)တွင် အထက ညောင်ပင်သာ ပညာ့ဗိမာန်ခန်းမ၌ နံနက် ၉:၀၀ နာရီတွင် ကျင်းပပြုလုပ်မည်ဖြစ်ပါ၍ ကန်တော့ခံ ဆရာ ဆရာမကြီးများနှင့် ကျောင်းသား ကျောင်းသူဟောင်းများ တက်ရောက်ကြပါရန်နှင့် အလှူငွေများအား အောက်ပါပုဂ္ဂိုလ်များသို့ ဆက်သွယ်လှူဒါန်းနိုင်ပါသည်။

| | |
|---|---|
| **ကိုမြင့်နိုင်ထွန်း** | **ဖုန်း-၀၉-၅၃၉၀၁၆၈** |
| **ကိုကျော်နိုင်** | **ဖုန်း-၀၉-၄၂၈၁၁၆၅၈၃** |
| **ကိုဥက္ကာအောင်** | **ဖုန်း-၀၉-၂၅၀၄၀၃၆၇၆** |
| **ကိုဝင်းဇော်ဌေး** | **ဖုန်း-၀၉-၄၂၈၁၇၅၇၂၇** |
| **ကိုသန်းနိုင်** | **ဖုန်း-၀၉-၉၇၄၅၆၄၃၁၉** |
| **မသူဇာ(ရန်ကုန်)** | **ဖုန်း-၀၉-၇၃၃၃၉၁၁၁၊ ၀၉-၅၁၀၁၂၃၅** |
| **ကိုထွန်းထွန်း(ရန်ကုန်)** | **ဖုန်း-၀၉-၅၀၈၆၄၀၆** |

### ကန့်ကွက်နိုင်ပါကြောင်း

ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်(၁၆၈/၁)၊ မြေကွက် အမှတ် (၈၆/ခ)၊ မြေအမည်ပေါက် ဒေါ်လှရွှေ၁၄/ပသန(နိုင်)၀၀၉၉၅၁ထံမှ ဝယ်ယူထားသူ ဒေါ်ရီရီဝင်း ၁၂/သကတ (နိုင်)၀၈၆၂၁၉ က မြေချပါမစ်ထုတ်ပေးပါရန် လျှောက်ထားလာခြင်းနှင့်ပတ်သက်၍ ကန့်ကွက်ရန်ရှိပါက ဤကြော်ငြာပါသည့်ရက်မှ ၁၅ရက်အတွင်း သက်ဆိုင်ရာစာရွက်စာတမ်း အထောက်အထားများတင်ပြပြီး လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်သည်အထိ ကန့်ကွက်ခြင်းမရှိပါက မြေချပါမစ်ထုတ်ပေးခြင်းဆောင်ရွက်ပေးမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြေယာရုံးခွဲ(၇)**
**မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန**

### ကန့်ကွက်နိုင်ပါကြောင်း

လားရှိုးမြို့၊ အမှတ်(၁၂)ရပ်ကွက်၊ နယ်မြေ(၁၈)အတွင်းရှိ ဦးပိုင်အမှတ်(၈၀)၊ မြေချိန်ဧရိယာ ၀ဒသမ၃၃၉ဧကေ၊ ဂရန်အမှုတွဲအမှတ် ၅၈၃-၅/၉၈-၉၉(အေ)အား အမည်ပေါက်ပိုင်ဆိုင်သူ ကျွန်မ ဒေါ်ရောက်ကူညာ(ခ)ရောက်ကွန်ညာ(ခ)နိုင်နိုင် ၁၃/လရန(နိုင်)၀၆၉၈၁၉၏ မြေငှားဂရန်မှာ ပျောက်ဆုံးသွားပါသဖြင့် အသစ် မိတ္တူမှန်လျှောက်ထားမည်ဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက ၁၅ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်း။ **ဒေါ်ရောက်ကူညာ(ခ)နိုင်နိုင် ၁၃/လရန(နိုင်)၀၆၉၈၁၉**
**ရပ်ကွက်(၁၂)၊ နယ်မြေ(၁၈)၊ အိမ်အမှတ်(၁၈/၉၆)**

### ကန့်ကွက်နိုင်ပါကြောင်း

နေပြည်တော်၊ တပ်ကုန်းမြို့နယ်၊ ဗိုလ်မင်းရောင်ရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၃၂/ ရှင်ဘို့မယ်၊ ဦးပိုင်အမှတ် ၇၉ ဦးဇော်ထွန်း အမည်ပေါက် အစိုးရမြေမျိုး မြေကွက်အား ဦးဇော်ထွန်း ၉/တကန(နိုင်)၀၀၄၉၃၁ (ဘ)ဦးဖိုးစိန်မှပိုင်ဆိုင်ကြောင်း အထောက်အထားများ တင်ပြပြီး ပေးကမ်းခြင်းစာချုပ်ရန် မြေပုံရာဇဝင်လျှောက်ထားလာရာ ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများဖြင့် အထောက်အထား ခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ၁၅ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

### ကန့်ကွက်နိုင်ပါကြောင်း

နေပြည်တော်၊ ဥတ္တရသီရိမြို့နယ်၊ ဥတ္တရသီရိအဆင့်မြင့်ဈေး ဆိုင်ခန်းအမှတ် OS -၂၄ အား မိုင်းဆတ်မြို့၊ မယ်ဆွယ်မြောက်ရပ်ကွက်၊ ဗိုလ်ချုပ်လမ်း၊ အိမ်အမှတ်(မ-၃၂)နေ ဦးစိုင်းလုံ ၁၃/မဆန(နိုင်)၀၀၉၁၃၉အမည်ပေါက်ပိုင်ဆိုင်ပြီး တောင်ကြီးမြို့၊ ကန်ရှေ့ရပ်၊ရေထွက်ဦးလမ်း၊ အိမ်အမှတ် နမ(၁၂)နေ ဦးဆိုင်အောင် ၁၃/တကန(နိုင်)၂၂၂၃၆၆သို့ အခွန်ထမ်းအမည်ပြောင်းလဲပေးပါရန် လျှောက်ထားလာခြင်းအား ကန့်ကွက်လိုပါက ဤကြော်ငြာစာပါသည့်ရက်မှ ၁၄ရက်အတွင်း အထောက်အထားအပြည့်အစုံ ဖြင့် ဈေးများဌာန၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်မည့်သူမရှိပါက ရုံးလုပ်ငန်းကိစ္စရပ်များကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**ဈေးများဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

အမွေဆက်ခံရန်သက်သေခံလက်မှတ်ရစေခြင်းငှာ

### လျှောက်ထားကြောင်းအကြောင်းကြားစာ

(အမွေဆက်ခံရန်သက်သေခံလက်မှတ်အက်ဥပဒေပုဒ်မ-၁၇၃)
တောင်ကြီးခရိုင်တရားရုံးတော်၌
၂၀၁၄ခုနှစ် တရားမအထွေထွေမှုအမှတ်-၄၅

ကွယ်လွန်သူ ဦးချီဖျင့်၌ ကျန်ရှိရစ်သောပစ္စည်းအကြောင်း။
ဦးအောင်သန်း
**လျှောက်သူ**

တောင်ကြီးမြို့၊ ရတနာသီရိရပ်ကွက်၊ ပတ္တမြားလမ်း၊ အမှတ် ရ/၄၆နေ ဦးအောင်သန်းက ကွယ်လွန်သူ ဦးချီဖျင့်၏ သားအရင်းဖြစ်သည်ဟူ၍ တောင်ကြီးမြို့၊ ရတနာသီရိရပ်ကွက်၊ ပတ္တမြားလမ်း၊ အမှတ် ရ/၄၆နေ ၎င်းကွယ်လွန်သူ ဦးချီဖျင့်မှာ ကျန်ရှိရစ်သောပစ္စည်းပိုင်နက်ရရန်ရှိသော ကြွေးမြီများကို ကောက်ခံရန်၊ အမွေဆက်ခံရန် သက်သေခံလက်မှတ်စာ အက်ဥပဒေအရ လက်မှတ်စာရလိုကြောင်း ဤရုံး၌ လျှောက်ထားချက်ရှိသည်ဖြစ်၍ ထိုသို့သော လျှောက်ထားကြောင်းကို အများလူတို့သိကြားစေခြင်းငှာ ကြော်ငြာသည်မှာ ၎င်းကွယ်လွန်သူ ဦးချီဖျင့်မှာ ကျန်ရစ်သောပစ္စည်းများအပေါ်၌ ရရန်ရှိသူလူဟူသမျှတို့သည် ဤရုံးသို့ ၂၀၁၅ ခုနှစ် ဇန်နဝါရီ ၉ရက် (၁၃၇၆ခုနှစ် ပြာသိုလပြည့်ကျော် ၅ ရက်)တွင် လာရောက်ကြရမည်။ ၎င်းရက်တွင် လျှောက်သူ ဦးအောင်သန်း၏ လျှောက်ထားချက်ကိုနာကြား၍ လက်မှတ်ရသင့် မရသင့်သည် အကြောင်းကို စီရင်ဆုံးဖြတ်လိမ့်မည်။

၂၀၁၄ ခုနှစ် ဒီဇင်ဘာ ၂၂ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**ဝင်းကြွေ**
**ခရိုင်တရားသူကြီး**
**တောင်ကြီးခရိုင်တရားရုံး**

### ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် ၈စ/၄၀၂၅ YarZar Tun ယာဉ်လက်ဝယ်ရှိသူ ဦးဝင်းမြတ်စိုး ၉/ငဇန(နိုင်)၀၇၅၂၅၂၈ (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး (ကျောက်ဆည်)**

## ကြက်ငှက်တုပ်ကွေးရောဂါကြိုတင်ကာကွယ်ရေးနှိုးဆော်ချက်

ကြက်ငှက်တုပ်ကွေးရောဂါသည် ရောဂါဖြစ် ကြက် ငှက်နှင့် ကြက်ငှက်ထွက်ပစ္စည်းများမှတစ်ဆင့် လူသို့ ကူးစက်သေဆုံးနိုင်သော ရောဂါဖြစ်ပါသည်။ ယခုအခါ အမေရိကန်နိုင်ငံ၊ အီတလီနိုင်ငံ၊ ဩစတြေးလျနိုင်ငံ၊ ကမ္ဘောဒီးယားနိုင်ငံ၊ ကနေဒါနိုင်ငံ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ဂျာမနီနိုင်ငံ၊ အိန္ဒိယနိုင်ငံ၊ ဂျပန်နိုင်ငံ၊ ကိုရီးယားပြည်သူ့သမ္မတနိုင်ငံ၊ လာအိုနိုင်ငံ၊ လစ်ဗျားနိုင်ငံ၊ မက္ကဆီကိုနိုင်ငံ၊ နီပေါနိုင်ငံ၊ နယ်သာလန်နိုင်ငံ၊ ရုရှားနိုင်ငံ၊ ဗြိတိန်နိုင်ငံနှင့် ဗီယက်နမ်နိုင်ငံတို့တွင် ကြက်ငှက်တုပ်ကွေးရောဂါပိုး ကူးစက်ပျံ့နှံ့လျက်ရှိပါသည်။ မြန်မာနိုင်ငံသို့ ကြက်ငှက်တုပ်ကွေးရောဂါ ကူးစက်မလာစေရေးနှင့်ကြိုတင်ကာကွယ်နိုင်ရေးအတွက် အောက်ပါအချက်များကို လိုက်နာပူးပေါင်းဆောင်ရွက်ကြပါရန် အသိပေးနှိုးဆော်အပ်ပါသည်-

(က) ဆောင်းခိုငှက်များနှင့် အိမ်မွေး ကြက်၊ ငှက်၊ ဘဲ၊ ငုံးများ ဆက်စပ်ထိတွေ့မှုမရှိစေရေး ဂရုပြုဆောင်ရွက်ရန်။

(ခ) ကြက်၊ ဘဲ၊ ငုံး စသည့် ကြက်ငှက်မွေးမြူရေးခြံများ၏ ဇီဝလုံခြုံရေးကို အထူးဂရုပြုဆောင်ရွက်ရန်။

(ဂ) ကြက်ငှက်မွေးမြူရေးခြံများနှင့် ကြက် ဘဲအရှင်ဈေးများတွင် ပိုးသတ်သန့်စင်ခြင်းလုပ်ငန်းကို စနစ်တကျဆောင်ရွက်ရန်နှင့် ခြံပတ်ဝန်းကျင်သန့်ရှင်းရေးနှင့် မွေးမြူရေးခြံသုံးပိုးသတ်ဆေးဖျန်းခြင်း ပုံမှန်ပြုလုပ်ရန်။

(ဃ) ကြက်ခြံအတွင်းသို့ ဝင်ပါက နှာခေါင်းစည်း၊ လက်အိတ်စသည့် အကာအကွယ်ပစ္စည်းများစနစ်တကျဝတ်ဆင်ရန်၊ ကြက်ငှက်များကို ကိုင်တွယ်ပြီးတိုင်း၊ ကြက်ခြံမှထွက်သည့်အခါတိုင်း ဆပ်ပြာဖြင့်လက်ဆေးခြင်း၊ တစ်ကိုယ်ရေသန့်ရှင်းရေး ပြုလုပ်ခြင်းများ ဆောင်ရွက်ရန်။

(င) ကြက်ငှက်အသား၊ ဥ စသည်တို့ကို သေချာစွာချက်ပြုတ်ပြီးမှ စားသုံးရန်။

(စ) ကြက်ငှက်များ ရုတ်တရက်သေဆုံးကြောင်း သိရှိရပါက နီးစပ်ရာ အုပ်ချုပ်ရေးအဖွဲ့၊ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန၊ မြန်မာနိုင်ငံ မွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ်တို့သို့ ချက်ချင်းသတင်းပို့ရန်။

(ဆ) ရောဂါကြိုတင်ကာကွယ်ရေးနှင့် ရောဂါစူးစမ်းရှာဖွေခြင်း လုပ်ငန်းများတွင် သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ရန်။

**မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန**

**မွေးမြူရေး၊ ရေလုပ်ငန်းနှင့်ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန**



**ဒီဇင်ဘာ ၂၅ ရက်က စမ်းမြိုင်အေးလယ်ဘဲ့လမ်းပေါ်ရှိ ကွန်ကရစ်တံတားတည်ဆောက်နေခြင်းကို ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန (ရုံးချုပ်)မှ ညွှန်ကြားရေးမှူး ဒေါ်တင်မိုးမြင့်၊ ပြည်ခရိုင်ဦးစီးမှူး ဦးအောင်ကျော်လူနှင့် မြို့နယ်ဦးစီးမှူး ဦးစိုးပြည်မှူးတို့က ကြည့်ရှုစစ်ဆေးစဉ်။** (၁၇၈)

## ဆင်ခြေထောက်ရောဂါကာကွယ်ရေး ကွင်းဆင်းဆောင်ရွက်

**ညောင်လေးပင် ဒီဇင်ဘာ ၂၈**

ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်မြို့နယ်အတွင်း ကျေးရွာအုပ်စု ၆၀၊ မြို့ပေါ်ရပ်ကွက် ငါးရပ်ကွက်အတွင်း ပြည်သူများ ဆင်ခြေထောက်ရောဂါ ကာကွယ်ရေးအတွက် တိုက်ကျွေးနေခြင်းကို ဒီဇင်ဘာ ၂၅ ရက်က မြို့နယ်အဆင့် တာဝန်ရှိသူများက မြို့ပေါ်ရပ်ကွက်များနှင့် ကျေးလက်ဒေသများအထိ ရောက်အောင် ကွင်းဆင်းကြည့်ရှုပြီး လိုအပ်သည်များကို ကူညီပေးခဲ့ကြသည်။



ဆင်ခြေထောက်ရောဂါ ကာကွယ်ရေးအတွက် မြို့နယ်ကျန်းမာရေးဦးစီးဌာနမှ ကျန်းမာရေးမှူးများ၊ သူနာပြုဆရာမ၊ သားဖွားဆရာမများက ဦးဆောင်၍ သက်ဆိုင်ရာမြို့ပေါ်ရပ်ကွက် ငါးခုနှင့် ကျေးရွာအုပ်စုများမှ တာဝန်ရှိသူများ၊ (NGO) အဖွဲ့ဝင်များ ပူးပေါင်း၍ အသက်နှစ်နှစ်မှ ငါးနှစ်အထိ ကလေးငယ်များနှင့် အသက်ခြောက်နှစ်မှ ၁၄ နှစ်အထက်ရှိသူများအား ဆင်ခြေထောက်ရောဂါ ကာကွယ်ဆေးများ အိမ်တိုင်ရာရောက် လိုက်ကျွေးခြင်း၊ ဖြန့်ဝေပေးခြင်းများ ဆောင်ရွက်ခဲ့ကြသည်။

ဆင်ခြေထောက်ရောဂါ ကာကွယ်ရေး ကွင်းဆင်းတိုက်ကျွေးနေခြင်းကို အဆင်ပြေချောမွေ့စေရန်အတွက် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသိန်းဇော်ကံ၊ မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာခင်ဇော်၊ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးသန်းလွင်နှင့်တာဝန်ရှိသူများက ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များကို ကူညီအားပေးခဲ့ကြသည်။

**နေလင်း (ညောင်လေးပင်)**

## လူထုကျန်းမာရေးလုပ်သား မွမ်းမံသင်တန်းဆင်းပွဲကျင်းပ

**ပေါက် ဒီဇင်ဘာ ၂၈**

ကျေးလက်နေ ပြည်သူများ ပဏာမ ကျန်းမာရေးနှင့် ရောဂါကြိုတင်ကာကွယ်ရေး လုပ်ငန်းများ အလွယ်တကူ ရရှိခံစားစေရန် မကွေးတိုင်းဒေသကြီး ကျန်းမာရေးဦးစီးဌာန၏ ဦးဆောင်လမ်းညွှန်မှု MARIE STOPES INTERNATIONAL (မာရီစတုပ်)နှင့် 3 MDG တို့ ပူးပေါင်းကူညီမှုဖြင့် ပေါက်မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူးရုံး၌ လူထုကျန်းမာရေးလုပ်သား မွမ်းမံသင်တန်းဆင်းပွဲကို ဒီဇင်ဘာ ၂၆ ရက် မွန်းလွဲပိုင်းက ကျင်းပကြောင်း သိရသည်။ အဆိုပါ သင်တန်းဆင်းပွဲသို့ မကွေးမြို့ ခရိုင်ကျန်းမာရေးမှူး ဦးခိုင်ထွန်း၊ မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာအေးပပစိုးရီနှင့် ဝန်ထမ်းများ၊ သင်တန်းသားသင်တန်းသူများ တက်ရောက်ကြသည်။ အခမ်းအနားတွင် မြို့နယ်ကျန်းမာရေး ဦးစီးဌာနမှူးက သင်တန်းဆင်း အမှာစကားပြောကြားပြီး ဆုရရှိသူများကို ဆုချီးမြှင့်သည်။

အဆိုပါ သင်တန်းကိုဒီဇင်ဘာ ၂၂ ရက်မှ ၂၆ ရက်ထိ ငါးရက်ကြာ ပို့ချခဲ့ပြီး ပေါက်မြို့နယ်အတွင်းရှိ လူထုကျန်းမာရေးလုပ်သား ၅၄ ဦးအား ဉာဏ်ရည်သစ်မွမ်းမံသင်တန်း ပို့ချကြောင်း သိရသည်။

**ဖိုးသားလေး (ယောမြေ)**

## ကျေးရွာကိုယ့်အားကိုယ်ကိုး မီးလင်းရေးလုပ်ငန်းများ သမဝါယမချေးငွေရယူပြီးဆောင်ရွက်

**ရမည်းသင်း ဒီဇင်ဘာ ၂၈**

မန္တလေးတိုင်းဒေသကြီး ရမည်းသင်းခရိုင် ရမည်းသင်းမြို့နယ် ဇီးဖြူကုန်းကျေးရွာ၊ ထီးလှိုင်ကျေးရွာနှင့် ဥသျှစ်ကုန်းကျေးရွာ အုပ်စုတို့ရှိ ကျေးရွာပေါင်း ငါးရွာတို့တွင် မဟာဓာတ်အားလိုင်း စနစ်ဖြင့် လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးနိုင်ရေးအတွက် ကိုယ့်အားကိုယ်ကိုး ဆောင်ရွက်ကြရာ သမဝါယမချေးငွေရရှိခဲ့သဖြင့် လုပ်ငန်းများ အဆင်ပြေချောမွေ့ခဲ့ပြီး အောက်တိုဘာ ၃၀ ရက်မှစတင်၍ ကျေးရွာများအတွင်း လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးနေပြီဖြစ်ကြောင်းသိရသည်။

ဇီးဖြူကုန်း၊ ညောင်အိုင်၊ မကျည်းလေးပင်၊ ထီးလှိုင်နှင့် ကင်မွန်းချုံ ကျေးရွာများအတွင်း မဟာဓာတ်အားလိုင်း စနစ်ဖြင့် လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးနိုင်ရေးအတွက် ၂၀၁၃ ခုနှစ် မတ် ၁၅ ရက်မှစတင်၍ မီးလင်းရေးလုပ်ငန်းများကို စတင် အကောင်အထည်ဖော်ဆောင်ရွက်ခဲ့သည်။ ယင်းသို့ ကိုယ့်အားကိုယ်ကိုး မီးလင်းရေး လုပ်ငန်းများ ဆောင်ရွက်ရာတွင် ကျေးရွာ ငါးရွာအတွက် သမဝါယမချေးငွေ စုစုပေါင်းငွေကျပ် ၉၇၈ သိန်းကို ချေးယူရရှိခဲ့သဖြင့် လုပ်ငန်းများ အဆင်ပြေချောမွေ့ခဲ့သည်ဟု သိရသည်။

အဆိုပါကျေးရွာရှိ အိမ်ခြေထက်ဝက်ခန့်ကို ကနဦးအနေဖြင့် လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးနေပြီဖြစ်ပြီး ကျေးရွာအတွင်း လမ်းမီးများလည်း ထွန်းညှိပေးထားပြီးဖြစ်ကြောင်း ဇီးဖြူကုန်းကျေးရွာ မီးလင်းရေး ကော်မတီဥက္ကဋ္ဌ ဦးသိန်းငွေးက ပြောကြားသည်။

"ဒီလို မဟာဓာတ်အားလိုင်း စနစ်နဲ့ ကျေးရွာတွေ မီးလင်းဖို့ဆိုတာ မှန်တာ ပြောရရင် အိပ်မက်တောင် မမက်ဖူးပါဘူး။ သမဝါယမချေးငွေ ရရှိခဲ့တာကြောင့်လည်း မီးလင်းရေး လုပ်ငန်းတွေကို အလျင်အမြန် အဆင်ပြေချောမွေ့အောင် ဆောင်ရွက်နိုင်ခဲ့တာ ဖြစ်ပါတယ်" ဟု ၎င်းက ပြောကြားသည်။

ကိုယ့်အားကိုယ်ကိုး ကျေးရွာမီးလင်းရေးအတွက် ကျေးရွာအလိုက် သမဝါယမချေးငွေရရှိမှုမှာ ဇီးဖြူကုန်းကျေးရွာအတွက် ငွေကျပ်သိန်း ၂၅၀၊ ညောင်အိုင်ကျေးရွာအတွက် ငွေကျပ်သိန်း ၂၁၀၊ ကင်မွန်းချုံကျေးရွာအတွက် ငွေကျပ်သိန်း ၁၂၀၊ ထီးလှိုင်ကျေးရွာအတွက် ငွေကျပ် ၂၉၄ သိန်း၊ မကျည်းလေးပင်ကျေးရွာအတွက် ငွေကျပ် ၁၀၄ သိန်း စုစုပေါင်းငွေကျပ် ၉၇၈ သိန်းဖြစ်ပြီး အတိုးနှုန်း တစ်လလျှင် ၁ ဒသမ ၅ ကျပ်နှုန်းဖြင့် ချေးငွေသက်တမ်းကာလ ခြောက်လသတ်မှတ်ကာ ထုတ်ချေးခဲ့ခြင်းဖြစ်ကြောင်းသိရသည်။

**ကြီးမြင့်နိုင်(လှိုင်ကော်)**

**ကျန်းမာရေးဝန်ကြီးဌာန၊ ကျန်းမာရေးဦးစီးဌာန**
**ခုတင် ၃၀၀ ဆံ့ ကလေးဆေးရုံကြီး၊ မန္တလေးမြို့**

### အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ကျန်းမာရေးဦးစီးဌာန၊ ခုတင် ၃၀၀ဆံ့ ကလေးဆေးရုံကြီးတွင် တက်ရောက် ဆေးကုသမှုခံယူရသော လူနာများအတွက် အသုံးပြုရန် လိုအပ်သော ဆေးဝါးများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူမည်ဖြစ်ပါ၍ အိတ်ဖွင့်တင်ဒါပေးသွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ တင်ဒါစည်းမျဉ်းစည်းကမ်းချက်များနှင့်ဆေးပစ္စည်းများစာရင်း အသေးစိတ်ကိုသိရှိလိုပါက ဆေးရုံအုပ်ကြီးရုံးတွင် ရုံးချိန်အတွင်း လာရောက်စုံစမ်းနိုင်ပါသည်။

၃။ **တင်ဒါလျှောက်လွှာပုံစံများစတင်ရောင်းချမည့်ရက်** - ၂၉-၁၂-၂၀၁၄ ရက်
**တင်ဒါလျှောက်လွှာပိတ်မည့်ရက်နှင့်အချိန်** - ၈-၁-၂၀၁၅ ရက်၊ မွန်းလွဲ ၂း၀၀ နာရီ

**တင်ဒါစိစစ်ရွေးချယ်ရေးအဖွဲ့**
**ခုတင် ၃၀၀ ဆံ့ ကလေးဆေးရုံကြီး၊ မန္တလေးမြို့**
**ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့၊**
**ဖုန်း-၀၂-၃၂၂၂၅၊ ၀၂-၃၃၉၆၅**

**လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန**
**ရခိုင်ပြည်နယ်စိုက်ပျိုးရေးဦးစီးဌာန**

### အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ရခိုင်ပြည်နယ် စိုက်ပျိုးရေးဦးစီးဌာနလက်အောက်ရှိ စိုက်ပျိုးရေးသိပ္ပံကျောင်း (ကျောက်တော်)တွင် ဖွင့်လှစ်နိုင်ရန်အတွက် ၂၀၁၄-၂၀၁၅ ပြည်နယ်ဘဏ္ဍာရန်ပုံငွေခွင့်ပြုချက်ဖြင့် အောက်ဖော်ပြပါ ဆောက်လုပ်ရေးလုပ်ငန်းများကို အိတ်ဖွင့်တင်ဒါခေါ်ယူသွားမည်ဖြစ်ပါသဖြင့် စိတ်ပါဝင်စားသူမည်သူမဆို တင်ဒါတင်သွင်းနိုင်ပါသည်။

(က) အဆောက်အအုံအဟောင်း(၁၁)လုံးအား ပြုပြင်မွမ်းမံခြင်းလုပ်ငန်း
(ခ) အဆောက်အအုံအသစ်(၅)လုံးဆောက်လုပ်ခြင်း (၄)ခန်းတွဲအိမ်သာ၊ ရေစင်၊ ရေမြောင်း၊ ကွန်ကရစ်လမ်း၊ မြေသားလမ်းလုပ်ငန်း

**တင်ဒါပုံစံရောင်းချမည့်ရက်** - ၂၂-၁၂-၂၀၁၄ ရက်
**တင်ဒါပိတ်မည့်ရက်** - ၇-၁-၂၀၁၅ ရက်
**တင်ဒါပိတ်မည့်အချိန်** - ၁၄း၀၀ နာရီ

အသေးစိတ်အချက်အလက်များသိရှိလိုပါက အောက်ပါလိပ်စာနှင့် ဖုန်းနံပါတ်များသို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**တင်ဒါစိစစ်ရွေးချယ်ရေးအဖွဲ့**
**ရခိုင်ပြည်နယ်စိုက်ပျိုးရေးဦးစီးဌာန၊ ပြည်နယ်ဦးစီးမှူးရုံး၊ ဖုန်း-၀၄၃-၂၂၉၀၂၊ ၀၄၃-၂၂၁၉၈**

**ကျန်းမာရေးဝန်ကြီးဌာန**
**ကျန်းမာရေးဦးစီးဌာန**
**ပြည်သူ့ဆေးရုံကြီး-မော်လမြိုင်မြို့**

### အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ မွန်ပြည်နယ် မော်လမြိုင်ပြည်သူ့ဆေးရုံကြီးတွင် တက်ရောက်ကုသနေသော လူနာများ အတွက် FDA အသိအမှတ်ပြု ဆေးဝါးများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူရန် အိတ်ဖွင့်တင်ဒါ များ တင်သွင်းနိုင်ရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ **ဈေးနှုန်းတင်သွင်းလွှာပုံစံများ စတင်ရောင်းချမည့်ရက်**-၁၂-၁-၂၀၁၅ ရက်
**တင်ဒါပိတ်မည့်ရက်နှင့်အချိန်** -၃၁-၁-၂၀၁၅ ရက် မွန်းတည့် ၁၂း၀၀နာရီ

၃။ တင်ဒါစည်းမျဉ်းစည်းကမ်းချက်များ၊ ဆေးပစ္စည်းများစာရင်း အသေးစိတ်ကို သိလိုပါက နေ့စဉ် ရုံးချိန်အတွင်း အောက်ဖော်ပြပါလိပ်စာတွင် လာရောက်စုံစမ်းနိုင်ပါသည်။

**ဆေးရုံအုပ်ကြီးရုံး**
**မွန်ပြည်နယ်၊ မော်လမြိုင်ပြည်သူ့ဆေးရုံကြီး**
**ဖုန်း-၀၅၇-၂၄၈၃၉**

**သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန**
**စက်မှုနှင့်သက်မွေးပညာဦးစီးဌာန**
**အစိုးရစက်မှုလက်မှုသိပ္ပံ(လပွတ္တာ)**

### အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန၊ စက်မှုနှင့် သက်မွေးပညာဦးစီးဌာန၊ အစိုးရစက်မှုလက်မှုသိပ္ပံ(လပွတ္တာ)အတွက် အောက်ဖော်ပြပါပစ္စည်းများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါကြောင်း ကြေညာအပ်ပါသည်။

(၁) Bench With Table 4 Seat (၄၀)လုံး၊ (၂) ဗီရို (Leeco CB 03) (3' × 1' × 6') (၂)လုံး (၃) ဆက်တီ(ကျွန်း) (၁)စုံ၊ (၄) Drawing Table With Stand (၄၀)လုံး

၂။ အိတ်ဖွင့်တင်ဒါပုံစံများကို ၂၂-၁၂-၂၀၁၄ရက် (တနင်္လာနေ့)မှစ၍ ရုံးချိန်အတွင်း အစိုးရ စက်မှုလက်မှုသိပ္ပံ(လပွတ္တာ)တွင် လာရောက်ဝယ်ယူနိုင်ပြီး ၃၁-၁၂-၂၀၁၄ရက် ၁၆း၃၀ နာရီအတွင်း တင်ဒါများတင်သွင်းရမည်။

၃။ အိတ်ဖွင့်တင်ဒါပုံစံ၊ စည်းကမ်းချက်များနှင့် အသေးစိတ်အချက်အလက်များကို ရုံးချိန်အတွင်း ဖုန်း-၀၉-၂၅၀၄၄၆၀၀၁၊ ၀၉-၈၅၅၄၀၁၄တို့သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**အစိုးရစက်မှုလက်မှုသိပ္ပံ(လပွတ္တာ)**

### အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ အမှတ်(၃)အကြီးစားစက်မှုလုပ်ငန်း ကြီးကြပ်မှုအောက်ရှိ အမှတ်(၃၇) အကြီးစားစက်ရုံ (ဆင်တဲ)အတွက် Steel Scrap (150)Tons နှင့် အမှတ်(၃၈)အကြီးစားစက်ရုံ(မလွန်)အတွက် Steel Scrap (50)Tons တို့အား စက်ရုံ အရောက်ကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်။

၂။ တင်ဒါအား ၂၉-၁၂-၂၀၁၄ ရက်တွင် စတင်ခေါ်ယူပြီး တင်ဒါပိတ်ရက်မှာ ၇-၁-၂၀၁၅ ရက် ၁၅း၃၀ နာရီဖြစ်ပါသည်။ တင်ဒါပုံစံများအား အမှတ်(၃)အကြီးစားစက်မှုလုပ်ငန်း၊ ထုတ်လုပ်ရေးဌာန၊ ရုံးအမှတ် (၄၁) နေပြည်တော်တွင် ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းပြီး တင်ဒါများလာရောက်ဝယ်ယူနိုင်ပါသည်။ တင်ဒါပုံစံတရားဝင် ဝယ်ယူထားသူများထံမှ တင်ဒါကိုသာ လက်ခံပါမည်။

**(အသေးစိတ်သိလိုပါက စုံစမ်းရန် ဖုန်း-၀၆၇-၄၀၈၃၆၀)**
**အမှတ်(၃)အကြီးစားစက်မှုလုပ်ငန်း**

ပြည်တွင်းသတင်းနှင့်ဆောင်းပါး

# မြေသိမ်းဆည်းခံရမှုကြောင့် ပြည်သူများမနစ်နာစေရေးအတွက် မြေအသုံးချမှုစီမံခန့်ခွဲရေးကော်မတီအဆင့်ဆင့်က ဆောင်ရွက်ပေးလျက်ရှိ

**မကွေး ဒီဇင်ဘာ ၂၈**

လယ်ယာမြေနှင့် အခြားမြေများသိမ်းဆည်းခံရမှုများကြောင့် ပြည်သူများ နစ်နာမှုမရှိစေရေးအတွက် ပြည်ထောင်စုလွှတ်တော် စုံစမ်းရေးကော်မရှင်၏ အစီရင်ခံစာအပိုင်းအသီးသီးပါ မြေသိမ်းမှုပြဿနာများကို မကွေးတိုင်းဒေသကြီး မြေအသုံးချမှုစီမံခန့်ခွဲရေးကော်မတီ၏ ကြီးကြပ်မှုဖြင့် ခရိုင်၊ မြို့နယ်နှင့် ရပ်ကွက်၊ ကျေးရွာအုပ်စု မြေအသုံးချမှုစီမံခန့်ခွဲရေးကော်မတီအဆင့်ဆင့်က ညှိနှိုင်းဖြေရှင်းဆောင်ရွက်ပေးလျက်ရှိပြီး လွှတ်တော်ကိုယ်စားလှယ်များက လည်း ပူးပေါင်းပါဝင်ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

မကွေးတိုင်းဒေသကြီးတွင် စုံစမ်းရေးကော်မရှင်မှပေးပို့လာသောအစီရင်ခံစာမှ မြေကိစ္စများကို ဖြေရှင်းဆောင်ရွက်ပေးလျက်ရှိရာ အစီရင်ခံစာအပိုင်း(၁)တွင် ၃၂ မှု၊ အပိုင်း(၃)တွင် ၂၀ မှု၊ အပိုင်း(၅)တွင် ၂၆၃ မှု၊ အပိုင်း(၆)တွင် ၄၅ မှု၊ အပိုင်း(၇)တွင် တစ်မှု၊ စုစုပေါင်း ၃၆၁ မှုကို ဖြေရှင်းဆောင်ရွက်နိုင်ခဲ့ပြီးဖြစ်ကြောင်းနှင့် ကျန်ရှိနေသည့် အမှု ၈၈ ခုကိုလည်း စိစစ်ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

စိစစ်ဖြေရှင်းပြီးသည့် အမှု ၃၆၁ မှုအခြေအနေမှာ အသုံးပြုရန်လိုအပ်ချက်အရ မစွန့်လွှတ်သည့်မြေကိစ္စ ၁၃၉ မှု၊ အသုံးပြုရန်ထက်ပိုမိုမှုကြောင့် စွန့်လွှတ်သည့် မြေကိစ္စ ၂၁ မှု၊ အားလုံးစွန့်လွှတ်သည့်မြေကိစ္စ ကိုးမှု၊ အကြောင်းအရာတူစာတိုင်များ ၁၀၅ မှုနှင့် ပုဂ္ဂလိကအချင်းချင်း တရားစီရင်ရေးလုပ်ငန်းအရဖြေရှင်းရန်မြေကိစ္စများ ၈၇ မှုဖြစ်ကြောင်း သိရသည်။

အစီရင်ခံစာအပိုင်းများပါ မြေကိစ္စရပ်များတွင် ပါဝင်ခြင်းမရှိသော်လည်း မြေရယူထားသော ဝန်ကြီးဌာနများနှင့် ပုဂ္ဂလိကကုမ္ပဏီ အဖွဲ့အစည်းများမှ အသုံးမပြုသောမြေများကို ပြန်လည်စွန့်လွှတ်ပေးခဲ့၍ သက်ဆိုင်သူများသို့ ပြန်လည်လွှဲပြောင်းပေးအပ်ရန် စိစစ်ဆောင်ရွက်ခဲ့ခြင်းများလည်း ရှိကြောင်း သိရသည်။ ကာကွယ်ရေးဝန်ကြီးဌာနမှ မြေဧရိယာ ၄,၂၀၉ ဒသမ ၁၆ ဧက ဖြစ်ပြီး ယင်းဧရိယာအနက် စိုက်ပျိုးမြေများတွင် တောင်သူ ၄၁၂ ဦး သို့ ယာယီပုံစံ(၃)ဖြင့် လုပ်ကိုင်ခွင့်ပေးခဲ့ပြီးဖြစ်၍ တောင်သူ ၁၁၀သို့ ပုံစံ(၇)များ ထုတ်ပေးနိုင်ခဲ့ပြီးဖြစ်ကြောင်း သိရသည်။

အစီရင်ခံစာအပိုင်းများနှင့် ကာကွယ်ရေးဝန်ကြီးဌာနက သီးခြားပြန်လည်စွန့်လွှတ်ပေးသည့် မြေကိစ္စများအနက် သက်ဆိုင်သူသို့ ပြန်လည်လွှဲပြောင်းပြီးစီးမှု စုစုပေါင်းအခြေအနေမှာ တောင်သူ ၂၄၅ ဦးသို့ လယ်ယာမြေလုပ်ပိုင်ခွင့်ပြု လက်မှတ်ပုံစံ(၇)ဖြင့် ၉၇၇ ဒသမ ၀၀ဧကနှင့် တောင်သူ ၇၉၂ ဦးသို့ ယာယီပုံစံဖြင့် လွှဲအပ်ပေးပြီး ၃၃၉၁ ဒသမ ၇၄ ဧကဖြစ်ကြောင်း သိရသည်။

မြေသိမ်းဆည်းခံရ၍ အမှန်တကယ်နစ်နာသူပြည်သူများအနေဖြင့် မိမိတို့ သိမ်းဆည်းခံရသည့်မြေများသည် ပြန်လည်စွန့်လွှတ်သောမြေများတွင် ပါဝင်ခြင်းရှိ မရှိ သက်ဆိုင်ရာမြို့နယ်နှင့် ရပ်ကွက်၊ ကျေးရွာအုပ်စု မြေအသုံးချမှုစီမံခန့်ခွဲရေးကော်မတီရုံးများတွင် စုံစမ်းပြီး ပါဝင်မှုမရှိပါက မြေပိုင်ဆိုင်ခွင့် အထောက်အထားများနှင့်တကွ လွှဲပြောင်းရယူဆောင်ရွက်နိုင်ရေးကို မြေအသုံးချမှုစီမံခန့်ခွဲရေးကော်မတီရုံးအဆင့်ဆင့်ဖြင့် စီစဉ်ဆောင်ရွက်ပေးလျက်ရှိကြောင်း မကွေးတိုင်းဒေသကြီး မြေအသုံးချမှုစီမံခန့်ခွဲရေးကော်မတီမှ သိရသည်။

**သန်းနိုင်ဦး(ငဖဲ)**

## သတင်းတိုများ

### သောက်သုံးရေရရှိရေး စက်ရေတွင်းတူးဖော်

စဉ့်ကိုင်မြို့နယ် အရှေ့ဘက်ခြမ်း အုတ်ဖိုပြင်ကျေးရွာတွင် သန့်ရှင်းသော သောက်သုံးရေရရှိရေးအတွက် အနက်ပေ ၅၀၀၊ လေးလက်မ စက်ရေတွင်းကို ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ရန်ပုံငွေဖြင့် လက်ာဒီပကုမ္ပဏီက ဒီဇင်ဘာ ၂၅ ရက်တွင်စတင်တူးဖော်နေပြီး မကြာမီပြီးစီးမည်ဖြစ်ကြောင်းနှင့် စဉ့်ကိုင်မြို့နယ်အတွင်းရှိ အခြားကျေးရွာ ခုနစ်ရွာတွင်လည်း ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ရန်ပုံငွေကျပ် ၁၄၀ ဒသမ ၂၄၈ သန်းဖြင့် စက်ရေတွင်းများ တူးဖော်လျက်ရှိကြောင်း သိရသည်။

**ထွန်းထွန်းနိုင်(ကျောက်ဆည်)**

### မန္တလေးမြို့တော်ဝန်ဖလား ဂေါက်သီးရိုက်ပြိုင်ပွဲကျင်းပ

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ (၁၅)ကြိမ်မြောက် မန္တလေးမြို့တော်ဝန်ဖလား ဖိတ်ခေါ်ဂေါက်သီးရိုက်ပြိုင်ပွဲဖွင့်ပွဲကို ဒီဇင်ဘာ ၂၅ ရက်က ရေတံခွန်တောင်ဂေါက်ကွင်း၌ ကျင်းပရာ မန္တလေးမြို့တော်ဝန် ဦးအောင်မောင်း၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးအောင်ကျော်မိုးနှင့် တာဝန်ရှိသူများက ဖွင့်လှစ်ပေးပြီး ပြိုင်ပွဲသို့ ပညာရှင်အဆင့်(အမျိုးသား) ၂၆ ဦး၊ အကြီးတန်းပညာရှင်အဆင့်(အမျိုးသား) ၂၃ ဦး၊ ဝါသနာရှင်အဆင့် အမျိုးသား ၁၇၇ ဦးနှင့် ဝါသနာရှင်အဆင့်(အမျိုးသမီး)၃၆ ဦး ပါဝင်ယှဉ်ပြိုင်လျက်ရှိကြောင်း သိရသည်။

**တင်မောင်(မန္တလေး)**

# ကဏန်းအကောင်သေးများ မဖမ်းဆီးရန် လပွတ္တာ၌စစ်ဆေး

**လပွတ္တာ ဒီဇင်ဘာ ၂၈**

လပွတ္တာခရိုင် လပွတ္တာမြို့နယ်အတွင်း ကဏန်းများစဉ်ဆက်မပြတ် ထုတ်လုပ်နိုင်ရေးနှင့် မျိုးပြန့်ပွားစေရေးအတွက် ကဏန်းအကောင်သေးများ ဖမ်းဆီးခြင်းမပြုရန် ပညာပေးခြင်းနှင့် စစ်ဆေးခြင်းများကို မြို့နယ်ငါးလုပ်ငန်းဦးစီးဌာနက ဒီဇင်ဘာ ၂၅ ရက်က စတင်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ကန့်လန့်အလျား ၈ ဒသမ ၁၅ စင်တီမီတာ၊ ဒေါင်လိုက်အလျား ၆ ဒသမ ၁၅ စင်တီမီတာ၊ အလေးချိန် ၁၀၀ ဂရမ်အောက် သေးငယ်သည့်ကဏန်းများ မဖမ်းဆီးရေးအတွက် လပွတ္တာမြို့နယ်အတွင်းရှိ ကျေးရွာများအရောက် အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ခြင်းဖြစ်ပြီး မြို့ပေါ်ရှိကဏန်းအဝယ်ဒိုင်များကိုလည်း ၁၀၀ ဂရမ်အောက် ကဏန်းများ ရောင်းဝယ်တင်ပို့ခြင်းမပြုရန် အသိပေးအကြောင်းကြားစာများပေးပို့ခြင်းတို့ကို မြို့နယ်ငါးလုပ်ငန်းဦးစီးဌာနက ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ ထို့အပြင် ၁၀၀ ဂရမ်အောက် သေးငယ်သည့်ကဏန်းများအား ဖမ်းဆီးခြင်း၊ ဝယ်ယူစုဆောင်းခြင်း၊ သယ်ယူပို့ဆောင်ခြင်းများ မပြုလုပ်ရန်အတွက် သင်္ဘောများဆိုက်ကပ်သည့် ရေယာဉ်ဆိပ်များ၊ ကဏန်းအဝယ်ဒိုင်များ၊ ကုန်ကားဂိတ်များကိုလည်း မြို့နယ်ငါးလုပ်ငန်းဦးစီးဌာနက နေ့စဉ် စစ်ဆေးလျက်ရှိသည်။ ကဏန်းများ စဉ်ဆက်မပြတ် ထုတ်လုပ်နိုင်ရေးနှင့် မျိုးပြန့်ပွားစေရေးအတွက် ကဏန်းမျိုးစိတ်ထည့်ခြင်း များကိုလည်း မြို့နယ်ငါးလုပ်ငန်းဦးစီးဌာနက ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**(ခရိုင် ပြန်/ဆက်)**

# လွှတ်လပ်ရေးနေ့အကြို ကလေးပြိုင်ပွဲကျင်းပ

**ရန်ကုန် ဒီဇင်ဘာ ၂၈**

လွှတ်လပ်ရေးနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ရန်ကုန်တိုင်းဒေသကြီး အရှေ့ပိုင်းခရိုင် မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ကကြီးမှူး၍ သားကောင်းမိခင်နှင့် ကလေးပြိုင်ပွဲကို ဒီဇင်ဘာ ၂၄ ရက်က သယ်န်းကျွန်းမြို့နယ်ခန်းမ၌ ကျင်းပခဲ့ရာ မွေးစမှ ခြောက်လ၊ ခြောက်လမှ တစ်နှစ်၊ တစ်နှစ်မှ နှစ်နှစ် ကလေးပြိုင်ပွဲများမှ ဆုရကလေးများ၊ အမွှာပူးကလေးများနှင့် သားကောင်းမိခင်ဆုရသူများကို ခရိုင်မိခင်နှင့်ကလေး စောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်နွေးနွေးလင်းက ဆုများချီးမြှင့်ခဲ့ကြောင်း သိရသည်။ **တင်ဝင်းလေး(ကြည့်မြင်တိုင်)**

# ကလေးဝမြို့တွင်းလမ်းမကြီး အကျယ်ရှစ်ပေ တိုးချဲ့မည်

**ကလေးဝ ဒီဇင်ဘာ ၂၈**

စစ်ကိုင်းတိုင်းဒေသကြီး ကလေးဝမြို့တွင်းရှိ ကလေးဝ-ကျီကုန်း-တမူး လမ်းမကြီးကို ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် ပြည်ထောင်စုရန်ပုံငွေကျပ် ၆၅ သန်းဖြင့် တစ်ဖက်လျှင် အကျယ်လေးပေစီ တိုးချဲ့မည်ဖြစ်ကြောင်း သိရသည်။



"လမ်းချဲ့တဲ့လုပ်ငန်းကတော့ စနေပါပြီ။ အားလုံးတော့မပြီးသေးပါဘူး။ ကလေးဝ - ကျီကုန်း - တမူးလမ်းရဲ့ မိုင်တိုင်အမှတ် (၀/၀) မှ (၁/၀) အထိ မြို့တွင်းတစ်မိုင်မှာ လမ်းချဲ့ပေးသွားမှာပါ"ဟု မြို့နယ်ဆောက်လုပ်ရေးလုပ်ငန်းမှ မြို့နယ်အင်ဂျင်နီယာမှူး ဦးအောင်သူရက ပြောသည်။

ကလေးဝမြို့သည် လူနေမှုသိပ်သည်းပြီး ဆိပ်ကမ်းမြို့လည်းဖြစ်သည့်အတွက် ချင်းတွင်းမြစ်ကြောင်းမှလာသော ကုန်ပစ္စည်းများကို ကလေး၊ တမူးနှင့် ချင်းတောင်ဒေသများသို့ ကုန်ကားကြီးများဖြင့် အဓိက တင်ပို့ပေးနေသည့်မြို့ဖြစ်ရာ ယာဉ်သွားလာမှုများပြားသဖြင့် ယာဉ်အန္တရာယ်ကင်းရှင်းရေးအတွက် လမ်းများကို တိုးချဲ့ပေးခြင်းဖြစ်ကြောင်း သိရသည်။

**သျှင်နေမင်း**


**ကျန်းမာရေးဝန်ကြီးဌာန၊ ကျန်းမာရေးဦးစီးဌာန**
**ဧရာဝတီတိုင်းဒေသကြီး**
**ပြည်သူ့ဆေးရုံကြီး၊ မြောင်းမြမြို့**
**အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း**

၁။ ကျန်းမာရေးဦးစီးဌာန၊ ဧရာဝတီတိုင်းဒေသကြီး၊ ကျန်းမာရေးဦးစီးဌာန၊ မြောင်းမြခရိုင် ခုတင် ၂၀၀ပြည်သူ့ဆေးရုံကြီးတွင် သုံးစွဲရန်အတွက် လိုအပ်သော FDA အသိအမှတ်ပြု ဆေးဝါးများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူမည်ဖြစ်ပါ၍ အိတ်ဖွင့်တင်ဒါဖြင့်ပေးသွင်းရန် ခေါ်ယူအပ်ပါသည်။

၂။ **ဈေးနှုန်းတင်သွင်းလွှာပုံစံများ စတင်ရောင်းချမည့်ရက်** - ၁-၁-၂၀၁၅ ရက်
**တင်ဒါပိတ်မည့်ရက်နှင့်အချိန်** - ၁၅-၁-၂၀၁၅ ရက် ညနေ ၄း၀၀နာရီ

၃။ တင်ဒါစည်းမျဉ်းစည်းကမ်းချက်များနှင့် ပစ္စည်းများစာရင်းအသေးစိတ်ကို သိရှိလိုပါက နေ့စဉ် ရုံးချိန်အတွင်း အောက်ပါလိပ်စာတွင် လာရောက်စုံစမ်းနိုင်ပါသည်။

**ဆေးရုံအုပ်ကြီး**
**ခုတင်(၂၀၀) ဆေးရုံအုပ်ကြီးရုံး၊ မြောင်းမြမြို့၊ ဖုန်း-၀၄၂-၇၀၄၉၂**

**ကျန်းမာရေးဝန်ကြီးဌာန**
**ဆေးသိပ္ပံပညာဦးစီးဌာန**
**ဆေးဘက်ဆိုင်ရာနည်းပညာတက္ကသိုလ်-မန္တလေး**
**(အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)**

၁။ ဆေးဘက်ဆိုင်ရာနည်းပညာတက္ကသိုလ်-မန္တလေးတွင် အကောင်အထည်ဖော်ဆောင်ရွက်မည့် e-Geovernment System အတွက် အသုံးပြုရန်လိုအပ်သော ပစ္စည်းများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါ၍ အိတ်ဖွင့်တင်ဒါများ ခေါ်ယူအပ်ပါသည်။

၂။ **အိတ်ဖွင့်တင်ဒါပုံစံများ စတင်ရောင်းချမည့်ရက်** - ၂၂-၁၂-၂၀၁၄ ရက် (တနင်္လာနေ့)
**တင်ဒါပိတ်မည့်ရက်နှင့်အချိန်** - ၂-၁-၂၀၁၅ ရက် (သောကြာနေ့) မွန်းလွဲ ၂း၀၀ နာရီ

၃။ တင်ဒါစည်းမျဉ်းစည်းကမ်းများနှင့်ပတ်သက်၍ အသေးစိတ်သိလိုပါက နေ့စဉ်ရုံးချိန်အတွင်း ဆေးဘက်ဆိုင်ရာနည်းပညာတက္ကသိုလ်-မန္တလေး ဖုန်း-၀၂- ၅၈၀၃၇၊ ၀၂-၅၇၀၁၂ (လိုင်းခွဲ-၂၀၂) တို့သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ**
**ဆေးဘက်ဆိုင်ရာနည်းပညာတက္ကသိုလ်-မန္တလေး**

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ**
**ကျန်းမာရေးဝန်ကြီးဌာန**
**ကျန်းမာရေးဦးစီးဌာန**
**ဗဟိုအမျိုးသမီးဆေးရုံကြီး၊ မန္တလေးမြို့**
**အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း**

၁။ ဗဟိုအမျိုးသမီးဆေးရုံကြီး၊ မန္တလေးတွင် တက်ရောက်ကုသလျက်ရှိသော လူနာများအား ဆေးကုသပေးရန်လိုအပ်သော FDA အသိအမှတ်ပြု ဆေးနှင့်ဆေးပစ္စည်း၊ ဓာတ်ခွဲခန်းသုံးပစ္စည်းများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသဖြင့် လိုင်စင်ရဆေးကုမ္ပဏီများမှ အိတ်ဖွင့်တင်ဒါများတင်သွင်းရန် ခေါ်ယူအပ်ပါသည်။

၂။ **တင်ဒါပုံစံရောင်းချမည့်နေ့ရက်** - ၂၉-၁၂-၂၀၁၄ ရက် (တနင်္လာနေ့)
**တင်ဒါပိတ်မည့်ရက်နှင့်အချိန်** - ၂၈-၁-၂၀၁၅ ရက် (ဗုဒ္ဓဟူးနေ့)၊ ညနေ ၄း၀၀ နာရီ

၃။ တင်ဒါစည်းမျဉ်းစည်းကမ်းများနှင့် ဝယ်ယူမည့်ဆေးဝါး/ပစ္စည်းစာရင်းအသေးစိတ်ကို သိရှိလိုပါက အောက်ပါလိပ်စာအတိုင်း ရုံးချိန်အတွင်း လာရောက်စုံစမ်းနိုင်ပါသည်။

**ဆေးရုံအုပ်ကြီးရုံး**
**ဗဟိုအမျိုးသမီးဆေးရုံကြီး**
**၆၈×၇၀ ကြား၊ ၃၀×၃၂ကြား၊**
**ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့**
**ဖုန်း-၀၂-၆၅၆၃၃၊ ၀၂-၆၅၆၃၄**

**တစ်ဦးတည်းဖြစ်ကြောင်း**

ကျိုက်မရောမြို့နယ်၊ ကော့ပလိုင်ကျေးရွာနေ ကျွန်မ ဒေါ်မိကေသီမိုး ၁၀/ကမရ(နိုင်)၁၁၇၇၅၈၏ ဖခင် ဦးပရို့(ခ)ဦးနိုင်ပရို့သည် တစ်ဦးတည်းဖြစ်ပါကြောင်းနှင့် မိခင်ဒေါ်မိမြစ်(ခ) ဒေါ်မြင့်သည် တစ်ဦးတည်း ဖြစ်ပါသည်။

**ဖခင်အမည်မှန်**

ရန်ကုန်မြို့၊ အထက(၂) ဗဟန်း၊ နဝမတန်းမှ မနန်းခွန်းမိုးနီနီ ၁၂/သကတ(နိုင်)၂၀၂၁၇၂ နှင့် ရန်ကင်းပညာရေးကောလိပ်၊ အလယ်တန်းကျောင်း၊ သတ္တမတန်းမှ မနန်းအိမ့်မှူးနီနီ ၁၂/သကတ(နိုင်)၂၀၂၁၇၁တို့၏ ဖခင်အမည်မှန်မှာ ဦးလှကျော် (ခ) ဦးစိုင်းလှကျော် ၉/မနမ(နိုင်)၀၄၉၉၀၁ ဖြစ်ကြောင်း။

**ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားခြင်း**

ယာဉ်အမှတ် ၅ဂ/၄၂၉၂၊ ၅ဂ/၄၂၉၄၊ ၅ဂ/၄၂၉၅၊ ၅ဂ/၄၃၅၀ ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြားပျက်ပြယ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန(ရွာသာကြီး)**

**ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားခြင်း**

ယာဉ်အမှတ် 6D-7254 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိရှိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရန်ကုန်တောင်ပိုင်း)၊ သန်လျင်မြို့**


**ပြင်ဆင်ဖတ်ရှုပါရန်**

၃၀-၁၁-၂၀၁၄ ရက်နေ့ မြန်မာ့အလင်းသတင်းစာ၏ စာမျက်နှာကြော်ငြာ(၄) ကန့်ကွက်ကြော်ငြာအမှတ်စဉ်(၉) ဒေါ်အေးနီလာကို၏ အမည်ပြောင်းတွင် မြေကွက်အမှတ် ၆၀ အစား မြေကွက်အမှတ် ၁၈၃ ဟု ဖတ်ရှုပါရန်။

ပြည်တွင်းသတင်းနှင့်ဆောင်းပါး

# ကချင်ပြည်နယ်နေ့အထိမ်းအမှတ် မနောပွဲတော်စည်ကားစွာကျင်းပမည်

**မိုးညှင်း ဒီဇင်ဘာ ၂၈**

ကချင်ပြည်နယ် မိုးညှင်းမြို့တွင် (၆၇)နှစ်မြောက် ကချင်ပြည်နယ်နေ့ အထိမ်းအမှတ် မနောပွဲတော်ကို စည်ကားစွာ ကျင်းပနိုင်ရန်အတွက် မနောပွဲတော်ဖြစ်မြောက်ရေးကော်မတီက ဦးဆောင်၍ လုပ်ငန်းဆပ်ကော်မတီများဖြင့် ပြင်ဆင်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

"ယခင်နှစ်တွေက ဇန်နဝါရီ ၇ ရက် မှ ၁၁ ရက်အထိ ကျင်းပခဲ့ပါတယ်။ ဒီနှစ် (၆၇)နှစ်မြောက် ကချင်ပြည်နယ်နေ့ မနောပွဲတော်ကိုတော့ နှစ်ရက်တိုးပြီး ဇန်နဝါရီ ၅ ရက်မှ ၁၁ ရက်အထိ ကျင်းပမှာဖြစ်ပါတယ်" ဟု မနောပွဲတော်ဖြစ်မြောက်ရေးကော်မတီဥက္ကဋ္ဌ ဦးလခရိလအောင်က ပြောသည်။

မနော်ပွဲတော်ကွင်းတွင် ဇန်နဝါရီ ၅ ရက်မှ ၁၁ ရက်အထိ ရိုးရာယဉ်ကျေးမှု မနောကခြင်းကို ကချင်ယဉ်ကျေးမှု ဗဟိုကော်မတီက ဦးဆောင်၍ ကချင်ပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ငြိမ်းချမ်းရေးဖော်ဆောင်ရေးအကျိုးတော်ဆောင်များ၊ မြို့မိမြို့ဖများနှင့် အလှူရှင်များ၊ ပြည်နယ်အတွင်းရှိ ဇုန်နယ်များမှ ယဉ်ကျေးမှုကိုယ်စားလှယ်များ၊ မျိုးနွယ်စုအသီးသီးမှ တိုင်းရင်းသားရိုးရာအကအဖွဲ့ဝင်များ၊ ကချင်၊ ရှမ်း၊ ကဒူး၊ ကနန်း၊ နာဂ တိုင်းရင်းသားပေါင်းစုံ မျိုးနွယ်စု စာပေယဉ်ကျေးမှု အဖွဲ့ဝင်များ၊ နယ်စပ်ဒေသနှင့် နိုင်ငံအနှံ့ရှိတိုင်းရင်းသားများနှင့် တက္ကသိုလ်ကျောင်းသား ကျောင်းသူများ စုပေါင်းပါဝင်ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

မနောပွဲတော်ကို ကချင်တိုင်းရင်းသား ရိုးရာယဉ်ကျေးမှုဓလေ့ဖြင့် ဆုတောင်းဝတ်ပြု ဖွင့်လှစ်မည်ဖြစ်ကြောင်းနှင့် ပွဲတော်တွင် ကုမ္ပဏီများ၏ ကုန်စည်အမျိုးမျိုး အရောင်းဆိုင်များပါဝင်မည့် ဈေးရောင်းပွဲတော်၊ အစားအသောက်ဆိုင်များ၊ မနောကွင်းမလိခူးစင်မြင့်၌ စင်တင်တေးဂီတနှင့် ရိုးရာသီချင်းဆိုပြိုင်ပွဲများ၊ ကချင်ရိုးရာ ဂျပ်ခုတ်ပညာပြိုင်ပွဲ၊ မနောမောင်နှင့် မနောမယ်ပြိုင်ပွဲ၊ စာပေယဉ်ကျေးမှုပြိုင်ပွဲနှင့် ဝတ္ထု၊ ဆောင်းပါး၊ ကဗျာများ ဆုပေးပွဲနှင့် ပဒေသာအက အစီအစဉ်များ စုံလင်စွာပါဝင်မည်ဟု သိရသည်။ **မိုးအောင်(ကချင်မြေ)**



# ငါးပိ၊ ငါးခြောက်များ ပြည်ပတင်ပို့နိုင်ရန် ငါးလုပ်ငန်းအဖွဲ့ချုပ်က ထောက်ခံချက်ထုတ်ပေးမည်

**ရန်ကုန် ဒီဇင်ဘာ ၂၈**

ဧရာဝတီတိုင်းဒေသကြီးမှ အဓိကထွက်ရှိသည့် ငါးပိ၊ ငါးခြောက်နှင့် ငံပြာရည်တို့ကို ပြည်တွင်းဈေးကွက်သာမက ပြည်ပနိုင်ငံများအထိ တင်ပို့သွားနိုင်ရန် မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ်မှ စစ်ဆေးပြီး ထောက်ခံချက်များ ထုတ်ပေးသွားမည်ဖြစ် ကြောင်း သိရသည်။

"အရောအနှောကင်းပြီး အရည်အသွေးအာမခံထုတ်လုပ်ဖို့လိုပါတယ်။ ပြည်တွင်းဈေးကွက်သာမက ပြည်ပဈေးကွက်အထိ မျှော်မှန်းပြီး အရည်အသွေးမြင့်မားတဲ့ ထုတ်ကုန်ပစ္စည်းအဖြစ် ထုတ်လုပ်သွားဖို့ လိုပါတယ်။ ဒီလိုအရည်အသွေးကောင်းမွန်တဲ့ ရေထွက်ပစ္စည်းထုတ်ကုန်တွေကို ပြည်သူများ ယုံကြည်စွာစားသုံးဖို့ ထောက်ခံချက်တွေ ထုတ်ပေးရန်မှာဖြစ်ပါတယ်"ဟု မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ်မှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

လွန်ခဲ့သည့် လများက ငါးပိဈေးကွက်အတွင်း ဝိသမလောဘသားများ၏ မမှန်မကန်လုပ်ဆောင်မှုများကြောင့် ငါးပိဈေးကွက်ပျက်ခဲ့ရပြီး ငါးပိထုတ်လုပ်သူ လုပ်ငန်းရှင်များ စီးပွားရေးထိခိုက်မှုရှိခဲ့သည်။ ယင်းကဲ့သို့ ဈေးကွက်ထိခိုက်မှု မရှိစေရေးအတွက် ကာကွယ်ပေးသည့်အနေဖြင့် ငါးပိ၊ ငါးခြောက်နှင့် ငံပြာရည်ထုတ်ကုန်ပစ္စည်းများကို အရည်အသွေးစစ်ဆေးပြီး အာမခံချက် ထောက်ခံချက်များထုတ်ပေးနိုင်ရန် မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ်အနေဖြင့် အစီအမံများ ချမှတ်ဆောင်ရွက်လျက်ရှိသည်။

ငါးပိ၊ ငါးခြောက်စားသုံးမှုကို မြန်မာနိုင်ငံမှာသာမက အာဆီယံဒေသတွင်းနှင့် အိမ်နီးချင်းနိုင်ငံများ၌လည်း စားသုံးမှုမြင့်မားနေသည့်အတွက် အရည်အသွေးမီထုတ်လုပ်၍ ပြည်ပနိုင်ငံများသို့ တင်ပို့လျက်ရှိရာ မြန်မာနိုင်ငံမှ ငါးပိ၊ ငါးခြောက်ထုတ်ကုန်များ အရည်အသွေးမီထုတ်လုပ်တင်ပို့နိုင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိသည်။ **မောင်နွေသစ်**

# အထူးကုဆရာဝန်ကြီးများ ပေါက်မြို့နယ်သို့ ကွင်းဆင်းကုသ

**ပေါက် ဒီဇင်ဘာ ၂၈**

ပခုက္ကူမြို့ အထွေထွေရောဂါကုဆေးရုံကြီးမှ ဆေးရုံအုပ်ကြီးနှင့် အထူးကုဆရာဝန်ကြီးများ၊ ကျန်းမာရေးဝန်ထမ်းများပါဝင်သောအဖွဲ့သည် ပခုက္ကူခရိုင် ပေါက်မြို့နယ် ရေပြာကျေးရွာတွင် ကျန်းမာရေးပညာပေးဟောပြောခြင်းနှင့် အခမဲ့ဆေးဝါးကုသခြင်းများကို ဒီဇင်ဘာ ၂၃ ရက်က ကွင်းဆင်းဆောင်ရွက်ခဲ့သည်။

ပခုက္ကူမြို့ အထွေထွေရောဂါကုဆေးရုံကြီးမှ ဆေးရုံအုပ်ကြီး ဒေါက်တာခင်မေသွင်ဦးဆောင်၍ အထွေထွေရောဂါ၊ ခွဲစိတ်အထူးကု၊ သားဖွားနှင့်မီးယပ်၊ အရိုး၊ နား၊ နှာခေါင်း လည်ချောင်း၊ မျက်စိ၊ သွားနှင့် ခံတွင်းအထူးကုသမားတော်ကြီးများနှင့် ကျန်းမာရေးဝန်ထမ်းများက ဒေသခံပြည်သူ ၇၃၄ ဦးကို အခမဲ့ ကျန်းမာရေးစစ်ဆေးမှုနှင့် ဆေးဝါးကုသပေးမှုများ ဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။

ကျန်းမာရေးပညာပေးဟောပြောပွဲတွင် ဆေးရုံအုပ်ကြီးနှင့် ခရိုင်မိခင်နှင့် ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်ဝေဝေနိုင်တို့က ကျန်းမာရေးဆိုင်ရာ သတိပြုဖွယ်ရာများကို ဟောပြောခဲ့ပြီး ဟောပြောပွဲနှင့် ဆေးကုသပေးမှုဆောင်ရွက်ရာသို့ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်များ၊ မြို့နယ်အုပ်ချုပ်ရေးမှူးဦးခင်မောင်စိုးနှင့် ကျန်းမာရေးဦးစီးဌာနမှ တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များ တက်ရောက်ခဲ့ကြသည်။ **ဖေထွဏ်းဇော်(ရေစကြို)**

# ပြည်သူဗဟိုပြုရဲလုပ်ငန်းနှင့် မူခင်းကျဆင်းရေး ဆွေးနွေး

**သာစည် ဒီဇင်ဘာ ၂၈**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် သာစည်မြို့နယ်အတွင်း မှုခင်းကျဆင်းရေးနှင့် ပြည်သူဗဟိုပြုရဲလုပ်ငန်းဆိုင်ရာများ ဆွေးနွေးပွဲကို မြို့မရဲစခန်း မာန်အောင်ရတနာဘုရားဓမ္မာရုံ၌ ဒီဇင်ဘာ ၂၄ရက်က ကျင်းပသည်။

ဆွေးနွေးပွဲတွင် မြို့နယ်ပြည်သူ့ရဲတပ်ဖွဲ့မှူး ရဲမှူးဝင်းထွဋ်နှင့် ဒုတိယရဲမှူးဝင်းမြင့်တို့က မြို့နယ်အတွင်း မှုခင်းကျဆင်းရေး၊ မူးယစ်ဆေးဝါးကာကွယ်တားဆီးနှိမ်နင်းရေး၊ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း လိုက်နာဆောင်ရွက်ရေးတို့အတွက် ပြည်သူ့ရဲတပ်ဖွဲ့က ဆောင်ရွက်နေမှုများနှင့် ဆယ်အိမ်စုမှူးများ၊ ရပ်ကွက်ဖွံ့ဖြိုးတိုးတက်မှု အထောက်အကူပြုအဖွဲ့ဝင်များနှင့် လူမှုရေးအသင်းအဖွဲ့များက ရပ်ရွာတရားဥပဒေစိုးမိုးရေး၊ ပြည်သူများအေးချမ်းသာယာစွာ နေထိုင်နိုင်ရေးနှင့် မူးယစ်ဆေးဝါးကင်းစင်ရေးတို့အတွက် ပြည်သူ့ရဲတပ်ဖွဲ့နှင့်အတူ ပူးပေါင်းကူညီဆောင်ရွက်ပေးကြရန် ရှင်းလင်းပြောကြားခဲ့ပြီး တက်ရောက်လာသူများက အကြံပြုဆွေးနွေးခဲ့ကြောင်း သိရသည်။ **မောင်ကို(သာစည်)**

# သံဃာတော်များအတွက် ခရစ်ယာန်သာသနာအဖွဲ့က လှူဒါန်း

**ရန်ကုန် ဒီဇင်ဘာ ၂၈**

ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာမြို့နယ်အတွင်းရှိ သံဃာတော်နှင့် သီလရှင်များအတွက် မရမ်းကုန်းမြို့နယ် ကိုးမိုင်မှ ကရုဏာရောင်ခြည်ဆယ်ဖြာခရစ်ယာန်သာသနာအဖွဲ့က ငွေကျပ်သိန်း ၈၀ ကျော်တန်ဖိုးရှိ အလှူပစ္စည်းများကို လှိုင်သာယာမြို့နယ် အမှတ်(၈)ရပ်ကွက်ရှိ မိုးကုတ်ဝိပဿနာဓမ္မရိပ်သာအဖွဲ့ခွဲ (၅၁၀) သို့ ဒီဇင်ဘာ ၂၂ ရက်က လှူဒါန်းခဲ့ကြောင်း သိရသည်။

လှိုင်သာယာမြို့နယ်အတွင်းရှိ ဘုန်းတော်ကြီးကျောင်း ၁၂၄ ကျောင်းနှင့် သီလရှင်ကျောင်း ခြောက်ကျောင်းမှ သံဃာနှင့် သီလရှင်အပါး ၄၂၀၀ ကျော်အတွက် မျက်နှာသုတ်ပဝါ၊ ဆပ်ပြာ၊ သွားတိုက်ဆေး၊ သွားတိုက်တံ၊ ဗလာစာအုပ်၊ ဘောပင်နှင့် ကော်ဖီမစ်ထုပ်များကို ကရုဏာရောင်ခြည်ဆယ်ဖြာခရစ်ယာန်သာသနာအဖွဲ့က လှိုင်သာယာမြို့နယ် ဘာသာပေါင်းစုံ ချစ်ကြည်ညီညွတ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးလွင်နှင့် အတွင်းရေးမှူး ဦးစောကာလေးတို့ထံ ပေးအပ်လှူဒါန်းခဲ့ခြင်းဖြစ်ပြီး မြို့နယ်အတွင်းရှိ သံဃာတော်နှင့် သီလရှင်များထံ တစ်ဆက်တည်း ဆက်ကပ်လှူဒါန်းခဲ့ကြောင်း သိရသည်။ **သန်းထိုက်(လှိုင်သာယာ)**


## ပို့ဆောင်ရေးဝန်ကြီးဌာန
## မြန်မာ့ဆိပ်ကမ်းအာဏာပိုင်
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်၊ စက်မှုအင်ဂျင်နီယာဌာနတွင် အောက်ဖော်ပြပါလုပ်ငန်းများ ဆောင်ရွက်ခြင်းအတွက် တင်ဒါပေးသွင်းရန် ဖိတ်ခေါ်ပါသည်။

| စဉ် | လုပ်ငန်းအကြောင်းအရာ | အရေအတွက် |
|---|---|---|
| (က) | မေခလာရေယာဉ် လွှန်းတင်ပြုပြင်ခြင်းလုပ်ငန်း | 1-Lot |

**တင်ဒါပိတ်ရက်နှင့်အချိန်** - ၉-၁-၂၀၁၅ရက်၊ ၁၂း၀၀နာရီ

၂။ တင်ဒါပုံစံများကို ၂၉-၁၂-၂၀၁၄ရက်မှစ၍ ရုံးချိန်အတွင်း ဝယ်ယူနိုင်ကြောင်းနှင့် အသေးစိတ်အချက်အလက်များကို စီမံရေးနှင့် လုပ်ငန်းဌာနခွဲ ဖုန်း-၀၁-၈၆၁၀၂၂၅ သို့ ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။ တင်ဒါပုံစံတရားဝင်ဝယ်ယူထားသူများထံမှ တင်ဒါကိုသာ လက်ခံပါမည်။

စီမံရေးနှင့် လုပ်ငန်းဌာနခွဲ
သိမ်ဖြူသင်္ဘောကျင်းဝင်း
အမှတ် (၅၅၇/၅၅၉)၊ ကမ်းနားလမ်း၊
ဆိပ်ကမ်းမြို့နယ်၊ ရန်ကုန်မြို့

**စက်မှုအင်ဂျင်နီယာဌာန**
**မြန်မာ့ဆိပ်ကမ်းအာဏာပိုင်**

## အမွေပြတ်စွန့်လွှတ်ခြင်း

တောင်ငူမြို့၊ ၁၅/၁၄၃၊ (၆)လမ်း အတူနေမြေးဖြစ်သူ မောင်ချမ်းသာ ၇/တငန(နိုင်) ၁၄၁၀၉၀သည် အဘိုးအဘွားနှင့် မိသားစု၏ဆိုဆုံးမမှုကို နာခံခြင်းမရှိသည့်အတွက် အမွေပြတ်စွန့်လွှတ်လိုက်သည်။ နောက်နောင် ၄င်းနှင့်ပတ်သက်သမျှ တာဝန်ယူမည်မဟုတ်ပါ။ **(စုံစမ်းမေးမြန်းခြင်းသည်းခံပါ)**

**အဘိုးအဘွားနှင့် မိသားစုဝင်များ**

## ပြည်သူ့ကျန်းမာရေးတက္ကသိုလ်၊ ရန်ကုန်
## သတ္တမအကြိမ် ဘွဲ့နှင်းသဘင်

ပြည်သူ့ကျန်းမာရေးတက္ကသိုလ်၊ ရန်ကုန်၏ သတ္တမအကြိမ် ဘွဲ့နှင်းသဘင် အခမ်းအနားကို ၁၁-၂-၂၀၁၅ ရက်(ဗုဒ္ဓဟူးနေ့)နံနက်ပိုင်းတွင်လည်းကောင်း၊ အစမ်းလေ့ကျင့်ခြင်းကို ၁၀-၂-၂၀၁၅ ရက်(အင်္ဂါနေ့) နံနက်ပိုင်းတွင်လည်းကောင်း၊ ရန်ကုန်တက္ကသိုလ်၊ ဘွဲ့နှင်းသဘင်ခန်းမ၌ ကျင်းပပြုလုပ်မည်ဖြစ်ပါသဖြင့် အောက်ဖော်ပြပါ သင်တန်းများ၏ ဘွဲ့ရအောင်စာရင်းထုတ်ပြန်ပြီးသူများသည် ဘွဲ့နှင်းသဘင် တက်ရောက်ရန် ဤတက္ကသိုလ်တွင် လျှောက်ထားရမည်။

၁။ ပါရဂူဘွဲ့(ပြည်သူ့ကျန်းမာရေး) (၁၂/၂၀၀၉) သင်တန်းဘွဲ့ရအောင်စာရင်း ထုတ်ပြန်ပြီးသူ။
၂။ ပြည်သူ့ကျန်းမာရေး မဟာဘွဲ့ (၁/၂၀၁၄) သင်တန်း ဘွဲ့ရအောင်စာရင်း ထုတ်ပြန်ပြီးသူများ။
၃။ ဆေးရုံအုပ်ချုပ်မှုပညာဒီပလိုမာ (၁/၂၀၁၄) သင်တန်း ဘွဲ့ရအောင်စာရင်း ထုတ်ပြန်ပြီးသူများ။
၄။ ဆေးပညာသင်ကြားရေးဒီပလိုမာ (၂/၂၀၁၄) သင်တန်း ဘွဲ့ရအောင်စာရင်း ထုတ်ပြန်ပြီးသူများ။

ဘွဲ့နှင်းသဘင်တက်ရောက်ဘွဲ့ယူလိုသူများသည် ဘွဲ့နှင်းသဘင်ကြေး(၁၅၀၀ိ/)ကျပ်နှင့် အဝေးရောက်ဘွဲ့ယူလိုသူများသည် အဝေးရောက် ဘွဲ့နှင်းသဘင်ကြေး (၁၀၀ဝိ/-)ကို ပေးသွင်းရမည်။ သတ်မှတ်ထားသော လျှောက်လွှာတွင် ပြည့်စုံစွာဖြည့်စွက်လျက် လွန်ခဲ့သည့်သုံးလအတွင်း ရိုက်ကူးထားသော (တစ်လက်မခွဲ× နှစ်လက်မ)အရွယ်ရောင်စုံဓာတ်ပုံ(၅)ပုံနှင့်အတူ (၃၀-၁-၂၀၁၅)ရက် နောက်ဆုံးထား၍ ပြည်သူ့ကျန်းမာရေးတက္ကသိုလ်၊ ရန်ကုန်မော်ကွန်းထိန်းထံ လျှောက်ထားနိုင်သည်။ ဘွဲ့တက်ရောက်ယူမည့်သူများသည် အစမ်းလေ့ကျင့်ခြင်းကို မပျက်မကွက်တက်ရောက်ရမည်။ အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ပြည်သူ့ကျန်းမာရေးတက္ကသိုလ်၊ ရန်ကုန် မော်ကွန်းထိန်းရုံးခန်း(ဖုန်း-၀၁-၃၉၅၂၀၉)၊ စာမေးပွဲ/ဘွဲ့နှင်းသဘင်ဌာနစု (ဖုန်း-၀၁-၃၉၅၃၆၇၊ ၃၉၅၂၁၃)တို့သို့ ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

**ကြည်ကြည်မင်း**
**မော်ကွန်းထိန်း**
**ပြည်သူ့ကျန်းမာရေးတက္ကသိုလ်၊ ရန်ကုန်**

## သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန
## စက်မှုနှင့် သက်မွေးပညာဦးစီးဌာန
## နည်းပညာတက္ကသိုလ်(ပုသိမ်)
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန၊ စက်မှုနှင့်သက်မွေးပညာဦးစီးဌာန လက်အောက်ရှိ နည်းပညာတက္ကသိုလ်(ပုသိမ်)မှ လက်တွေ့ခန်း ခြောက်ခန်းအား ပျဉ်းကတိုးသားဖြင့် ကြမ်းခင်းခြင်းနှင့် Seminar ခန်းတစ်ခန်း အခန်းကန့်ခြင်းလုပ်ငန်းကို မြန်မာကျပ်ငွေဖြင့် လုပ်ငန်းအပ်နှံ ပြုပြင်ဆောင်ရွက်လိုပါ၍ အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ အိတ်ဖွင့်တင်ဒါပုံစံများနှင့် စည်းကမ်းချက်များကို ကြေညာသည့်ရက်မှစ၍ ရုံးချိန်အတွင်း နည်းပညာတက္ကသိုလ်(ပုသိမ်)တွင် လာရောက်ဝယ်ယူနိုင်ပြီး ၁၅-၁-၂၀၁၅ ရက် ၁၆း၀၀နာရီ နောက်ဆုံးထား၍ တင်ဒါတင်သွင်းရန်ဖြစ်ပါသည်။

၃။ အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ဖုန်း-၀၉-၅၂၀၂၉၆၇၊ ၀၄၂-၂၄၁၀၂၊ ၀၄၂-၂၅၂၅၅တို့သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**တင်ဒါစိစစ်ရွေးချယ်ရေးအဖွဲ့**
**နည်းပညာတက္ကသိုလ်(ပုသိမ်)**

## ပိုင်ရှင်ကိုယ်တိုင်ရောင်းမည်

HINO၊ ခြောက်ဘီး ခေါင်း+ ပေ ၄၀ နောက်တွဲ၊ 2F/----၊

**ဖုန်း-၀၉-၃၁၉၀၉၃၀၂**

## ဥယျာဉ်ခြံမြေရောင်းမည်

မှော်ဘီ၊ တိုက်ကြီးကြား၊ ပြည်ကားလမ်းမပေါ်၊ ဥယျာဉ်ခြံမြေ ၁၂ ဧက၊ ပုံစံ ၇ ကျပြီး ပိုင်ရှင်အမည်ပေါက် (ညှိနှိုင်းဈေး)၊ **ဖုန်း-၀၉-၄၂၁၁၃၆၂၇၂**

## ရောင်းမည်
## (အကျိုးဆောင်မလို)

၁။ အဆင့်မြင့်ပြင်ဆင်ပြီး ရေကျော်လမ်းမ ကွန်ဒို (၁၇၀၀ Sqft) ခုနစ်လွှာ + Penthouse ၊ ရွှေတိဂုံဘုရား View နှင့် နေရာအလွန်ကောင်း။
၂။ နှစ်ထပ်ခွဲ RC နှင့် မြေ၊ သစ္စာလမ်းသွယ်၊ ရန်ကင်း၊ (3285 Sqft)၊ ပြင်ဆင်ပြီး။
၃။ အရှေ့ဒဂုံ ပေ (၄၀×၆၀)၊ ၁၃၂ ရပ်ကွက်၊ အင်းဝလမ်းကျောကပ်၊ ဖုန်း- ၀၉-၅၁၉၇၁၃၃၊ ၀၉-၅၁၇၃၀၈၆။

ပြည်တွင်းသတင်းနှင့်ဆောင်းပါး

# လွတ်လပ်ရေးနေ့အထိမ်းအမှတ် သဲသောင်ပြင်ဘောလုံးပြိုင်ပွဲ ကျင်းပ

**မော်လမြိုင် ဒီဇင်ဘာ ၂၈**

(၆၇)နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ်အဖြစ် မွန်ပြည်နယ် အား/ကာကော်မတီနှင့် မွန်ပြည်နယ် မူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်း(MANA) တို့က ကြီးမှူး၍ အသက် ၁၅ နှစ်အောက် ဖိတ်ခေါ်သဲသောင်ပြင်ဘောလုံးပြိုင်ပွဲဖွင့်ပွဲကို မော်လမြိုင်မြို့ ကမ်းနားလမ်းရှိ သဲသောင်ပြင်၌ ဒီဇင်ဘာ ၂၅ ရက်က ကျင်းပခဲ့ကြောင်း သိရသည် ။

ဖွင့်ပွဲသို့ မွန်ပြည်နယ်အစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးအုန်းမြင့် တက်ရောက်ဖွင့်လှစ်ပေးခဲ့ပြီး ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်အဆင့် ဌာနဆိုင်ရာများ၊ မွန်ပြည်နယ် မူးယစ်ဆေးဝါး ဆန့်ကျင်ရေးအသင်း (MANA) မှ တာဝန်ရှိသူများနှင့် ဘောလုံးအားကစားဝါသနာရှင်များ တက်ရောက်ခဲ့ကြသည်။

ဖိတ်ခေါ်သဲသောင်ပြင် ဘောလုံးပြိုင်ပွဲသို့ မွန်ပြည်နယ် ၁၀ မြို့နယ်မှ အသင်းပေါင်း ၂၁ သင်း ပါဝင်ယှဉ်ပြိုင်လျက်ရှိပြီး ဒီဇင်ဘာ ၂၅ ရက်မှ ဇန်နဝါရီ ၄ ရက်အထိ ကျင်းပသွားမည်ဖြစ်သည်။ ပြိုင်ပွဲကို တစ်ရက်လျှင် နှစ်ပွဲယှဉ်ပြိုင်ကစားမည်ဖြစ်ကာ ဒီဇင်ဘာ ၂၈ ရက်နှင့် ၂၉ ရက်တို့တွင် တစ်ရက်လျှင်သုံးပွဲစီ ယှဉ်ပြိုင်ကစားသွားမည်ဖြစ်ကြောင်းနှင့် ပြိုင်ပွဲတွင် ဆုရရှိသည့် အသင်းများအား ဇန်နဝါရီ ၄ ရက် လွတ်လပ်ရေးနေ့အခမ်းအနားတွင် ဆုများပေးအပ်ချီးမြှင့်သွားမည်ဖြစ်ကြောင်း ပြိုင်ပွဲကျင်းပရေးကော်မတီမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

ဒီဇင်ဘာ ၂၅ ရက်က ကျင်းပသော ပြိုင်ပွဲအဖွင့်ပွဲစဉ်တွင် သံလွင် (က) အသင်းနှင့် မော်လမြိုင်စီးတီးဘောလုံးအသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ကြပြီး သံလွင်(က) အသင်းက ၈-၃ ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။ **(ပြည်နယ် ပြန်/ဆက်)**

# ကြက်ငှက်တုပ်ကွေးဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲကျင်းပ

**မြင်းခြံ ဒီဇင်ဘာ ၂၈**

မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန၊ USAID နှင့် Prevent Australian Aid တို့၏ထောက်ပံ့မှုဖြင့် ကြက်ငှက်တုပ်ကွေး၊ ကမ္ဘာ့တုပ်ကွေးကပ်ရောဂါတို့နှင့် ပတ်သက်သည့် အလုပ်ရုံဆွေးနွေးပွဲကို မြင်းခြံမြို့၌ ဒီဇင်ဘာ ၂၄ ရက်က ကျင်းပသည်။

အလုပ်ရုံဆွေးနွေးပွဲတွင် မြင်းခြံခရိုင် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ ခရိုင်ဦးစီးမှူး ဒေါက်တာသိန်းမင်းက အမှာစကားပြောကြားပြီး Prevent Myanmar မှ Country Coordinator ဒေါက်တာဝါဝါဟန်က အလုပ်ရုံဆွေးနွေးပွဲကျင်းပရခြင်းကို ရှင်းလင်းပြောကြားသည်။ ထို့နောက် အလုပ်ရုံဆွေးနွေးပွဲသို့ တက်ရောက်လာကြသည့် မြို့နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူ ၁၇ ဦး နှင့် Prevent Myanmar မှ တာဝန်ရှိသူများက H5N1နှင့် H7N9 ရောဂါများအကြောင်း၊ ဇီဝလုံခြုံရေးဆိုင်ရာပုံစံအကြောင်း၊ ကြက်ငှက်တုပ်ကွေးနှင့် ကမ္ဘာ့တုပ်ကွေးကပ်ရောဂါကို ကာကွယ်ထိန်းချုပ်ရေးတွင် ဒေသအာဏာပိုင်များ၏အခန်းကဏ္ဍနှင့် လူမှုဆက်ဆံရေးနည်းပညာစွမ်းရည်များအကြောင်း စသည့်ကဏ္ဍများကို ဆွေးနွေးခဲ့ကြကြောင်း သိရသည်။ **ဇော်မင်းနိုင်(မြင်းခြံ)**

# အရည်အသွေးမြင့် ရော်ဘာပြားထုတ်လုပ်ခြင်း လက်တွေ့သရုပ်ပြ

**သံဖြူဇရပ် ဒီဇင်ဘာ ၂၈**

ရော်ဘာစိုက်ပျိုးသူ တောင်သူများ၏ ရော်ဘာထုတ်လုပ်မှုအရည်အသွေး တိုးတက်မြင့်မားရေးအတွက် အရည်အသွေးမြင့် ရော်ဘာပြားထုတ်လုပ်ခြင်းလုပ်ငန်းအဆင့်ဆင့် ဆွေးနွေးခြင်းနှင့် လက်တွေ့သရုပ်ပြခြင်းကို သံဖြူဇရပ်မြို့နယ် စက်မှုသီးနှံဖွံ့ဖြိုးရေးဦးစီးဌာနက ကြီးမှူး၍ ကျုံကဒတ်ကျေးရွာရှိ BRGT ရော်ဘာစိုက်ပျိုးရေးကုမ္ပဏီဝင်းအတွင်း၌ ဒီဇင်ဘာ ၂၄ ရက်က ကျင်းပသည်။

ဆွေးနွေးပွဲတွင် စက်မှုသီးနှံဖွံ့ဖြိုးရေးဦးစီးဌာန မော်လမြိုင်ခရိုင်ဦးစီးအရာရှိ ဒေါ်ဌေးဌေးစန်း၊ မြို့နယ်ရော်ဘာစိုက်ပျိုးထုတ်လုပ်သူများအသင်း ဥက္ကဌ ဦးကျင်အိမ်နှင့် မြို့နယ်ဦးစီးမှူး ဒေါ်မို့မို့ခင်တို့က အရည်အသွေးမြင့် ရော်ဘာထုတ်လုပ်ခြင်းနှင့် ဈေးကွက်အလားအလာများကို တောင်သူများအား အသိပေးဆွေးနွေးသည်။ ထို့နောက် ရော်ဘာစိုက်တောင်သူ ၄၀ က BRGT ရော်ဘာစိုက်ပျိုးရေးကုမ္ပဏီ၏ စက်ရုံအတွင်း အရည်အသွေးမြင့် ရော်ဘာပြား ထုတ်လုပ်မှုအဆင့်ဆင့်ကို ကြည့်ရှုလေ့လာခဲ့ကြသည်။ **ကျော်ဝင်း(iprd)**

# မန်းယာဉ်ထိန်းရဲတပ်ဖွဲ့ မှပြည်သူများ ဆက်သွယ်နိုင်ရန် Hot Lines ဖုန်းနံပါတ်များ သတ်မှတ်အသိပေး

**မန္တလေး ဒီဇင်ဘာ ၂၈**

မန္တလေးတိုင်းဒေသကြီး အမှတ်(၁၁) ယာဉ်ထိန်းရဲ ဒုတပ်ဖွဲ့ခွဲမှ ပြည်သူများဆက်သွယ်အကြောင်းကြားသတင်းပေးပို့ခြင်းဖြင့် ယာဉ်စည်းကမ်းထိန်းသိမ်းရေးလုပ်ငန်းများ ပိုမိုတွင်ကျယ်စွာ ဆောင်ရွက်နိုင်ရန် Hot Lines ဖုန်းနံပါတ်များ သတ်မှတ်ပြီး အသိပေးဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

